The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL. 20, NO. 29 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 7, 2020

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ခြင်း တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၁၈ ➢



## ၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ်သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်

စာမျက်နှာ - ၁၁ ➢

## ၁၇၊ ကမာ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သင့်

စာမျက်နှာ - ၁၂ ➢

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တတိယအကြိမ် မြန်မာ-ဂျပန်စင်တာ ပူးတွဲကြီးကြပ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢





ကောမတ်စ်ပုံနှိပ်လုပ်ငန်း
အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။
Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal
No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:
Ph:09 43034879, 09 795679800, 09 420119709



NGWE YI PA LÈ
SUGAR CO., LTD.
SINN SHWE LI
WHITE SUGAR
No.414/1, Corner of 35th & 65th Street, Chan Aye Thar Zan Tsp, Mandalay, Myanmar.
Ph : 02-4071003, 09-444041138, 09-974493999, 09-952000870, 09-961008838



MAX CEMENT
မက်စ်ဘိလပ်မြေ
マックスセメント
PORTLAND CEMENT
MAX CEMENT
SALES HOTLINE
09 770 770 770
www.maxcement.com
maxcementmyanmar



ငြိမ်းချမ်းရေး အရောက်ပို့ဝန်ဆောင်မှုလုပ်ငန်း
ဂက်(စ်)၊ ဂက်(စ်)မီးဖို နှင့် ဂက်(စ်) အပိုပစ္စည်းရောင်းဝယ်ရေး
Rinnai
အမှတ်(၁၃၃၈၊ ၁၃၃၉) မင်းရဲကျောင်းပုံလမ်းနှင့်ရတနာလမ်းထောင့်(၅၅)
ရပ်ကွက်၊ တောင်ဒဂုံ။
Ph : 09-440335665, 09-425845354 Email : ncyn5415@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Saurabh Kumar အား လက်ခံတွေ့ဆုံ



ဩဂုတ် ၃၁ ရက် နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Saurabh Kumar အား ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် သတ္တမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေး (Joint Trade Committee) ကျင်းပနိုင်ရေး၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေး၊ အိန္ဒိယနိုင်ငံသို့ ပဲအမယ်မျိုးစုံ တိုးမြှင့်တင်ပို့နိုင်ရေး၊ ဒေသတွင်း သဘောတူညီချက်များဖြစ်သည့် Regional Comprehensive Economic Partnership (RCEP) နှင့် ASEAN- India Free Trade Agreement တို့တွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံကုန်သွယ်မှုတွင် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Country of Origin-CO) အား Electronic Certificate ဖြင့် လက်ခံဆောင်ရွက်နိုင်ရေး၊ မိုရေး-တမူး ကုန်သွယ်ရေးလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တမူးနယ်စပ်ကုန်သွယ်မှုဇုန် တိုးချဲ့တည်ဆောက်နေမှုအခြေအနေများ၊ အစိုးရအချင်းချင်း သာမက ပုဂ္ဂလိကကဏ္ဍတွင်လည်း ကုန်သည် အသင်းအဖွဲ့များအကြား အပြန်အလှန် အတွေ့အကြုံဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် COVID-19 အလွန်ကာလတွင် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တတိယအကြိမ် မြန်မာ-ဂျပန်စင်တာ ပူးတွဲကြီးကြပ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား




ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန တိုးချဲ့အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ပြုလုပ်သည့် မြန်မာ-ဂျပန်စင်တာ၏ Phase (II) Project အတွက် တတိယအကြိမ် ပူးတွဲကြီးကြပ်ရေးကော်မတီ (JCC) ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အစည်းအဝေးတွင် မြန်မာ-ဂျပန်စင်တာ ပူးတွဲကြီးကြပ်ရေးကော်မတီ (JCC) ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာ-ဂျပန်စင်တာအား ကမ္ဘာ့ဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်သော စွမ်းဆောင်ရည်မြင့်မားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ မွေးထုတ်ပေးနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များအတွက် အထွေထွေစီးပွားရေးဆိုင်ရာသင်တန်း၊ စီမံခန့်ခွဲမှုသင်တန်းများ၊ ဆွေးနွေးပွဲများကို ရန်ကုန်မြို့တွင်သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ အောင်မြင်စွာ ပို့ချပေးလျက်ရှိကြောင်း၊ ထို့ပြင် COVID-19 ကာလအတွင်း သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ပိုမိုအကျိုးရှိစေမည့် သင်တန်းများကို ပိုမိုဆန်းသစ်သော နည်းလမ်းများဖြင့် တိုးချဲ့ဆောင်ရွက်သွားကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များကို လိုက်နာ၍ Business Matching များနှင့် Business Consultation သင်တန်းများကို ဖွင့်လှစ်သွားကြရန်၊ နောင်လာမည့် နှစ်များတွင်လည်း မြန်မာ-ဂျပန်စင်တာ၏ လုပ်ဆောင်ချက်များကို တိုးမြှင့်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ JICA Myanmar မှ Senior Representative နှင့် မြန်မာ-ဂျပန်စင်တာမှ ဒါရိုက်တာတို့က အမှာစကားများ အသီးသီးပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာ-ဂျပန်စင်တာ၏ ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI ဥက္ကဋ္ဌ၊ JICA Myanmar မှ တာဝန်ရှိသူများနှင့် Myanmar-Japan Center မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်သူရ
ဦးဦးဟန်
မျိုးသူ

**စာတည်းမှူးချုပ်**
မင်းအောင်အေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ အေးအေးသန့်၊
သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၄၄၈ ၀၄၇၁၃၂)
မြင့်ဇင်ညွန့် (၀၉ ၇၃၀ ၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
ဒေါ်ဝင်းဝင်းစမ်း

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမွန်မွန်သူ၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တန်ချိန်သုံးသောင်းကျော် တင်ပို့

ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်တာကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၅၈ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ငါးထောင်ကျော် တင်ပို့ခဲ့သည်။ တင်ပို့မှုများအနေဖြင့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၅၀၀၀ ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၈၀ ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၄၀ ခန့်နှင့် မြဝတီကုန်သွယ်ရေးဇုန်မှ ကောက်ညှင်းဆန် ၆၄ တန် တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၁၅၀၀ကျော် ပိုမိုခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၃ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် လေးထောင်ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၃၄၀၀ ကျော် ချင်းရွှေဟော်စခန်းမှ ၇၅ တန်နှင့်မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၅၉၀ခန့် တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ် တင်ပို့နိုင်မှုနှင့်နှိုင်းယှဉ်လျှင် ဆန်ကွဲတန်ချိန် ၁၀၀၀ နီးပါး ပိုမိုခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၃ ရက်မှ ၂၉ရက်တာကာလအတွင်း ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၁၁ သန်းတန်ဖိုးရှိ ဆန်တန်ချိန် နှစ်သောင်းခန့် တင်ပို့နိုင်ကြောင်းသိရသည်။ တင်ပို့မှုများအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန်၁၄၀၀၀ ကျော်၊ အီးယူနိုင်ငံများသို့ ဆန်တန်ချိန် ၁၅၀၀ နီးပါးနှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၄၄၅၀ ခန့်တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၅၀၀ ခန့် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၉၇ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၈၆၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ တင်ပို့မှုများအနေဖြင့် အီးယူနိုင်ငံများသို့ ဆန်ကွဲ တန်ချိန် ၅၀၀၀ ခန့်၊ အာရှနိုင်ငံများသို့ ၃၄၀၀ နီးပါးနှင့်အာဖရိကနိုင်ငံ ဂူနီယာသို့ ဆန်ကွဲတန်ချိန် ၂၅၀ နီးပါး တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၀၀၀ ကျော် ပိုမိုခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းတန်ချိန် ၃၀၀၀၀ ကျော်တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၀၀၀ ကျော် ပိုမိုခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်၊ စပါးဈေးကွက် ဈေးအနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်၊ စပါးဈေးကွက် စက်တင်ဘာလပထမပတ်အတွင်း ဆန်၊ စပါးဈေးနှုန်း အပြောင်းအလဲဖြစ်လျက်ရှိကြောင်း တိုင်းဆန်၊စပါးသတင်းများအရ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခင်မိုးဧည့်စပါးမထစပါး ၄၆ ပေါင်တင်း ၁၀၀ကို ကျပ် ၆၂၀၀၀၀ မှ ယခု ကျပ် ၆၃၀၀၀၀၊ မြောင်းမြမြို့နယ်တွင် မိုးဧည့်မထ ၄၆ပေါင် တင်း ၁၀၀ ကို ကျပ် ၆၈၀၀၀၀ မှ ယခု ကျပ် ၆၉၀၀၀၀ နှင့် ဖျာပုံခရိုင်အတွင်းရှိမြို့နယ်များတွင် ယခင်မိုးဧည့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၆၀၀၀၀၀ ဝန်းကျင်မှ ယခု ကျပ် ၆၂၀၀၀၀ ဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ်သောင်းဂဏန်းမြင့်တက်လျက်ရှိကြောင်း ပုသိမ်၊ မြောင်းမြ၊ ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်အချို့တွင် စပါးလက်ကျန် နည်းလာခြင်း ဆန်စုဆောင်းမှုများရှိလာခြင်းတို့ကြောင့် စပါးဈေးနှုန်းမြင့်တက်ခဲ့ပြီး ဟင်္သာတခရိုင်တွင် ဆန်လက်ကျန်များရှိနေခြင်းကြောင့် ဧည့်မထဆန်ဈေးမှာ ယခင်တစ်အိတ်ကို ကျပ် ၂၅၀၀၀ မှ ယခု ကျပ် ၂၄၅၀၀/ ၂၄၀၀၀ ကျဆင်းလျက်ရှိပြီး ဆန်တစ်အိတ်ကို ကျပ် ၅၀၀/၁၀၀၀ခန့် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း တိုင်းဆန်/ စပါးသတင်းများအရသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ရခိုင်ပြည်နယ်သို့ အရေးပေါ် ရိက္ခာ ဆန်နှင့်ဆီများ ပို့ဆောင်

ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပေါ်နေသော COVID-19 ကူးစက်ပျံ့နှံ့မှုကြောင့် ရခိုင်ပြည်နယ်ရှိပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေး အရေးပေါ် ရိက္ခာဆန်နှင့်ဆီများကို ရေကြောင်းခရီးဖြင့်ပို့ဆောင်ရန် နိုင်ငံတော်အစိုး၏ လမ်းညွှန်မှုအရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ယူပို့ဆောင်ပေးရန် စီစဉ်နေကြောင်း သိရှိရသည်။ ထိုသို့ ပို့ဆောင်ရာတွင် လှိုင်မြို့နယ် ချောင်းဝဆိပ်ကမ်းမှMV ရွှေသီဖြိုး သင်္ဘောပေါ်သို့ အရေးပေါ်ရိက္ခာဆန်နှင့်ဆီများတင်ပို့ခြင်းကို ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ သင်္ဘောပေါ်သို့ ဆန်တန်ချိန် ၂၅၀ အိတ်ရေ ၅၀၀၀ ၊ ဆီတန်ချိန် ၂၅၀၊ ပိဿာ၁၀ ဝင် ပုံး/ဖာပေါင်း ၁၅၅၀၀တို့ကို တင်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် မိုးရာသီဖြစ်သည့် အားလျော်စွာ ရာသီဥတုအခြေအနေပေါ်မူတည်၍ အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်နေကြောင်းလည်း သိရသည်။

ထိုလုပ်ငန်းစဉ်များကို ဩဂုတ် ၂၆ ရက်မှစတင်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် MVရွှေသီဖြိုး သင်္ဘောသည် ရခိုင်ပြည်နယ်သို့ ရိက္ခာပို့ဆောင်ရေးခရီးစဉ်အား စတင်ခုတ်မောင်းနိုင်ခဲ့ကြောင်းနှင့် စက်တင်ဘာ ၂ ရက်တွင် စစ်တွေမြို့သို့ရောက်ရှိခဲ့ကြောင်း သိရှိရသည်။ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် နိုင်ငံတော်အရေးပေါ်ရိက္ခာဆန်နှင့်ဆီများ ဝယ်ယူ၊ သိုလှောင်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေကြောင်း၊အရေးပေါ် လိုအပ်လာပါက ပြည်နယ်နှင့်တိုင်းအသီးသီးသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ COVID-19 ကူးစက်ပြန့်ပွားမှုမဖြစ်မီတွင်တောင်သူလယ်သမားများအကျိုးစီးပွားကာကွယ်မြှင့်တင်ရေးနှင့်တောင်သူများ စိုက်ပျိုးထွက်ရှိချိန်တွင် ဈေးနှိမ်မခံရစေရေးတို့အတွက် စပါးများအား အခြေခံဈေးနှုန်း သတ်မှတ်ပေးခြင်း၊COVID-19ဖြစ်ပွားချိန်တွင် နိုင်ငံတော်အတွက် အရေးပေါ် လိုအပ်လာပါက ပြည်သူများ စားသုံးနိုင်ရန် အရေးပေါ်ရိက္ခာဆန်နှင့်ဆီများ ကြိုတင်စီမံ ဝယ်ယူထားနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ လိုအပ်ချိန်တွင် အရန်သင့် အရေးပေါ်ရိက္ခာများ စီမံပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**West DOCA (Ygn)**

# ပြည်မြို့ရှိ နွေစပါးဈေးနှုန်း ဈေးကွက်အခြေအနေ

ပဲခူးတိုင်းဒေသကြီး အနောက် ပြည်ခရိုင်တွင် ယခုနှစ်နွေစပါးစိုက်ဧကမှာ ၅၀၈၀၃ ဧက စိုက်ပျိုးပြီး ၅၀၈၀၃ ဧက ရိတ်သိမ်းနိုင်ခဲ့သည်။ အထွက်နှုန်းမှာ ၇၉ဒသမ ၂၉ တင်းထွက်ရှိပြီး အထွက်တင်းမှာ ၄၀၂၈၁၆၉ တင်း ထွက်ရှိသည်။ ယခင်နှစ်တွင် နွေစပါးစိုက်ဧကမှာ ၅၅၈၆၉ ဧကဖြစ်ပြီး အထွက်နှုန်းမှာ ၇၀ဒသမ ၂၅ တင်းထွက်ရှိပြီး အထွက်တင်းမှာ ၃၉၂၄၇၉၇ တင်း ထွက်ရှိခဲ့သည်။ ယခုတစ်ပတ်တွင် နွေစပါးဈေးမှာ၄၆ ပေါင် တင်း၁၀၀လျှင် ကျပ် ၆၅၀၀၀၀ရှိပြီး ယခင်နှစ်တွင် နွေစပါးဈေးမှာ ၄၆ ပေါင် တင်း ၁၀၀ လျှင်ကျပ် ၅၂၀၀၀၀ ဖြစ်ခဲ့၍ ယခင်နှစ်ထက်စာလျှင် ယခုနှစ်မှာ နွေစပါးဈေးမြင့်လာသည်။ ယခုနှစ် နွေစပါးစပေါ်ချိန်တွင် တင်း၁၀၀လျှင် ကျပ် ၅၃၀၀၀၀ဖြစ်ပြီး ယခုအချိန်တွင် နွေစပါးလည်းရှားလာကာ စပါးများလည်း ခြောက်သွေ့လာသည့်အတွက် ဈေးမြင့်လာခြင်းဖြစ်ကြောင်းသိရသည်။

**လွင်လွင်ဆန်း(ပြည်)**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၄-၉-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၄၁ | ၅၄၁ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၂၅ | ၅၂၅ | □ | ၄၈၅ | ၄၈၅ | □ | ၃၆၈ | ၃၆၈ | □ | ၃၉၃ | ၃၉၃ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၅၀၁ | ၅၀၁ | □ | ၄၆၃ | ၄၆၃ | □ | ၃၄၈ | ၃၄၈ | □ | ၃၄၈ | ၃၄၈ | □ |
| ပေါင်းဆန် | ၅၃၂ | ၅၃၂ | □ | - | - | - | ၃၈၃ | ၃၈၃ | □ | ၄၆၃ | ၄၆၃ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၄-၉-၂၀၂၀)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၅၀၀ | □ | ၂၅၀၀၀ | □ | ၈၀၀၀ | △ | ၃၈၀၀၀ | △ |
| ပုသိမ် | ၆၄၄၀ | □ | ၂၇၀၀၀ | △ | ၇၈၈၀ | △ | ၃၇၀၀၀ | △ |
| ပဲခူး | ၆၆၀၀ | △ | ၂၅၀၀၀ | □ | ၇၅၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၈၀၀၀ | □ | ၃၂၀၀၀ | □ | ၁၅၀၀၀ | △ | ၄၇၀၀၀ | △ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၅၀၀ | □ | ၄၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၂၀၀ | □ | ၃၀၀၀၀ | △ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၆၀၀ | □ | ၂၄၅၀၀ | △ | - | - | ၃၅၀၀၀ | △ |
| မန္တလေး | ၇၀၀၀ | □ | ၂၉၀၀၀ | □ | - | - | ၅၂၀၀၀ | △ |
| မကွေး | ၆၀၀၀ | □ | ၃၀၀၀၀ | △ | - | - | ၅၅၀၀၀ | △ |
| မော်လမြိုင် | ၅၉၀၀ | △ | ၂၈၀၀၀ | △ | ၈၅၀၀ | △ | ၃၆၅၀၀ | △ |
| လှိုင်ကော် | ၈၀၅၀ | □ | ၃၇၀၀၀ | □ | - | - | ၆၃၀၀၀ | □ |
| မြိတ် | ၆၈၀၀ | △ | ၂၈၀၀၀ | △ | - | - | ၃၉၅၀၀ | □ |
| ဘားအံ | ၇၅၀၀ | △ | ၂၅၀၀၀ | □ | - | - | ၃၂၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၈-၈-၂၀၂၀မှ ၃-၉-၂၀၂၀ရက်နေ့အထိ Online CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 640 | 40 | - | - | **4** | **684** |
| | Form AANZ | 12 | - | - | - | - | 12 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 128 | 4 | - | - | - | 132 |
| | Form AJ | 23 | 1 | - | - | - | 24 |
| | Form AK | 270 | 9 | - | - | - | 279 |
| | Form CHINA | - | - | - | - | - | - |
| | Form D | - | - | - | - | - | - |
| | Form DFTP | 7 | - | - | - | - | 7 |
| | Form E | 136 | 23 | - | - | 1 | 160 |
| | Form Korea | 15 | - | - | - | - | 15 |
| | E Form D | 241 | - | - | - | - | 241 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1472 | 77 | - | - | 5 | 1554 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၄-၉-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၈/၈ | ၄/၉ | ပြောင်းလဲမှု | ၂၈/၈ | ၄/၉ | ပြောင်းလဲမှု | ၂၈/၈ | ၄/၉ | ပြောင်းလဲမှု | ၂၈/၈ | ၄/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၅၂ | ၁၅၃၃ | ▼ | ၁၅၈၃ | ၁၅၈၃ | ■ | ၁၅၅၀ | ၁၄၅၀ | ▼ | ၁၅၇၅ | ၁၄၇၅ | ▼ |
| ပဲစင်းငုံ | ၁၃၃၀ | ၁၃၅၁ | ▲ | ၁၂၄၂ | ၁၂၈၃ | ▲ | ၁၂၉၀ | ၁၂၉၀ | ■ | ၁၂၇၅ | ၁၃၁၅ | ▲ |
| ပဲတီစိမ်း | ၁၉၀၀ | ၁၉၀၀ | ■ | ၂၀၀၉ | ၁၉၇၃ | ▼ | ၁၈၉၅ | ၁၈၉၅ | ■ | ၁၈၇၀ | ၁၈၇၀ | ■ |
| ကုလားပဲရိုးရိုး | ၁၆၈၀ | ၁၇၀၀ | ▲ | ၁၃၀၁ | ၁၃၃၆ | ▲ | ၁၂၇၄ | ၁၃၁၆ | ▲ | ၁၂၁၀ | ၁၃၂၅ | ▲ |
| ပဲလွန်းဖြူ | ၁၈၃၀ | ၁၈၃၀ | ■ | ၂၀၀၀ | - | - | - | - | - | - | - | - |
| ထောပတ်ပဲ | ၉၉၀ | ၉၉၀ | ■ | ၉၇၈ | ၉၅၁ | ▼ | ၈၆၈ | ၈၆၈ | ■ | ၉၂၀ | ၇၉၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၂.၈.၂၀၂၀)ထိ | ယခုတစ်ပတ် (၂၉.၈.၂၀၂၀)ထိ | (၁.၁.၂၀၂၀) မှ (၂၉.၈.၂၀၂၀) ထိ |
| မတ်ပဲ | ၄၁၈၇၆၀ | ၃၃၆၇ | ၄၂၂၁၂၇ |
| ပဲတီစိမ်း | ၂၀၉၂၅၅ | ၁၈၁၉ | ၂၁၁၀၇၄ |
| ပဲစင်းငုံ | ၂၁၄၈၈ | ၇၁၃ | ၂၂၂၀၁ |
| ကုလားပဲ | ၁၁၀၄၁ | ၁၅၂ | ၁၁၁၉၃ |
| ပဲလွန်းဖြူ | ၂၁၁၂၄ | ၁၆၉ | ၂၁၂၉၃ |
| မြေထောက်ပဲ | ၁၉၀၀၆ | ၈၇ | ၁၉၀၉၃ |

## ဟင်္သာတကုန်စည်ဒိုင်တွင် မတ်ပဲဈေး ဆက်လက်ကျဆင်းသော်လည်း အရောင်းအဝယ်ဖြစ်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတကုန်စည်ဒိုင်တွင် ဩဂုတ်လနောက်ဆုံးသီတင်းပတ်က တစ်တင်းလျှင် ကျပ် ၃၁၂၀၀ ဈေးပေါက်ခဲ့သော မတ်ပဲသည် စက်တင်ဘာ ၃ ရက်တွင် ကျပ်၃၀၉၀၀ ဈေးပေါက်ခဲ့ကာ ယခင်သီတင်းပတ်ထက်ကျပ်၃၀၀ ကျဆင်းခဲ့သော်လည်းအိတ် ၁၅၀၀ အရောင်းအဝယ် ဖြစ်ခဲ့သည်။ ပဲတီစိမ်း (ဆီပြောင်) နှင့်ပဲတီစိမ်း (ဝါးခယ်မ)မှာလည်း ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူကျပ် ၃၇၀၀၀ ဈေးပေါက်လျက်ရှိကာ ဈေးကွက်လက်ကျန်နည်းပြီး အရောင်းအဝယ်အေးလျက်ရှိသည်။ ပဲလွမ်းနီမှာအရည်အသွေးအလိုက်ကျပ် ၂၆၀၀၀ မှ ၂၉၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲပုပ်မှာတစ်တင်းလျှင်ကျပ် ၁၈၅၀၀ ဖြင့် ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ အစေ့ထုတ်ပြောင်း တစ်တင်းလျှင်ကျပ် ၁၁၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက်ကျပ် ၂၀၀ ကျဆင်းခဲ့သည်။ ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင်ကျပ်၁၀၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက်ကျပ်၃၀၀မြင့်တက်ခဲ့ကာဆန်ကွဲ(၁၊၂)၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၇၅၀၀ဖြင့်အရောင်းအဝယ်ဖြစ်ပြီးယခင်သီတင်းပတ်ထက်ကျပ်၅၀၀ ကျဆင်းခဲ့သည်။ဆန်ကွဲ (၂၊၃၊၄) ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ဖြင့် ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။ **မောင်မောင်မြတ်ခိုင်**

## ပြည်မြေပဲဆန် ဈေးအနည်းငယ် ပြန်ကျလာ

ပဲခူးတိုင်း(အနောက်) ပြည်ခရိုင်တွင် ယခုနှစ် မိုးမြေပဲစိုက်ဧကမှာ ၄၇၁၀၈ ဧကစိုက်ပျိုးပြီး ယနေ့အထိ ရိတ်ဧကမှာ၁၁၃၄၀ဧက ရိတ်သိမ်းပြီး အထွက်နှုန်းမှာ ၅၈ ဒသမ ၃၇ တင်း ထွက်ရှိကာ အထွက်တင်း ၆၆၁၈၈၂ တင်းထွက်ရှိသည်။ ယခင်နှစ်တွင် မိုးမြေပဲစိုက်ဧကမှာ ၄၈၉၁၉ ဧကစိုက်ပျိုးနိုင်ခဲ့၍ ယခင်နှစ်ထက်စာလျှင် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ မိုးမြေပဲများကို ရွှေတောင်၊ ပန်းတောင်းနှင့် သဲကုန်းဘက်မှ တစ်နေ့လျှင်အိတ် ၂၀၀-၃၀၀ခန့် အဝင်ရှိပြီး နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုအပတ် မြေပဲဆန်ဈေးမှာ ဆီဆန် အဖြူ အနီ တစ်ပိဿာလျှင် ကျပ်၂၆၀၀ဖြင့် ယခင်အပတ်အတိုင်း ဈေးငြိမ်နေသော်လည်း လုံးဆန်အဖြူ အနီဈေးမှာ တစ်ပိဿာလျှင်ကျပ်၂၉၂၅ ဖြင့် ယခင်အပတ်ထက် ဈေးကျလာသည်။ မိုးမြေပဲများလည်း ဈေးကွက်သို့ အနည်းငယ် ဝင်ရောက်ခြင်းနှင့် ဝယ်လက်နည်းနေသေးသောကြောင့် ဈေးအနည်းငယ် ကျလာခြင်းဖြစ်ကြောင်း သိရသည်။

**ဝေဝေမင်း(ပြည်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲတီစိမ်းသေး အရောင်းအဝယ်ဖြစ်နေ

ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံ၊ ကုလားပဲ၊ ထောပတ်ပဲဖြူ၊ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေး၊ နှမ်း၊ မြေပဲ၊ ပြောင်းဖူးစေ့နှင့် အခြားပဲမျိုးစုံ ဥပုသ်နေ့မှလွဲ၍ ပုံမှန် အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် အညာဒေသထွက် ပဲတစ်မျိုးဖြစ်သည့် ပဲတီစိမ်းသေးမှာ အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ်၏ ပဲတီစိမ်းဈေးမှာ တစ်တင်းလျှင် ကျပ် ၃၅၇၀၀ ဖြင့်အိတ် ၂၀၀၊ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၅၅၀၀ ဖြင့် အိတ် ၅၀၀၊ ကုလားပဲဝါ တစ်တင်းလျှင် ကျပ် ၂၄၄၀၀ ဖြင့် အိတ် ၃၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၈၀၀၀ ဖြင့် အိတ် ၅၀၊ နှမ်းဝါ(ယော)တစ်တင်းလျှင် ကျပ် ၃၂၂၀၀ ဖြင့် အိတ် ၇၀၊ ပဲဇီး ကွက်တစ်တင်းလျှင် ကျပ် ၁၉၀၀၀ ဖြင့်အိတ် ၅၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့်အိတ် ၁၀၀၊ ပြောင်းဖူးစေ့ (CP )တစ်တင်းလျှင် ကျပ် ၁၀၅၀၀ ဖြင့် အိတ် ၁၀၀၊ ထောပတ်ပဲဖြူတစ်တင်းလျှင်ကျပ် ၁၆၃၀၀ ဖြင့် အိတ် ၅၀ ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သိရှိရသည်။

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၂၈၀၀၀ မှ ၃၁၀၀၀ ကုလားပဲဝါ(HL)တစ်တင်းလျှင်ကျပ် ၂၄၀၀၀ ဖြင့်အိတ် ၃၀၀၊ ကုလားပဲဝါလုံးကြီး (929) တစ်တင်းလျှင် ကျပ် ၂၄၄၀၀ ဖြင့်အိတ် ၅၀၀၊ ပဲပုတ် တစ်တင်းလျှင် ၁၉၀၀၀ ကျပ်ပေါက်ဈေးဖြင့် ဥပုသ်နေ့မှလွဲ၍ ပုံမှန် အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှသိရသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ကျောက်ဆည်ခရိုင် ပဲစင်းငုံစိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ

ကျောက်ဆည်ခရိုင်အနေဖြင့် ပဲစင်းငုံ(မိုးဦး)ကို ၇၇၄၄ ဧကစိုက်ပျိုးပြီးကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရှိရသည်။

ပဲစင်းငုံကို နှမ်း၊ ဝါ၊ ပဲတီစိမ်း သီးနှံတို့နှင့် သီးညှပ်အဖြစ် အများဆုံး စိုက်ပျိုးပြီး သီးသန့်စိုက်ပျိုးမှုနည်းသော ကာလရှည် သီးနှံဖြစ်သည်။

တစ်ဧကလျှင် ပဲစင်းငုံမျိုး နှစ်ပြည်စိုက်ပျိုးပြီး သီးညှပ်အဖြစ် စိုက်ပျိုးပါက တစ်ပြည်သာသုံးစွဲကြောင်း၊ ပဲစင်းငုံမျိုး အနေဖြင့် ကြေးနီရောင် တစ်ဖက်လှဲမျိုး၊ ရွှေဝါလုံးသေးဒင်္ဂါး မျိုးများကိုသာ စိုက်ပျိုးကြောင်း၊ မျိုးကိုမိမိတို့ မျိုးချန်စနစ်ဖြင့် စိုက်ပျိုးကြသလို စိုက်ပျိုးချိန်ရောက်မှ ဈေးကွက်အတွင်းမှ ပြန်လည်ဝယ်ယူ၍လည်း စိုက်ပျိုးကြကြောင်း၊ ပဲစင်းငုံကို မေလတွင် စတင်စိုက်ပျိုးကြောင်း၊ စတင်စိုက်ပျိုးစဉ်ကာလတွင် မိုးရွာသွန်းမှုရှိခဲ့ပြီး အပင်ပေါက်ကောင်းကြောင်း၊ သီးနှံများ အောင်မြင်ဖြစ်ထွန်းရန်အတွက် ရွက်ဖျန်းပိုး၊ ရွက်လိပ်ပိုး၊ သီးလုံးဖောက်ပိုးအန္တရာယ်မှ ကာကွယ်ရန် ပြင်ဆင်ထားရှိကြောင်း သိရသည်။

ယခင်နှစ်တွင် ပဲစင်းငုံအထွက်နှုန်းမှာ ၈/၁၀ တင်းကျော် ထွက်ရှိပြီး ယခုနှစ်တွင်လည်း အထွက်နှုန်း ပိုမိုထွက်ရှိနိုင်မည်ဟု ခန့်မှန်းကြောင်း၊ ဖျောက်ဆိပ်ပင်ကျေးရွာမှ တောင်သူတစ်ဦး၏ပြောပြချက်အရ သိရှိရသည်။

ပဲစင်းငုံစိုက်ပျိုးမှုအနေဖြင့် တစ်ဧကကုန်ကျစရိတ်မှာ ကျပ် ၁၃၅၀၀၀ ဝန်းကျင်ခန့်ကုန်ကျကြောင်း သိရှိရသည်။ ပဲစင်းငုံဈေးမှာ ကျပ် ၂၄၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ပွဲရုံများမှ သိရှိရသည်။

**နှင်းလဲ့လဲ့(ကျောက်ဆည်)**

## ပြည်ပဲမျိုးစုံဈေးကွက်၌ မတ်ပဲနှင့် ပဲတီစိမ်းဈေးငြိမ်ပြီး ကျန်ပဲများ ဈေးမြင့်တက်ခဲ့

ယခုတစ်ပတ် ပြည်ပဲမျိုးစုံဈေးကွက်တွင် ပဲသီးနှံအချို့ ဈေးဆက်ငြိမ်နေပြီး ပဲအချို့ ဈေးမြင့်တက်လာခဲ့ကြောင်း သိရှိရသည်။ မတ်ပဲသီးနှံ ယခင်အပတ်က ဈေးအတိုင်း ဈေးငြိမ်နေသော်လည်း ပဲတီစိမ်းသီးနှံဈေးမှာ ယခင်အပတ်ကထက် ဈေးအနည်းငယ် လျော့နည်းသွားခဲ့သည်။ လက်လီပဲဈေးကွက်၌ပဲစင်းငုံ၊ ကုလားပဲ၊ ဗိုလ်ကိတ်နှင့်ပဲလွမ်းဖြူဈေးများ မြင့်တက်လာခဲ့ကြောင်းသိရသည်။

**မတ်ပဲ**

မတ်ပဲသီးနှံမှာ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများ တစ်ခါတစ်ရံ အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။ ရန်ကုန်ဝယ်လက်သာ ဝယ်ယူခဲ့ပြီး ဝယ်ယူမည့်ရက်တွင် အိတ် ၁၀၀/၂၀၀ကျော် ရောင်းဝယ်မှုဖြစ်ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၃၁၂၀၀ဖြင့် ယခင်အပတ်က ဈေးအတိုင်း ဆက်လက်ဈေးငြိမ်ရောင်းဝယ်နေခဲ့သည်။ မတ်ပဲသီးနှံမှာ ယခုနှစ်အတွင်း ကျပ်သုံးသောင်းအထက်တွင် ရောင်းဝယ်မှုဖြစ်နေခဲ့သည့်အတွက် ယခင်နှစ်ဈေးနှင့်ယှဉ်လျှင် ဈေးကောင်းရနေသည့် သီးနှံဖြစ်ခဲ့သည်။ ယခင်နှစ်က စက်တင်ဘာလအတွင်း မတ်ပဲသီးနှံဈေးမှာ တစ်တင်း ကျပ် ၂၅၀၀၀ ခန့်သာ ရရှိခဲ့ကြောင်း သိရသည်။

**ပဲတီစိမ်း**

ပဲတီစိမ်းသီးနှံသည် ပဲဈေးကွက်သို့ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်မှုများလာခဲ့ပြီး တစ်ရက်အိတ် ၃၀၀ ကျော် ၄၀၀အထိ ဝင်ရောက်ခဲ့သည်။ ဝယ်လိုအားအနေဖြင့် မန္တလေးလိုင်းသမား အဓိကဝယ်ယူခဲ့ကာ ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၃၃၀၀၀ မှ ၃၆၀၀၀ အတွင်း ပဲအရည်အသွေးလိုက်၍ ဈေးကွာခြားမှုရှိခဲ့သည်။ ပဲတီစိမ်းသီးနှံမှာ နှစ်စဉ်လိုလို ဈေးကောင်းရသည့် သီးနှံဖြစ်ခဲ့ပြီး တစ်တင်းကျပ် သုံးသောင်းအထက် ယခင်နှစ်ကလည်း ရရှိခဲ့ကြောင်း သိရှိရသည်။

**ကုလားပဲ**

ကုလားပဲသီးနှံမှာ ဩဂုတ်လအတွင်း ဈေးငြိမ်ရောင်းဝယ်ခဲ့ရာမှ ယခု စက်တင်ဘာလဆန်းပိုင်းတွင် ယခင်လကဈေးထက် ဈေးပိုရလာခဲ့သည်။ ပဲဝင်ရောက်မှုသိပ်မရှိဘဲ လက်ကျန်ပဲများရှိနေသည့်အတွက် ဝယ်လိုအားရှိသလောက် ရောင်းချမှုရှိခဲ့သည်။ ဒေသတွင်းခွဲစက်သမားများ ပုံမှန်အဝယ်ရှိနေသလို ရန်ကုန်ဝယ်လက်သမားများလည်း တစ်ခါတစ်ရံအဝယ်ရှိခြင်းကြောင့် ပဲဈေးကွက်အတွင်း အရောင်းအဝယ်သွက်သည့် ပဲသီးနှံဖြစ်ခဲ့သည်။ ပဲဈေးမှာ တစ်တင်း ကျပ် ၂၆၅၀၀ ဖြင့် ယခင်လက ဈေးထက်ကျပ် တစ်ထောင်ကျော်မြင့်တက်လာခဲ့ကြောင်းသိရသည်။

**ဗိုလ်ကိတ်/ပဲလွမ်းဖြူ**

ယခုတစ်ပတ် လက်လီပဲဈေးကွက် အတွင်းမှာ ဈေးကောင်းဆက်ရနေသည့်သီးနှံများမှာ ဗိုလ်ကိတ်နှင့် ပဲလွမ်းဖြူသီးနှံများဖြစ်ကာ ယခင်လက ဈေးထက်လည်း ထပ်မံမြင့်တက်လာခဲ့ကြသည်။ ဗိုလ်ကိတ်ပဲသီးနှံမှာ တစ်တင်း ကျပ် ၃၅၀၀၀ နှင့် ပဲလွမ်းဖြူသီးနှံမှာ တစ်တင်းကျပ်လေးသောင်းထိ ဆက်လက်ဈေးမြင့်တက်လာခဲ့ပြီး ဗိုလ်ကိတ်ပဲသီးနှံမှာ လက်လီဝယ်လက် နေ့စဉ်အဝယ်ရှိ၍ အိတ် ၂၀/၃၀ ကျော်ရောင်းချခဲ့ရသော်လည်း ပဲလွမ်းဖြူသီးနှံမှာ ဈေးဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။ **ခင်ဆွေဝင်း (ပြည်)**

# စားသုံးသူပြည်သူများ သိထားသင့်သော ဉာဏဆိုင်ရာပစ္စည်းများ မူပိုင်ခွင့်

ငြိမ်းဝေနှင်း(လှိုင်ကော်)

လူသားတို့သည် မိမိတို့၏ အသိဉာဏ်ဖြင့် လူ့ဘောင်အဖွဲ့အစည်း (တစ်နည်းအားဖြင့်) လူ့လောကကြီးကို ပိုမိုတိုးတက် ပြည့်စုံစေရန် အသိဉာဏ်ပညာ၊ ဗဟုသုတကိုအခြေခံလျက် ဖန်တီးပေးနိုင်သော စွမ်းအား၊ တီထွင်နိုင်သောစွမ်းအားတို့ဖြင့် လောကကြီးကို အလှဆင်ခဲ့ကြသည်။ တီထွင်ဖန်တီးမှုတို့တွင် "စံ"အဖြစ်ထားရသော အခြင်းအရာများရှိသည်။ တစ်ဦးနှင့်တစ်ဦး ဖန်တီးမှုတို့သည် ပုံသေနည်းနိဿယတို့ ရှိစေကာမူ ကွင်းလုံးကျွတ်မတူညီနိုင်ပေ။ ဤတွင်"မူပိုင်ခွင့်" ဟူ၍ထားရှိလာကြသည်။ အထူးသဖြင့် "ဉာဏဆိုင်ရာ ပစ္စည်းများ မူပိုင်ခွင့်" ပင်ဖြစ်သည်။အင်္ဂလိပ်ဘာသာဖြင့် Intellectual Property Right ဟူ၍ သုံးနှုန်းကြသည်။ ယင်းကို အများနားလည်လွယ်ရန်"Copy right"ဟုလည်း သုံးကြသည်။ ကမ္ဘာပေါ်တွင် "မူပိုင်ခွင့် "ဟုခေါ်သော Copy right ဟူသည့် အသုံးအနှုန်းကို ခရစ်နှစ် ၁၇၃၅ ခုနှစ်တွင် စတင်သုံးစွဲကြောင်း အဘိဓာန်များက ဆိုသည်။

ဉာဏဆိုင်ရာပစ္စည်းများ မူပိုင်ခွင့်တို့သည် အဓိကအားဖြင့် စာပေလုပ်ငန်း၊ အနုပညာလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ အထူးသဖြင့် စာအုပ်စာပေ၊တေးသီချင်း ဂီတ၊ ပန်းချီ၊ ဓာတ်ပုံ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဇာတ်သဘင်တို့ဖြစ်သည်။ ထို့ပြင် လူအများ နေ့စဉ်သုံးစွဲနေသော လူသုံးကုန်ပစ္စည်းများနှင့်လည်း သက်ဆိုင်နေ သည်။ ယင်းတို့တွင် အဓိကဆိုလိုသော အဓိပ္ပာယ်မှာ "ဖန်တီးမှုလက်ရာကို ပိုင်ဆိုင်သူဖြစ်ကြောင်း တရားဝင်အသိအမှတ်ပြုခြင်းသဘော"ဖြစ်သည်။ ယနေ့ခေတ်တွင် မူပိုင်ခွင့်ကိစ္စတို့သည် အနုပညာဖန်တီး ပိုင်ဆိုင်မှုသာမက စီးပွားကုန်သွယ်မှုများအပါအဝင် နောက်ဆုံးပေါ်နည်းပညာများပါဝင်လာပြီး ကမ္ဘာနှင့်တစ်ဝန်းပို၍ ပတ်သက်နေသည်။

မူပိုင်ခွင့်ကိစ္စရပ်တို့ကို အကာအကွယ်ပေးသော ဥပဒေသဘော၊ စည်းမျဉ်းသဘော၊ လုပ်ထုံးလုပ်နည်းသဘောတို့ကို ဥရောပတိုက်တွင် ၁၅ရာစုကာလများကပင် စတင်ခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရှိရသည်။ မူပိုင်ခွင့်ဆိုင်ရာစာချုပ်အဖွဲ့များမှာ ဘန်းစာချုပ် Berne Convention -၁၈၈၆ နှင့် UCC ဟုခေါ်သော Universal Copy right Convention-၁၉၅၂/၁၉၇၁ တို့ဖြစ်သည်။ ထို့နောက် Trade Related Property Right( TRIPS) ဟု နိုင်ငံတကာ ကုန်သွယ်မှုလောကနှင့် စပ်လျဉ်းသော သဘောတူစာချုပ်အဖွဲ့က အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ မူပိုင်မှု၊ အသိအမှတ်ပြုမှုတို့နှင့်ဆက်ဆံကျင့်သုံးမှုသဘောတို့ ထွန်းကားစေသောငှာ နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းကြီးအဖြစ် ဥရောပတိုက်၊ ဂျီနီဗာအခြေစိုက် "ဝိုက်ပို " WORLD INTELLECTUAL PROPERTY ORGANIZATION (WIPO)ဟုခေါ်သော ကမ္ဘာလုံးဆိုင်ရာ အသိဉာဏ် မူပိုင်ခွင့်အဖွဲ့ကြီးကို ၁၉၉၆ ခုနှစ်တွင် ထူထောင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော မူပိုင်ခွင့်ဥပဒေကို လွတ်လပ်ရေးရပြီးနောက် လုပ်ပိုင်ခွင့်အာဏာဆိုင်ရာ ရာထူးအခေါ်အဝေါ် အသုံးအနှုန်းများ ပြောင်းလဲ သည်မှအပ ထပ်မံ ပြင်ဆင်ခြင်းမရှိဟုသိရှိရသည်။ အထူးသဖြင့် "ဘုရင်ခံချုပ်"ဟု ကိုလိုနီခေတ် အိန္ဒိယတွင်သုံးနှုန်းမှုအစား "နိုင်ငံတော်သမ္မတ "ဟု ပြောင်းလဲခဲ့သည်ကို လေ့လာမှတ်သားရသည်။ ၁၉၁၁ ခုနှစ်က စတင်ရေးဆွဲသည်ဖြစ်၍ ယခုအခါ နှစ်ပေါင်းတစ်ရာကျော်ရှိခဲ့ပြီဖြစ်သည်။ ယင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေပညာရှင်များ၊ ဆိုင်ရာအသိပညာရှင်များ၊ အတတ်ပညာရှင်များက ကိုလိုနီခေတ် စံဟောင်းဖြစ်နေ၍ ယနေ့ခေတ်ကာလနှင့် ကိုက်ညီမှုမရှိတော့ကြောင်း သုံးသပ်ကြသည်ဟုသိရသည်။ အကြောင်းမှာ ယနေ့ခေတ်ကာလသည် တိုးတက်မှုနှင့် အပြောင်းအလဲများထွေပြားလာကြသည်။ စာပေ၊ အနုပညာ နည်းလမ်းများအပါအဝင် လူမှုစီးပွားလုပ်ငန်းရပ်များ ရှုပ်ထွေးလာခြင်း၊ အီလက်ထရွန်နစ်လုပ်ငန်းများ၊ ကွန်ပျူတာပညာနှင့်ဆက်စပ်လုပ်ငန်းများ၊ နောက်ဆုံးပေါ် နည်းပညာလုပ်ငန်းများ ပေါ်ပေါက်လာခြင်း၊ ကမ္ဘာလုံးဆိုင်ရာ GLOBAL CULTURE ဆက်သွယ်ရေး၊ ဆက်ဆံရေး များပြားတွင်ကျယ် ထူထပ်လာခြင်း၊ အသုံးအနှုန်းကိုပင် ပြုပြင် ပြောင်းလဲသုံးစွဲလာကြပြီဖြစ်ပါသည်။ အသိဉာဏ်ပညာဆိုင်ရာ မူပိုင်ခွင့်ဟုလည်းခေါ် ဆိုကြသည်။

အဆိုပါကိစ္စရပ်များတွင် စာပေ၊ အနုပညာ၊ ဒီဇိုင်း၊ ကုန်အမှတ်တံဆိပ် (LOGO & TRADE MARK) မှတ်ပုံတင်ကုန်ပစ္စည်းတံဆိပ်၊ မူပိုင်ခွင့်စသော ဥပဒေနှင့်ယှဉ်သည့် လုပ်ငန်းများ ပိုမိုပွားစည်လာကြသည်။ "ဉာဏဆိုင်ရာပစ္စည်းများ မူပိုင်ခွင့်"၏ သဘောကို အခြေခံအားဖြင့် လေ့လာကြည့်လျှင် စာပေအနုပညာပစ္စည်းမျိုးဖြစ်ပါက ဖန်တီးသူတို့၏ ဖန်တီးမှုများနှင့်ပိုင်ဆိုင်မှုကို အသိအမှတ်ပြုခြင်း၊ထိုပစ္စည်းကို မိတ္တူပွားများ ဖြန့်ဝေရာ၌ မူလဖန်တီးသူ၏ သဘောတူခွင့်ပြုချက် ပါရှိရခြင်း၊ ထိုသို့ ခွင့်ပြုသည့်အလျောက် အကျိုးခံစားပိုင်ခွင့်ရှိခြင်း။ ဉာဏပိုင်းဆိုင်ရာ တီထွင်ဖန်တီးမှု အလုံးစုံတို့ကြောင့် လောကကောင်းကျိုး၊ လူသားတို့အား ကောင်းကျိုးပြုကာလူ့ယဉ်ကျေးမှုကို ပိုမိုပြည့်စုံ အဆင့်မြှင့်တင်ခြင်းသဘောတို့ရှိပါသည်။ ယနေ့ခေတ်နိုင်ငံတကာတွင် ဉာဏပိုင်းဆိုင်ရာပစ္စည်းများနှင့် စပ်လျဉ်းသော ဥပဒေများကို လေ့လာကြည့်ပါက မူလဖန်တီးသူက "အခကြေးငွေဖြင့် "သဘောတူ ခွင့်ပြုခြင်း၊ မူလဖန်တီးသူကပင် အခမဲ့ ဖြန့်ဝေရန် ခွင့်ပြုခြင်း၊ ပညာရေးအတွက် တစ်ကိုယ်ရေသာသုံးစွဲရန် အကန့်အသတ်ဖြင့် ခွင့်ပြုခြင်းတို့ကို တွေ့ရှိရသည်။

မူလပိုင်ဆိုင်သူ ကွယ်လွန်ခြင်းဆိုင်ရာ သတ်မှတ်ချက်တွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ မူလပိုင်ဆိုင်သူသည်အသက်ရှင်နေသည့် အချိန်ကာလ၊မူလပိုင်ရှင်ကွယ်လွန်ပြီးနောက် တရားဝင် ဆက်ခံသူ၏ အသက်ရှင်ဆဲအချိန်ကာလ၊ မည်သူမျှပိုင်ဆိုင်ခြင်းမရှိတော့ဘဲ ထိုလက်ရာဖန်တီးမှုကိုအများပြည်သူအကျိုးငှာ မိတ္တူပွားခြင်း၊ ဖြန့်ဝေခြင်းပြုလုပ်နိုင်သော အချိန်ကာလ (Public Domain) ဟူ၍ သတ်မှတ်မှုရှိသည်။

မူပိုင်ခွင့်ကို အသေးစိတ်လေ့လာကြည့်လျှင် စာအုပ်ဝေဖန်ရေးရာ၌ ထုတ်နုတ်ဖော်ပြသော စာသားများ၊ တေးဂီတတွင် အသုံးပြုသော တီးလုံး၊တီးကွက်၊ သံစဉ်များ၊ ဇာတ်သဘင်၌ အသုံးပြုသော ကကြိုးကကွက်၊ ကဟန်များလည်း အကျုံးဝင်သည်ဖြစ်ရာ ခွင့်ပြုချက်ရယူရမည့်ကိစ္စရပ်တို့တွင် ပါဝင်နေသည်။ ထို့ပြင်စာပေကိစ္စရပ်တို့တွင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ တတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ထိုစာပေမှ ပုံသဏ္ဌာန်ကူးပြောင်းကာ ဇာတ်လမ်းကို ရုပ်ပြပြုလုပ်ခြင်း၊ ဓာတ်ပုံကိုသုံးစွဲခြင်း၊ ရုပ်ရှင်၊ဗီဒီယိုရိုက်ကူးခြင်း၊ ပြဇာတ်အဖြစ်ကပြခြင်းတို့ ပါဝင်သည့်အပြင် ယနေ့ခေတ်နောက်ဆုံးပေါ် မိတ္တူပွားပစ္စည်းသစ်များဖြစ်သည့် စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီ၊ မှတ်ဉာဏ်အဖြစ်သွယ်ယူနိုင်သော DATA CARRIER, DATA BUS များ၊ MP-3၊ MP-4 စသည်တို့လည်း အကျုံးဝင်သည်။ ယင်းတို့ကို Subsidiary right & Derivative rightsအဖြစ် သတ်မှတ်ကြသည်။ မူပိုင်ခွင့်ကိစ္စတို့တွင် ပြောရေးဆိုခွင့်မှာ မူလဖန်တီးသူဖြစ်ကြောင်း အခိုင်အမာဖြစ်ရန် လိုအပ်သည်။ မိတ္တူပွားခြင်းကိစ္စတို့တွင် စီးပွားရေးသဘောအရဖြစ်စေ၊ လူမှုရေးသဘောအရဖြစ်စေ၊ အခမဲ့ဖြစ်စေ၊ အခကြေးငွေဖြင့်ဖြစ်စေ မိတ္တူပွားခွင့် သဘောတူညီမှု အခိုင်အမာ ရရှိရမည်ဖြစ်သည်။ သိပ္ပံသဘော၊ စက်မှုသဘောမှအပဖြစ်သော စာပေ၊ယဉ်ကျေးမှု၊ အနုပညာများသည် မူလဖန်တီးသူ၏ အကျိုးခံစားခွင့်ကို ထိန်းသိမ်းစောင့်ရှောက်ရပြီး ဥပဒေများနှင့်ညီညွတ်ကာ ယနေ့ခေတ်ကာလ၏ အဆင့်မြင့်ယဉ်ကျေးမှု လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်သင့်သည်။ ယခုကာလဆိုင်ရာ ပညာရှင်တို့ ရေးဆွဲသော ဥပဒေများကို ဆက်လက်လေ့လာရာတွင် ယနေ့ မြန်မာနိုင်ငံ၏မူပိုင်ခွင့်ဆိုင်ရာကိစ္စတွင် လက်တွေ့အကျဆုံး အဖြစ်အပျက်တစ်ခုမှာ ဂီတနှင့်သက်ဆိုင်သော ခိုးကူးခွေကိစ္စများပင်ဖြစ်သည်။ နည်းပညာထွန်းကားမှု၏ နောက်ကွယ်မှ မရိုးသားသော အခြင်းအရာများပင်ဖြစ်ပါသည်။မည်သို့ပင်ဆိုစေ မူပိုင်ခွင့်ကိစ္စခေါ်သော ဉာဏဆိုင်ရာပစ္စည်းများ မူပိုင်ခွင့်သည် လူသားတို့၏အဆင်မြင့်ယဉ်ကျေးမှုကိစ္စခြင်းရာတို့ပင်ဖြစ်ပြီး လူသားတို့၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်၊ ကိုယ်ချင်းစာတရား၊ တန်ဖိုးထားအပ်သော အသိစိတ်၊ မြော်မြင်ဆင်ခြင်မှုတို့၏ပြယုဂ်ပင်ဖြစ်ပါသည်။ နည်းပညာပေါက်ကွဲမှုတို့ကို ချဉ်းကပ်ထိန်းသိမ်းကြရန် လိုအပ်ပြီး လူ့ယဉ်ကျေးမှုကိုတန်ဖိုးထားလေးစားအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## မြန်မာ့ဆိပ်ကမ်းတွင် ၃.၉.၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - IAL-001 | ကုန်သေတ္တာ ၄၄၀ တင် ၆၀၇ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - SINAR BALI | ကုန်သေတ္တာ ဂ၉၅ တင် ဂ၀ဂ ချ |
| အလုံဆိပ်ကမ်း(၂) | - SN QUEEN | (29 Units Excavator&H-Bean)၆၂၀၉တန်ချ |
| စက်မှုဆိပ်ကမ်း(၂) | - MATHU BHUM | ကုန်သေတ္တာ ၇၉၅တင် ၆၀၄ ချ |
| ဆူးလေဆိပ်ကမ်း(၇) | - VTC PLANET | Urea (In Bulk) ၁၃၂၀၀ တန်ချ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - MCC KYOTO | ကုန်သေတ္တာ ၉ဂ၅ တင် ၆၇၅ ချ |
| သီလဝါဆိပ်ကမ်း(၁) | - FILOTIMO | ကုန်သေတ္တာ ၅၁၀တင် ၄၀၄ချ |
| သီလဝါဆိပ်ကမ်း(၂) | - NORD CLAIRE | ကုန်သေတ္တာ ၄၄၂တင် ၄ဂ၄ချ |
| သီလဝါဆိပ်ကမ်း(၃) | - YANGTZE DIGNITY | Steel &Equipment ၂၃၉၅၇ တန်ချ |
| သီလဝါသစ်ဆိပ်ကမ်း(၁) | - SHIN LINE -10 | Steel &G/C ၉၄၂၀ တန်ချ |
| MMTM JETTY | - MT.ANGEL-2 | Steel &Fertilizer ၉၄၂၀ တန်ချ |
| ELITE JETTY | - MT.OLAF | Mogas (92 Ron) ၁၉၇၂၂ တန်ချ |
| REGENCY&DENKO | - MT.YU HAI | Diesel&Mogas (92 Ron) ၁ဂ၃၇၅ တန်ချ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BBC GERMANY | Units Rails Wagon ၆ ချရန် | JAPAN | ၄.၉.၂၀၂၀ |
| NEW SEA CRYSTAL | ဂျုံ ၁၁၀၀၀ တန်ချရန် | UKRAINE | ၅.၉.၂၀၂၀ |
| MAGNUN POWER | Steel Product ၂၃၆၀၀ တန်ချရန် | CHINA | ၅.၉.၂၀၂၀ |
| TUG:ASL HAWK + PILING BARGE | Project (AIPT) | VIETNAM | ၅.၉.၂၀၂၀ |
| AHU-C | Urea (In Bulk) ၂၀၀၀၀ တန်ချ | ARABIA | ၅.၉.၂၀၂၀ |
| TANBINH-257 | Steel &G/C ၁၉၅၉၀ တန်ချရန် | INDIA | ၅.၉.၂၀၂၀ |
| XINHAIZHOU-2 | Steel ၉ဂဂ၀ တန်ချရန် | MALAYSIA | ၆.၉.၂၀၂၀ |
| STELLA PRIMA | Transformer ၁ဂ၉ တန်ချရန် | JAPAN | ဂ.၉.၂၀၂၀ |
| KOBARID | Steel Rails Coil ဂ၃၉၄ တန်ချရန် | JAPAN | ၁၀.၉.၂၀၂၀ |
| HUI FENG-9 | GI Coils ၄၄၀၀ တန်ချ | THAILAND | ၁၀.၉.၂၀၂၀ |
| VIOLET ACE | Steel Plate ၂၉၀၀ တန်ချရန် | JAPAN | ၂၀.၉.၂၀၂၀ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ALS SUZURAN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၄.၉.၂၀၂၀ |
| CHERRY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၉.၂၀၂၀ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၉.၂၀၂၀ |
| KUO TAI | SINGAPORE | သီလဝါသစ်/စက်မှုဆိပ်ကမ်း | ၄.၉.၂၀၂၀ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၉.၂၀၂၀ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၉.၂၀၂၀ |
| SINAR BINTAN | SINGAPOR | သီလဝါ/စက်မှုဆိပ်ကမ်း | ၆.၉.၂၀၂၀ |
| XETHA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇.၉.၂၀၂၀ |
| OLIVIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ဂ.၉.၂၀၂၀ |
| CTP FORTUNE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၉.၂၀၂၀ |
| KOTA HALUS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၉.၂၀၂၀ |
| OCEAN PROBE | SINGAPORE | သီလဝါသစ်/စက်မှုဆိပ်ကမ်း | ၁၀.၉.၂၀၂၀ |
| TRIESTE TRADER | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၂.၉.၂၀၂၀ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.FALCON | P.Oil(In Bulk) ၁၄၄၉ဂဂ တန်ချရန် | SINGAPORE | ၃.၉.၂၀၂၀ |
| MT.GOLAR KEWIN | LNG 65000 တန်ချရန် | SINGAPORE | ၄.၉.၂၀၂၀ |
| MT.HAWKS | Mogas ( 92 Ron) 7500 တန်ချရန် | SINGAPORE | ၄.၉.၂၀၂၀ |
| MT.W BLOSSOM | P.Oil(In Bulk) ဂဂ၀၀တန်ချရန် | INDONESIA | ၄.၉.၂၀၂၀ |
| MT.ANGEL NO 2 | Diesel Oil 13000 တန်ချရန် | SINGAPORE | ၄.၉.၂၀၂၀ |
| MT.PACIFIC PELICAN | Diesel Oil 17300 တန်ချရန် | SINGAPORE | ၄.၉.၂၀၂၀ |
| MT.AU GEMINI | P.OiI (In Bulk) ၄၃၀၀ တန်ချရန် | INDONESIA | ၅.၉.၂၀၂၀ |
| MT.DENKO BRIGHT | Diesel Oil 2800 တန်ချရန် | INDONESIA | ဂ.၉.၂၀၂၀ |
| MT.GLORY STAR | Diesel Oil 15000 တန်ချရန် | SINGAPORE | ၉.၉.၂၀၂၀ |
| MT.BELUGA PACIFIC | Diesel Oil 16500 တန်ချရန် | SINGAPORE | ၁၀.၉.၂၀၂၀ |
| MT.YU DONG | DieselOil+(92Ron) Mogas16500 တန်ချရန် | SINGAPORE | ၁၀.၉.၂၀၂၀ |

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက်၌ ပစ္စည်းလက်ကျန်များနေ

ယခုတစ်ပတ် ပြည်ပွဲရုံဈေးကွက်သို့ ပခုက္ကူနှင့် ဆိပ်ဖြူဘက်မှ ကြက်သွန်နီအထက်စများ ပိဿာ ၃၀ ဝင်အိတ် ၄၀၀ ခန့်နှင့် တောင်တွင်း၊ အောင်လံဘက်မှ ကြက်သွန်နီအိတ် ၁၈၀ ခန့်ကို တစ်ပတ်လျှင်ရက်ခြားဝင်ရောက်မှုရှိနေကြောင်းသိရသည်။

ဝင်ရောက်မှုမှာ ပုံမှန်ရှိသော်လည်း အရောင်းအဝယ်မှာ ပြည်ဈေးကွက်မှ နယ်ကျော်တင်ပို့မှုနှင့် အိတ်ဆွဲဝယ်ရောင်းသမားများ အဆွဲ နည်းသွားသဖြင့် ပြည်ပွဲရုံကြက်သွန်နီဈေးကွက်၌ ကုန်ပစ္စည်းလက်ကျန်များပြားနေကြောင်း ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

ဈေးနှုန်းများအနေဖြင့် ပွဲရုံလက်ကားဈေး တစ်ပိဿာ (ကြီး/လတ်/သေး) ကျပ် ၆၃၀-၆၀၀/၆၀၀-၅၈၀-၅၅၀/၅၀၀-၄၅၀ နှုန်းတို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး/လတ်/သေး)ကျပ် ၈၀၀/၈၀၀-၇၅၀-၇၀၀/၆၅၀-၆၀၀ စသည့် နှုန်းများဖြင့် ရောင်းဝယ်မှုရှိနေကြောင်းသိရသည်။

**ဝင်းလဲ့ဝါ (ပြည်)**

# ပြည်ကြက်သွန်ဖြူ အရောင်းအဝယ်အေးလာ

ယခုတစ်ပတ် ပြည်ကြက်သွန်ဖြူပွဲရုံများတွင် ကြက်သွန်ဖြူ အရောင်းအဝယ် အလွန်အေးလျက်ရှိသည်။ တစ်ပတ်အတွင်း မိုးဆက်တိုက် ရွာသွန်းခြင်းနှင့် COVID-19 ကြောင့် အသွားအလာ အဝင်အထွက်နည်းခြင်းကြောင့် ပွဲရုံများ၌ အရောင်းအဝယ် စတင်အေးလာကြောင်း သိရသည်။ ကြက်သွန်ဖြူဈေးနှုန်းများမှာ ယခင်တစ်ပတ်ကအတိုင်း မပြောင်းဘဲ ရောင်းဝယ်လျက်ရှိနေသည်။

ယခုတစ်ပတ် ကြက်သွန်ဖြူ(ပွဲရုံဈေး) တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၂၀၀၀/၂၄၀၀ နှင့် (ကြူကုတ်စ)ကျပ် ၁၈၀၀/၂၀၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိသည်။ လက်လီဈေးများတွင်(ရှမ်းစ)ကျပ် ၂၈၀၀/၃၂၀၀/၃၄၀၀ နှင့် (ကြူကုတ်စ)ကို ကျပ် ၂၀၀၀/၂၂၀၀ တို့ဖြင့် ရောင်းဝယ်နေသည်။ ကြက်သွန်ဖြူဥတစ်လုံး လက်လီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၅၀ ဖြစ်ကြောင်းလည်း သိရသည်။

**နီနီဝင်း (ပြည်)**

# လှိုင်ကော် ကြက်သွန်ဈေးနှုန်းများ



ယခုတစ်ပတ် ကယားပြည်နယ်ဒေသတွင်းသို့ ကြက်သွန်ဖြူကို ကလော၊ အောင်ပန်းဒေသတို့ဘက်မှ ဝင်ရောက်သော်လည်း ကြက်သွန်ဖြူ(ရှမ်းစ)ကို ဒေသတွင်းလည်း စိုက်ပျိုးလျက်ရှိသည်။

ယခုတစ်ပတ် ကြက်သွန်ဖြူ(ရှမ်းစ)လတ် တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ သေး တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြင့် အကြီး၊ အသေး အရွယ်အစားအပေါ် မူတည်၍ ဈေးနှုန်းအသီးသီးဖြင့် ရောင်းချလျက်ရှိသည်။

ဈေးကွက်တွင် ကြက်သွန်နီ အရောင်းအဝယ် အနည်းငယ်အေး၍ လက်လီဈေးနှုန်းမှာ ပျမ်းမျှအားဖြင့် တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၈၀၀ ခန့်၊ လက်ကားဈေးမှာ ကြက်သွန်နီ ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ပျမ်းမျှ ကျပ် ၂၁၀၀၀ မှ ၂၂၀၀၀ ဖြင့် ပြည်နယ်အတွင်း မိတ္ထီလာမြို့ဘက်မှ အများဆုံး တင်သွင်းလျက်ရှိကြောင်း သိရ သည်။

**အေးအေးမော်(ကယား)**

## နှမ်း

# ပြည်စမုံနက်နှမ်း ဈေးပြန်မြင့်လာ

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင်အနေဖြင့် ယခုနှစ်မိုးနှမ်းစိုက်ဧကမှာ ၈၂၂၇၉ ဧကစိုက်ပျိုးပြီး ယခုအချိန်အထိ ၄၁၈၇၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်၍ အထွက်နှုန်းမှာ ၁၀ ဒသမ ၂၀ တင်းရှိပြီး အထွက်တင်းအနေဖြင့် ၄၂၇၀၆၂ တင်း ထွက်ရှိသည်။

မိုးနှမ်းများ နေ့စဉ်အဝင်ရှိနေပြီး ဝင်သလောက် အရောင်းအဝယ်ဖြစ်နေသည်။ နှမ်းနီမှာ အဝင်နည်းပြီး တစ်နေ့လျှင် အိတ် ၅၀-၆၀ လောက်သာ အဝင်ရှိသည့်အတွက် ဈေးကွက်တွင် နှမ်းနီရှားသော်လည်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ဖြစ်၍ ယခင်အပတ်ထက်စာလျှင် ဈေးအနည်းငယ်ကျလာသည်။ နှမ်းနက်မှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀ ဖြင့် ယခင်အပတ်အတိုင်း ဈေးငြိမ်နေပြီး စမုံနက်နှမ်းမှာ သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၈၃၀၀၀ ဖြင့် ယခင်အပတ်ထက် ဈေးပြန်မြင့်လာကြောင်း သိရသည်။

**ဝေဝေမင်း (ပြည်)**

## အာလူး

# တောင်ငူမြို့တွင် အာလူး ဈေးနှုန်းတည်ငြိမ်ပြီး ရောင်းအားကောင်း



တောင်ငူမြို့သို့ အထက်အညာဒေသများမှ အာလူးများ တင်ပို့ရောင်းချလျက်ရှိရာ အာလူးအရွယ်အစားအလိုက် ဈေးနှုန်းများ အနည်းငယ် ကွာဟလျက်ရှိသည်။ အာလူးအသေး တစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ကျပ် ၆၀၀ အထိ၊ အလတ် တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ကျပ် ၈၀၀ အထိ၊ အကြီး တစ်ပိဿာလျှင် ကျပ် ၉၀၀ မှ ကျပ် ၁၀၀၀ အထိရှိပြီး သုံးပိဿာနှင့် ၁၀ ပိဿာ အိတ်များ ဝယ်ယူပါက ဈေးနှုန်း အပြောင်းအလဲရှိကြောင်း၊ ဈေးနှုန်းမှာ ယခင်လအတိုင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း၊ အရောင်းအဝယ်မှာ ယခင်လကထက်ပိုရောင်းရကြောင်းတောင်ငူမြို့ အာလူးရောင်းချသူတစ်ဦးထံမှ သိရသည်။

**သင်းသင်းအေး(တောင်ငူ)**

## နနွင်း



# ယခုတစ်ပတ် နနွင်းတင်ပို့မှုလျော့

ဩဂုတ် ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း နနွင်း ၅၇ ဒသမ ၆၈ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ယီမင်နိုင်ငံမှ ၁၅ ဒသမ ၆၈ တန်နှင့် အိန္ဒိယနိုင်ငံမှ ၄၂ တန်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ နနွင်းတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၆၀ ဝန်းကျင်ရရှိခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က နနွင်း၁၄၅ ဒသမ ၉၀ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၈၈ ဒသမ ၂၂ တန်တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ နနွင်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၆၄၈၈ ဒေါ်လာဝင်ငွေ ရရှိခဲ့သည်။

**သီတာဝင်း(DOT)**

# ပြည်နနွင်း ဈေးအနည်းငယ် ပြန်ကျလာ

ပြည်နနွင်းပွဲရုံများ၌ ယခင်တစ်ပတ်က ဝင်ရောက်မှုနည်းနေပြီး ယခုတစ်ပတ်တွင် အဝင်ပုံမှန်ပြန်ရှိလာခြင်းကြောင့် နနွင်းဈေးလည်း တစ်ပိဿာပေါ်တွင် (ပွဲရုံဈေး)ကျပ် ၂၀၀/၃၀၀ ပြန်ကျလာသည်။

ယခုတစ်ပတ် နနွင်းတစ်ပိဿာ (ပွဲရုံဈေး) ကျောက်ဆည်နနွင်းကျပ် ၃၈၀၀ နှင့် ရှမ်းနနွင်းမှာ ကျပ် ၃၀၀၀/၃၂၀၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။ လက်လီဈေးမှာ ကျောက်ဆည်နနွင်း ကျပ် ၄၅၀၀ နှင့် ရှမ်းနနွင်း ကျပ် ၄၀၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

**နီနီဝင်း(ပြည်)**

## ချင်း

# ချင်းတန်ချိန် ၃၀၀ ကျော်သာ တင်ပို့

ဩဂုတ်၂၃ ရက်မှ၂၉ ရက် သီတင်းပတ်အတွင်းချင်း ၃၁၇ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၄၃ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၇၄ တန် တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့ခဲ့သည်။

ယခုတစ်ပတ် ချင်းစိုနှင့် ချင်းခြောက်တင်ပို့ခဲ့ပြီး ချင်းစိုတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်ရရှိခဲ့ပြီး ချင်းခြောက်တစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၀၀၀-၁၂၀၀ ရရှိခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၆၈၀ ကျော် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၃၆၀ ကျော် တင်ပို့မှုလျော့နည်းခဲ့သည်။ ချင်းတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၃၂၈၀ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

# အရောင်းအဝယ်ရှိနေသည့် ပြည်ချင်း

ပြည်(ချင်း)ပွဲရုံများတွင် ချင်းဝယ်လက်သမားတို့ အဝယ်များများရှိထားခြင်းကြောင့် ယခုကာလအချိန်တွင် ပြည်ဈေးကြီးနှင့် (ပွဲရုံ)များ၌ ချင်းဈေးမတက်ဘဲ ယခင်အပတ်ဈေးအတိုင်း ရောင်းချနေသည်။

ခေါ်လှီးချင်းဖတ်သမားများနှင့် မုန့်လုပ်ငန်းရှင်တို့အဝယ်ရှိနေပြီး အရောင်းအဝယ်ရှိနေသည်။ ယခုတစ်ပတ် ချင်းဈေး (ပွဲရုံဈေး)မှာကျပ် ၂၁၀၀/၂၂၀၀ ဖြစ်ပြီး (ချင်းသန့်)ဈေးမှာ ကျပ် ၂၈၀၀/၃၀၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိသည်။ လက်လီဈေး တစ်ပိဿာလျှင် ကျပ် ၃၆၀၀/၃၈၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိနေပြီး ခေါ်လှီးချင်း(ဖတ်) ဈေးမှာ ကျပ် ၃၅၀၀ ဖြင့် ရောင်းချနေသည်။

**ဝင်းဝင်းခိုင် (ပြည်)**

# စင်ကာပူနိုင်ငံသို့ တင်ပို့မည့် စားသောက်ကုန်များအတွက် ဂရုပြုရမည့် မာကျူရီ၊ ဘရိုမိတ်နှင့် မှိုဆိပ်ကန့်သတ်ချက်များ

**စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်တွင် လူနေမှုအဆင့်အတန်းမြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အခြေခံအဆောက်အအုံ ခိုင်မာသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ စားနပ်ရိက္ခာတင်သွင်းသော နိုင်ငံဖြစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လည်ပတ်လျက်ရှိသောကြောင့် ကုန်ကြမ်းတင်သွင်းမှု များပြားလျက်ရှိသည်။ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း စသည်တို့ကိုလည်း နှစ်စဉ်တင်သွင်းလျက်ရှိသည်။ စင်ကာပူသည် စားသောက်ကုန်များ တင်သွင်းမှုနှင့်ပတ်သက်၍စည်းမျဉ်းစည်းကမ်းများ အထိုက်အလျောက် တင်းကျပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။**

မောင်မောင်(CTQM)

စင်ကာပူ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအစာ ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စင်ကာပူ စားသောက်ကုန်အေဂျင်စီ (Singapore FoodAgency-SFA)က တာဝန်ယူ၍ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း စားသောက်ကုန်နှင့်ပတ်သက်သော တားမြစ်ချက်များ၊အမိန့်ကြေညာချက်များထုတ်ပြန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းကာလတွင် COVID-19 ကူးစက်ရောဂါသည် ကမ္ဘာတစ်ဝန်း စတင်ဖြစ်ပွားခဲ့ရာ ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အထူးစီမံဆောင်ရွက်လျက်ရှိကြပြီး ၎င်းတို့နိုင်ငံအတွင်းသို့ တင်သွင်းလာသော စားသောက်ကုန်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုပါ အထူးကြပ်မတ်ဆောင်ရွက်လာကြသည်။

SFAသည် ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၀ ရက်တွင် စားသောက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းနှင့် တိရစ္ဆာန်သုံး ပဋိဇီဝဆေးဓာတ်ကြွင်းများ ပါဝင်မှုနှင့်ပတ်သက်၍ သတ်မှတ်ချက်များ ထုတ်ပြန်ခဲ့ပြီး ဩဂုတ် ၁၁ ရက်တွင် ထပ်မံ၍မာကျူရီ (Mercury)၊ ဘရိုမိတ် (Bromate)နှင့် မှိုဆိပ် (Mycotoxin)ပါဝင်မှု ကန့်သတ်ချက်အချို့ကို သတ်မှတ်ကြေညာခဲ့သည်။ မာကျူရီ၊ ဘရိုမိတ်နှင့် မှိုဆိပ်ပါဝင်မှု ကန့်သတ်ချက်များသည် ယခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်အသက်ဝင်မည်ဖြစ်ကြောင်းသိရှိရသည်။ အဆိုပါသတ်မှတ်ချက်များသည် ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြား လက်ခံကျင့်သုံးလျက်ရှိသည့် Codex စံချိန်စံညွှန်း သတ်မှတ်ချက်များကို အဓိက မှီငြမ်းရေးဆွဲထားပြီး Codex Standardတွင်သီးခြားဖော်ပြခြင်းမရှိသည့် အခြားသော ကုန်ပစ္စည်းများ၏ သတ်မှတ်ချက်များကိုသာ ဥရောပကော်မရှင်နှင့် အခြားသော နိုင်ငံတကာ စံချိန်စံညွှန်းများကို ကိုးကားသတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရသည်။

ထိုသတ်မှတ်ချက်များတွင် အဓိကအားဖြင့် ကောက်ပဲသီးနှံများ၊ ဂျုံမှုန့်၊ပြောင်းမှုန့်၊ ကော်ဖီစေ့လှော်များနှင့် ဟင်းလျာ ဖြည့်စွက်ပစ္စည်းများ ပါဝင်သည်။ မာကျူရီပါဝင်မှု ကန့်သတ်ချက်သည် သတ္တုဆိပ်ပါဝင်မှု (Heavy Metal Contamination) ကန့်သတ်ချက် အမျိုးအစားဖြစ်ပြီး Codex စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ပြဋ္ဌာန်းထားကြောင်း သိရှိရသည်။ မာကျူရီနှင့်ပတ်သက်၍ စားသောက်ကုန်ဖြစ်သော အသင့်စားမှိုများ၊ ချက်ပြုတ်ပြီးမှိုများအပြင် မှိုခြောက်များအတွက်ပါ ကန့်သတ်ချက်များ သတ်မှတ်ထုတ်ပြန်ထားကြောင်း တွေ့ရှိရသည်။ မာကျူရီအဆိပ်သင့်မှုသည် ကြွက်သားများ အားနည်းခြင်း၊ ခြေလက်ထုံခြင်း၊ လက်မမြဲခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်း၊ အမြင်အာရုံ၊ အကြားအာရုံတို့အပြင် စကားပြောနိုင်စွမ်းကိုပါ ကျဆင်းစေနိုင်သည်။ နေ့စဉ်စားသောက်ကုန်များတွင် သတ်မှတ်ပမာဏထက်ကျော်လွန်ပါရှိနေပါက အထက်ပါအချက်များဖြစ်ပေါ်စေနိုင်ပြီး တိုက်ရိုက်ထိတွေ့မှု များပြားပါက စိတ်ပေါက်ပေါ်ခြင်းကဲ့သို့သော အာရုံကြောဆိုင်ရာ ရောဂါများ ဖြစ်ပေါ်စေနိုင်သည်။ ဂျပန်နိုင်ငံ ကုမမိုတိုစီရင်စုရှိမီနာမာတာအရပ်တွင် ၁၉၅၆ ခုနှစ်ကဖြစ်ပွားခဲ့သော ကပ်ရောဂါဆိုးကြီးသည် မီသိုင်းမာကျူရီပမာဏ အများအပြား ထိတွေ့မှုကြောင့် ဖြစ်ပေါ်ခဲ့သော ရောဂါတစ်မျိုးဖြစ်ပေသည်။

ရေနှင့် ရေသန့်ထုတ်ကုန်များအတွက် ဘရိုမိတ် (Bromate-BrO3-) သတ်မှတ်ချက်တွင် (United State Environmental Protection Agency –USEPA) ၏အကြံပြုချက်ကို ကိုးကားသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ဘရိုမိတ်သည် ဟေလိုဂျင်အုပ်စုဖြစ်သော ဘရိုမင်း(Bromine-Br) မှလာသည့် အိုင်းယွန်းဒြပ်ပေါင်းတစ်မျိုး ဖြစ်သည်။ ဘရိုမိုက် (Bromide) မော်လီကျူးများသည် ပင်လယ်ရေတွင် ဆိုဒီယမ်ကလိုရိုက်နှင့် ပူးတွဲလျက် များစွာတွေ့ရှိရပြီး တွင်းထွက်ရေတွင်လည်း အနည်းငယ် တွေ့ရှိနိုင်သည်။ ရေငန်မှ ရေချိုချက်သောလုပ်ငန်းစဉ်များတွင် ဘရိုမိတ်များကို ဘေးထွက်ပစ္စည်းအဖြစ် တွေ့နိုင်သည်။ အလားတူ ရေသန့်စင်သောစနစ်တွင် အသုံးပြုသည့် အိုဇုန်းဓာတ်ငွေ့(Ozone-O3) ပြုကွဲရာမှ ရေတွင်ပါဝင်သော ဘရိုမိုက်များနှင့် ဓာတ်ပြုပြီး ဘရိုမိတ်အိုင်းယွန်းများ ဖြစ်ပေါ်လာကြောင်း တွေ့ရှိရသည်။ အိုဇုန်းဖြင့် ရေသန့်စင်သောစနစ်သည် ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များကိုပိုမိုထိရောက်စွာရှင်းလင်းနိုင်သောကြောင့် ကလိုရင်းပိုးသတ်စနစ်ထက်ပင် အသုံးများလျက်ရှိပေသည်။ ဘရိုမိတ်သည် လူသားများအတွက် ကင်ဆာဖြစ်စေကြောင်း လေ့လာတွေ့ရှိပြီးနောက်ပိုင်းတွင် USEPAက ပါဝင်ခွင့် အများဆုံး 10ppb သာ ခွင့်ပြုရန် အကြံပြုခဲ့သည်။

ဂျုံ၊ ပြောင်း၊ ဘာလီ အစရှိသည့် ကောက်ပဲသီးနှံ(ကုန်ကြမ်း)များအတွက် မှိုဆိပ်သတ်မှတ်ချက်အများစုကို Codex စံသတ်မှတ်ချက်များအတိုင်း သတ်မှတ်ကြောင်း တွေ့ရှိရသည်။ ဖြူဆေးရီးယန်း မှိုမျိုးဆိပ်မှလာသော Deoxynivalenol၊ Fumonisins B1 နှင့် B2 ၊ Zeralenone၊အက်စပါးဂျီးလပ်စ်နှင့် အချို့သောပန်နယ်စလင် မှိုမျိုးဆိပ်တို့မှ ထုတ်လွှတ်နိုင်သည့် OchratoxinA စသည်တို့ကို Codex စံသတ်မှတ်ချက်များအတိုင်း ထုတ်ပြန်ပြီး Codex တွင် သီးခြားဖော်ပြခြင်းမရှိသည့် ထုတ်ကုန်များကို EU သတ်မှတ်ချက်များအတိုင်း ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း သိရှိရသည်။ DeoxynivalenolFumonisins B1နှင့် B2, Ochratoxin Aတို့ကို Aflatoxin မှိုဆိပ်နည်းတူ ကင်ဆာဖြစ်စေသော ဒြပ်ပေါင်းများအဖြစ်သတ်မှတ်ထားသည်။ Zeralenone သည် အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်း စိမ့်ဝင်နိုင်ကြောင်း တွေ့ရှိရပြီး မျိုးရိုးဗီဇဆိုင်ရာ ထိခိုက်မှုများ မတွေ့ရှိရသော်လည်း ကိုယ်ဝန်ဆောင်များအတွက်မူ ကိုယ်ဝန်ပျက်ကျနိုင်သည်အထိ အန္တရာယ်ကြီးမားကြောင်း လေ့လာသိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံသို့ ကောက်ပဲသီးနှံများ၊ ဟင်းလျာဖြည့်စွက်ပစ္စည်းများ၊ ကော်ဖီစေ့များ တင်ပို့ရောင်းချလျက်ရှိသောကုန်သည်လုပ်ငန်းရှင်များအနေဖြင့် SFA ၏ သတ်မှတ်ချက်များကို ကြိုတင်သိရှိပြီး ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ မဖြစ်ပေါ်စေနိုင်ရန် စင်ကာပူနိုင်ငံ မြန်မာသံရုံးရှိ စီးပွားရေးသံမှူးက ပေးပို့သော သတင်းအချက်အလက်များကို ကိုးကား၍ တင်ပြလိုက်ရသည်။

အောက်တွင် စင်ကာပူနိုင်ငံ၏ ကုန်စည်အလိုက်မာကျူရီ(Mercury)၊ ဘရိုမိတ် (Bromate) နှင့် မှိုဆိပ် (Mycotoxin) ပါဝင်မှု ကန့်သတ်ချက်များကို ဖော်ပြပေးထားသည်။

**ANNEX A: Maximum limits for mercury, bromate, and mycotoxins in food with effect from 1 September 2020**

| Contaminant | Commodity | Maximum limit |
|---|---|---|
| Mercury | Edible fungi (fresh or cooked) | 0.5ppm |
| | Edible fungi (dried) | 5ppm |
| Bromate | Natural mineral water and packaged drinking water | 10ppb |
| Deoxynivalenol | Unprocessed cereal grains (wheat, maize and barley only) | 2000ppb |
| | Unprocessed cereal grains (oats only) | 1750ppb |
| | Unprocessed cereals (other than wheat, maize, barley and oats) | 1250ppb |
| | Flour, meal, semolina and flakes derived from wheat, maize or barley | 1000ppb |
| | Bread, pastries, biscuits, cereal snacks and breakfast cereals | 500ppb |
| | Food for infants and young children | 200ppb (on a dry basis) |
| | All other foods derived from cereals | 750ppb |
| Fumonisins B1 & B2 | Unprocessed maize grain | 4000ppb |
| | Maize flour and maize meal | 2000ppb |
| | Maize based breakfast cereals and maize-based snacks | 800ppb |
| | Food for infants and young children | 200ppb (on a dry basis) |
| | Maize intended for direct human consumption and other maize-based foods for direct human consumption | 1000ppb |
| Ochratoxin A | Unprocessed cereal grain | 5ppb |
| | Dried vine fruit (currants, raisins and sultanas only) | 10ppb |
| | Roasted coffee beans and ground roasted coffee (excluding instant coffee or soluble coffee) | 5ppb |
| | Instant coffee or soluble coffee | 10ppb |
| | Food for infants and young children | 0.5ppb (on a dry basis) |
| | Spices, including dried spices | 20ppb |
| | Wine and fruit wine | 2ppb |
| | All food derived from cereals except food for infants and young children | 3ppb |
| Zearalenone | Unprocessed cereal grains other than maize | 100ppb |
| | Bread, pastries, biscuits, cereal snacks and breakfast cereals (excluding maize-based snacks and maize-based breakfast cereals) | 50ppb |
| | All other foods derived from cereal grains other than maize | 75ppb |
| | Unprocessed maize | 350ppb |
| | Refined maize oil | 400ppb |
| | Maize intended for direct human consumption, maize-based snacks and maize-based breakfast cereals | 100ppb |
| | Food for infants and young children | 20ppb (on a dry basis) |

## ယခုတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့

ဩဂုတ် ၂၃ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၀၁၉၀၉၃ ဒေါ်လာတန်ဖိုးရှိ ဓာတ်ဆီ ၂၈၁၉၃ ဒသမ ၄၅ တန်နှင့် အမေရိကန်ဒေါ်လာ ၁၅၆၆၀၂၁၀ ဒေါ်လာတန်ဖိုးရှိဒီဇယ် ၄၆၃၉၃ ဒသမ ၄၅ တန်၊ စုစုပေါင်း ဒီဇယ်၊ ဓာတ်ဆီ ၇၄၅၈၆ ဒသမ ၉၀ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၃၅၄၀၇ ဒသမ ၂၃ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၀၉၈၆ ဒသမ ၂၂ တန် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန် ၃၄၄၁၅ ဒသမ ၁၄ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၆၂၂၁ ဒသမ ၆၉ တန် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၆၇၀၆၆ ဒေါ်လာတန်ဖိုးရှိ ဓာတ်ဆီ ၁၀၁၉ ဒသမ ၇၈ တန်နှင့် အမေရိကန်ဒေါ်လာ ၉၁၉၆၂ ဒေါ်လာတန်ဖိုးရှိ၃၅၇ ဒသမ ၄၄ တန်တင်သွင်းခဲ့ကြောင်း သိရသည်။ **သီတာဝင်း**(DOT)

## တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီး၌ ဩဂုတ် ၂၈ရက်မှ စက်တင်ဘာ ၃ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် (ပိဿာ)ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၅၀၀ မှ ၈၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်) ကျပ် ၆၀၀ မှ ၁၅၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၇၀၀ မှ ၈၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၂၀၀ မှ ၂၀၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၇၀၀ မှ ၂၂၀၀ အတွင်း၊ ဘူးသီး (လုံး)ကျပ် ၅၀၀ မှ ၁၅၀၀အတွင်း၊မုန်ညင်း(ထုပ်)ကျပ် ၁၀၀၀မှ၁၃၀၀အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၆၀၀ မှ ၈၀၀ အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း) (ပိဿာ)ကျပ် ၂၂၀၀ မှ ၂၄၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၁၇၀၀မှ ၁၈၅၀ အတွင်း၊ ချင်း (ပိဿာ)ကျပ် ၂၅၀၀ မှ ၄၆၀၀ အတွင်း၊ ဆလတ်ရွက် (စီး) ကျပ် ၅၀ မှ ၂၀၀ အတွင်း၊ ရုံးပတီသီး (တောင့်) ကျပ် ၃ မှ ၁၃ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၅၀ မှ ၂၀၀ အတွင်း၊ ချဉ်ပေါင်ရွက် (စီး)ကျပ် ၄၀ မှ ၇၀ အတွင်း၊ ခရမ်းသီး (ရှည်) (လုံး) ကျပ် ၇၀ မှ ၁၇၀ အတွင်း၊ သံပရာသီး (လုံး) ကျပ် ၂၀ မှ ၅၀ အတွင်း၊ ပဲသီး (စီး)ကျပ်၄၀ မှ ၆၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၅၀၀ မှ ၁၀၀၀ အတွင်း၊ ဖရဲသီး(ကြီး/သေး)ကျပ် ၁၅၀၀ မှ ၃၅၀၀ အတွင်းရောင်းဝယ်လျက်ရှိသည်။ ယခုရက်သတ္တပတ်အတွင်း ကြက်သွန်ဖြူ(ကြူကုတ်)မှာ ဈေးအနည်းငယ်ကျနေပြီး ကျန်ရှိသော ကုန်ပစ္စည်းဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။ **ခိုင်ရွှေ(ရန်ကုန်)**

## Energy NYMEX 4-9-2020

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 41.01 | -0.36 | -0.87 |
| Brent Crude Futr (USD/bbl) | 43.71 | -0.36 | -0.82 |
| Gasoline Rbob Fut (Cent/gal) | 119.69 | -0.60 | -0.50 |
| Natural Gas Futr (USD/MMBtu) | 2.48 | -0.00 | -0.16 |
| Heating Oil Futr (Cent/gal) | 115.93 | -0.84 | -0.72 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 31-August | 27.81 | 2537.46 | 1759.45 | 6678.12 | 924.00 |
| 1-September | 28.72 | 2560.39 | 1768.05 | 6813.67 | 944.00 |
| 2-September | 27.98 | 2540.55 | 1775.98 | 6742.48 | 937.00 |
| 3-September | 27.06 | 2541.65 | 1753.06 | 6700.38 | 897.00 |
| 4-September | 26.70 | 2501.98 | 1752.40 | 6642.19 | 886.00 |

## အခေါက်ရွှေဈေး ကျပ် ၁၃ သိန်းကျော်ဖြင့် အမြင့်ဈေးတွင် တင်းခံ

စက်တင်ဘာလပထမပတ်တွင်း ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့်ပြည်တွင်းရွှေဈေးကျပ် ၁၃ သိန်းကျော်ဖြင့် အမြင့်ဈေးတွင် ဆက်လက်တင်းခံနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ၊ ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးဦးဝင်းမြင့်က ပြောဆိုသည်။

"ရောင်းသူ ၊ ဝယ်သူကတော့ မျှနေပါတယ်။ လူလတ်တန်းစားနဲ့ အခြေခံလူတန်းစားတွေက ပြန်ရောင်းကြတယ်။ ကမ္ဘာ့ဈေးနဲ့ နှိုင်းယှဉ်ပြရင်တော့ကိုးသောင်း၊ တစ်သိန်းလောက်လျော့နေတော့ ဝယ်တဲ့သူတွေကလည်း ဝယ်တယ်။ ရှိတော့ တန်ဆာ၊မရှိတော့ ဝမ်းစာဆိုတဲ့အတိုင်း စုဆောင်းထားတာလေးတွေကိုကုန်ပစ္စည်းနဲ့ စားသောက်ကုန်တွေ ဝယ်ဖို့အတွက် ပြန်ရောင်းကြတယ်"ဟု ဦးဝင်းမြင့်က ပြောဆိုသည်။စက်တင်ဘာ ၄ ရက် ရန်ကုန်ဈေးကွက်နှင့် မန္တလေးဈေးကွက်တွင် ၁၆ပဲရည် (အကယ်ဒမီ) အခေါက်ရွှေတစ်ကျပ်သားဈေးဖြစ်ပေါ်နေမှုအရ ကျပ် ၁၃၁၀၀၀၀ ဝန်းကျင်ဖြင့် ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ၁၅ပဲရည်တစ်ကျပ်သား ဈေးမှာ စက်တင်ဘာ ၄ ရက် ရန်ကုန်ဈေးကွက်နှင့် မန္တလေးဈေးကွက်တွင် နံနက်ပိုင်းဈေးဖြစ်ပေါ်နေမှုအရ ကျပ် ၁၂၃၂၉၀၀ ဝန်းကျင်ဖြင့် ကျဆင်းလာခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေးမှာစက်တင်ဘာ ၃ ရက်တွင် တစ်ထရိုင်အောင်စ ၁၉၃၄ ဒေါ်လာမှ စက်တင်ဘာ ၄ ရက်တွင် ၁၉၃၉ဒေါ်လာထိ မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးပါကျပ် ၁၃ သိန်းကျော်ထိ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ **ပန်းဆု**

## အမေရိကန်နိုင်ငံခြားငွေလဲနှုန်း ဆက်တိုက်ကျဆင်း

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေချိန် ပြည်တွင်းသုံး ကျပ်ငွေမာနေပြီး အမေရိကန်ဒေါ်လာမှာမူ ဆက်တိုက်ကျဆင်းလျက်ရှိကြောင်း နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်မှ သိရသည်။ လက်ရှိအမေရိကန်နိုင်ငံခြားငွေလဲနှုန်းမှာမူ တစ်ဒေါ်လာကျပ် ၁၄၀၀ အောက် ပြန်လည်ကျဆင်းလျက်ရှိပြီး အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာမူ စက်တင်ဘာ ၄ ရက် ပြင်ပဈေးကွက်တွင် တစ်ဒေါ်လာဝယ်ဈေး ၁၃၅၁ ကျပ်၊ ရောင်းဈေး ၁၃၅၅ ကျပ်ဝန်းကျင်တွင် အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သည်။

"ပြည်တွင်းကတော့ အခုလက်ရှိဖြစ်နေတဲ့ ကိုဗစ်ကြောင့် ပြန်ပြီးဖြစ်ပွားတာပေါ့နော်။ အရင်တုန်းက ကိုဗစ်က ငြိမ်သွားတယ်။ အခုကတော့ပြန်ဖြစ်တယ်။ လူအများစုက ကိုဗစ်ဖြစ်တော့ အပြင်မထွက်ရဘူး။ အိမ်မှာနေလို့ သွားလာရတဲ့အခါ ဒေါ်လာငွေသုံးစွဲမှုလျော့သွားတယ်။ ဒေါ်လာသုံးနိုင်အား နည်းလာပြီး ကျပ်ငွေအားက ခိုင်မာလာတယ်။ အဓိကကတော့ ရွှေဈေးတက်နေတာပေါ့။ ရွှေဈေးတက်နေတာလည်း ဖြစ်တယ်။ အမေရိကန်နဲ့ တရုတ်တို့စစ်ဖြစ်မယ်။ မဖြစ်ဘူး။ အငြင်းပွားနေကြတယ်။ အဲဒါကြောင့်လည်း ကမ္ဘာမှာဒေါ်လာကတော့ ရွှေထက်စာရင် အားပျော့တယ်"ဟု မြန်မာနိုင်ငံမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

ကမ္ဘာ့ဒေါ်လာအညွှန်းကိန်းမှာ စက်တင်ဘာ ၄ ရက်တွင် အညွှန်းကိန်း ၉၂ ပွိုင့်အထက်တွင် ဖြစ်ပေါ်လျက်ရှိနေပြီး ပြည်တွင်းပုဂ္ဂလိကဘဏ်များတွင်မူ စက်တင်ဘာ ၄ ရက် အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာ ဝယ်ဈေး ၁၃၄၅ ကျပ်၊ ရောင်းဈေး ၁၃၅၃ ကျပ်ဝန်းကျင်တွင်အရောင်း အဝယ်ဖြစ်ပေါ်ခဲ့သည်။အမေရိကန်နိုင်ငံခြားငွေလဲနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၂ ရက်က တစ်ဒေါ်လာကျပ် ၁၄၀၀ထိ မြင့်တက်လာ ခဲ့ပြီးနောက်ပိုင်းဒေါ်လာဈေးပြန်လည်ကျဆင်းကာ စက်တင်ဘာ ပထမပတ်ထိ တစ်ဒေါ်လာ ကျပ် ၁၄၀၀ အောက်တွင် သာ အရောင်းအဝယ်ဖြစ်ပေါ်လျက်ရှိကြောင်း နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်မှသိရသည်။ **ပန်းဆု**

## Currency Exchange Rate

**September 4, 2020**
**Base Currency is United States Dollar - USD**

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.37 |
| BDT Bangladesh Taka | 84.78 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 6.84 |
| EUR Euro | 0.84 |
| H KDHong Kong Dollars | 7.75 |
| I NR India Rupees | 73.33 |
| I DR Indonesia Rupiahs | 14764.34 |
| JPY Japan Yen | 106.17 |
| MYR Malaysia | 4.15 |
| PKR Pakistan Rupees | 165.88 |
| PHP Philippines Pesos | 48.59 |
| RUB Russia Rubles | 75.24 |
| SGD Singapore Dollars | 1.36 |
| KRW South Korea Won | 1190.27 |
| LKR Sri Lanka Rupe | 185.19 |
| THB Thailand Baht | 31.34 |
| GBP United Kingdom Pounds | 0.75 |
| VND VietnamDon | 23323.81 |

*Source:xe.com*

## World Gold Price

**September- 2020 (USD/OZ)**

| Date | NY | London | Zurich |
|---|---|---|---|
| 31 | 2040 | 1966 | 1966 |
| 1 | 2040 | 1992 | 1990 |
| 2 | 2006 | 1968 | 1968 |
| 3 | 1996 | 1939 | 1940 |
| 4 | 1980 | 1937 | 1938 |

## Domestic Gold Price

**Kyats(Thousand)**

| Date | Yangon | Mandalay |
|---|---|---|
| 31-8.-2020 | 1309.00 | 1308.50 |
| 1-9-2020 | 1313.00 | 1313.00 |
| 2-9- 2020 | 1308.00 | 1307.50 |
| 3-9- 2020 | 1311.00 | 1311.00 |
| 4-9- 2020 | 1310.00 | 1310.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 31 | 6.86 | 31.17 | 84.77 | 73.64 |
| 1 | 6.82 | 30.97 | 84.75 | 72.83 |
| 2 | 6.82 | 31.21 | 84.73 | 72.99 |
| 3 | 6.84 | 31.38 | 84.78 | 73.29 |
| 4 | 6.84 | 31.34 | 84.78 | 73.33 |

## ရန်ကုန်စတော့အိတ်ချိန်းတွင် ဩဂုတ်တစ်လလုံး ကျပ် ၉၄၄ သန်းကျော် အရောင်းအဝယ်ရှိခဲ့

ဩဂုတ်လတွင် Normal Tarde နှင့် ရှယ်ယာပေါင်း ၁၁၈၈၅၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေပမာဏအနေဖြင့် ကျပ် ၇၄၇ ဒသမ ၅ သန်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

Block Trading စနစ်နှင့်၅၄၈၇၄ စုဖြစ်ခဲ့ပြီး ငွေတန်ဖိုးအားဖြင့် ၁၉၇ ဒသမ ၄၅ သန်းဖိုးဖြစ်ခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ စုစုပေါင်း ၉၄၄ ဒသမ ၉၅ သန်းဖိုးအရောင်းအဝယ်ရှိခဲ့၍ တစ်ရက်ပျမ်းမျှ ၄၇ သန်းဖိုး အရောင်းအဝယ်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက ပြောကြားသည်။

သို့သော် ဇူလိုင်လထက် နှိုင်းယှဉ်ပါက အရောင်းအဝယ်ပမာဏ ငါးရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီး စတော့အညွှန်းကိန်း MYANPIX ကတော့ ၄၂၉-၄၄၈ ကြားရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းမှ နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပပေးနေသည့် YSX EXPO ပွဲကြီးကို COVID -19 ကပ်ရောဂါကြောင့် ယခုနှစ်တွင် လူစုလူဝေးဖြင့် မကျင်းပတော့ဘဲ စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တွင် Digital Exhibition ပုံစံမျိုးဖြင့် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ EXPO ပွဲတွင် (live) ဆွေးနွေးပွဲအတွက် Registration စာရင်းပေးသွင်းသူများအား ဖုန်းဘေလ်ကံစမ်းမဲ အစီအစဉ်အဖြစ် စာရင်းပေးသွင်းသူများထဲမှ ကံထူးရှင် ၁၀၀ အတွက် ဖုန်းဘေလ်များကို Random စနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပြီး https://ysx.expo2020.online သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **ပန်းဆု**

## ဘိလပ်မြေ

# ပင်လယ်ရေကြောင်းမှ ဘိလပ်မြေ တန်ချိန် ၉၀၀ ကျော်ဝင်

ဩဂုတ် ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၅၁၇၂ တန်ဖိုးရှိ ဘိလပ်မြေ ၉၄၀ ဒသမ ၈၀ တန်ကို ပင်လယ်ရေကြောင်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှတန်ချိန် ၈၄၀ နှင့် မလေးရှားနိုင်ငံမှ ၁၀၀ ဒသမ ၈၀ တန်တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေ တန်ချိန် ၃၅၂ ဒသမ ၄၄ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၅၈၈ ဒသမ ၃၆ တန်ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၂ ရက်မှ ၂၈ရက်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာ ၆၂၅၀ တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၈၄၅၀ ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန် ၂၂၀၀ အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှအဝင်ပိုခဲ့ပြီး နယ်စပ်မှအဝင်လျော့ခဲ့သည်။



# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခင်တစ်ပတ် ဘိလပ်မြေဈေးအနည်းငယ်ကျလာသော်လည်း ယခုတစ်ပတ်မှာ ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၂၀၀၊ ကျားခေါင်းကျပ် ၆၂၀၀၊ နဂါးကျပ် ၄၃၀၀ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** အရောင်းပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် ခရောင်း(၅၂၅)နှင့်(၄၂၅)က ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာအေသုံးလုံး ကျပ် ၄၀၀၀၊ အယ်လ်ဖာကျပ် ၃၉၀၀၊ခရောင်း (၅၂၅) ကျပ် ၄၄၀၀၊ ခရောင်း (၄၂၅) ကျပ် ၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးအနည်းငယ်များနေသော်လည်း အရောင်းပုံမှန်ဖြစ်ကြောင်း သိရသည်။ ယခင်တစ်ပတ် ဈေးအနည်းငယ်ကျခဲ့သော်လည်း ယခုတစ်ပတ် ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာကျပ် ၅၆၀၀၊ ကြံ့ တစ်ကောင် (ပြာ)၅၀၂၅ကျပ်၊ ကြံ့ နှစ်ကောင်(နီ) ၅၁၁၅ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ်မှာလည်း အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်ကြောင်းသိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၄၅၀၀၊ ကြံ့ကျပ်၄၇၀၀၊ ကမ္ဘောဇကျပ် ၅၅၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၂၀၀၊ အယ်လ်ဖာကျပ် ၄၃၀၀နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ယခုတစ်ပတ် မြေဩဇာတန်ချိန် ၂၀၀၀၀ နီးပါးဝင်

ဩဂုတ် ၂၃ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၄၆၂၂၇၅ တန်ဖိုးရှိမြေဩဇာ ၁၉၆၀၀ ဒသမ ၁၂၂ တန်ကိုပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှတန်ချိန် ၆၆၀၊ တရုတ်နိုင်ငံမှ ၆၆၃၈ ဒသမ ၆၂၅ တန်၊ အီဂျစ်နိုင်ငံမှ ၁၁၅၃ ဒသမ ၄၆၇ တန်၊ ဂျပန်နိုင်ငံမှ ၁၂၈ ဒသမ ၈၈ တန်၊ ကိုရီးယားနိုင်ငံမှ ၄၆၄ ဒသမ ၄၉ တန်၊ လာအိုနိုင်ငံမှတန်ချိန်၅၀၀၊ မလေးရှားနိုင်ငံမှ ၆၉၉၈ ဒသမ ၃၆ တန်၊ နော်ဝေနိုင်ငံမှ ၄၄၆ ဒသမ ၀၄ တန်၊ ရုရှားနိုင်ငံမှ ၁၅၆၁ ဒသမ ၇၆ တန်၊ ထိုင်းနိုင်ငံမှ ၅၄၈ ဒသမ ၅၀ တန်နှင့် ဗီယက်နမ်နိုင်ငံမှတန်ချိန် ၅၀၀ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး တရုတ်နိုင်ငံမှ ဒုတိယအများဆုံး တင်သွင်းခဲ့ကြောင်း သိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ပိုတက်၊ ဖော့စဖိတ်၊ ဖလော်လီရာ (၂၀း၂၀း၂၀)(၇း၁၃း၃၄)၊ ယူရီးယား(ဖြိုးမောက်)၊ ကွန်ပေါင်း၊ အမိုးနီးယားဆာလဖိတ်၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ယူရီးယား(၄၆%)၊ ယူရီးယား(Grow Up)၊ အော်ဂဲနစ်(ဖူဂျီ)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ပိုတက်(Swe'Met)၊ ကွန်ပေါင်း(၂၄း၇း၇)(၁၉း၉း၁၉)နှင့် အာမို(စံချိန်သစ်)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၁၃၄၆၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၆၁၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

# မကွေးမြေဩဇာဈေးကွက် အရောင်းပါး

ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ နယ်စပ်လမ်းမှမြေဩဇာအဝင်မှာ တန်ချိန် ၁၆၈၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန် ၁၅၀၆၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန် ၁၇၇၀ ကျော်အဝင်ပိုခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းမှအဝင်လျော့ခဲ့သည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့်မော်လမြိုင်၊ တောင်ကြီးနှင့် မန္တလေးတို့တွင် အရောင်းပုံမှန်ရှိပြီး မကွေး၌အရောင်းအေးကြောင်းသိရသည်။

**မော်လမြိုင်ဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် ကွန်ပေါင်း(ထိုင်း)(Grow How)က ဈေးကွက်အတွင်း ပြန်ဝင်လာပြီး ပုလဲ-အသေး(မြန်မာ)(စုစံ)က ကျပ် ၅၀၀ဈေးမြင့်ပြီးတီစူပါ (၄၆%) (သံကွင်း)(တရုတ်) နှင့်ပိုတက်(မာကိုတာ)က ကျပ် ၅၀၀ ဈေးလျော့ခဲ့ပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးအတိုင်းအရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး (အမ်စီ)ကျပ် ၂၅၀၀၀၊ ပုလဲ-မြန်မာ(နဂါး-တရုတ်)ကျပ် ၂၇၅၀၀၊ ပုလဲ-မြန်မာ (စုစံ)ကျပ် ၂၄၅၀၀၊ ကွန်ပေါင်း(အစိမ်း)(၁၅း၁၅း၁၅)(အမ်စီ)ကျပ် ၄၀၀၀၀၊ တီစူပါ ၄၆%(သံကွင်း-တရုတ်)ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း(တရုတ်) (၁၀း၁၀း၅) (မြှားနီ) ကျပ် ၂၀၀၀၀၊ တီစူပါ(၂၀%)(မြှားကမ္ဘာ-တရုတ်)ကျပ် ၂၃၅၀၀၊ ပိုတက်(မာကိုတာ)ကျပ် ၂၉၀၀၀၊ ပိုတက်(အမ်စီ)(နွားခေါင်း) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း(ထိုင်း)(Grow How)ကျပ် ၃၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်ပါးပြီး ဈေးအနည်းငယ်ကျလာကြောင်း သိရသည်။ ယခုတစ်ပတ် မြှားကမ္ဘာ(၁၂း၁၃)ကကျပ် ၃၀၀၊ ဆင် (၁၀း၁၀း၅)နှင့် တောင်သူမက ကျပ် ၂၀၀၊ အာမို(၁၀း၁၀း၅)က ကျပ် ၁၀၀၊ ဇာမနီက ကျပ် ၁၀၀၀၊ တီစူပါကကျပ် ၇၀၀၊ မြှား(၁၅း၉း၈)က ကျပ် ၅၀၀ ဈေးကျကာအာမို(၁၅)ပတ်လည်က ကျပ် ၁၀၀ ဈေးမြင့်လာပြီး ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြှားကမ္ဘာ-တရုတ်(၁၂း၁၃)ကျပ် ၁၇၅၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၀၀၀၊ အာမို၁၅း၁၅း၁၅ကျပ် ၃၈၆၀၀၊ အာမို(၁၆း၁၆း၈) ကျပ် ၃၆၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ်၂၄၂၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ် ၂၄၂၀၀၊ မြှားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၁၀၀၀၊ တောင်သူမ ကျပ် ၁၇၈၀၀၊ တီစူပါက ကျပ် ၂၂၃၀၀၊ဇာမနီ ကျပ် ၁၉၀၀၀၊ တက်တိုး ကျပ် ၂၂၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

**မန္တလေးဈေးကွက်၌** အရောင်းပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ်ယူရီးယား(ရွှေတောင်)က ဈေးမဖွင့်သေးဘဲ တီစူပါ(၄၆%)က ကျပ် ၂၀၀ဈေးကျပြီး မြှားသီးစုံနှင့် ပန်းသီးစုံက ကျပ် ၁၁၀၀၊ အာမို(၁၀း၁၀း၅)က ကျပ် ၃၀၀ ဈေးမြင့်ပြီး ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီတန်ချိန် ၂၀၀ကျော်နှင့် နို့မှုန့်တန်ချိန် ၂၀၀ကျော် တင်သွင်း

ဩဂုတ် ၂၃ ရက်မှ ၂၉ ရက် အတွင်း အမေရိကန်ဒေါ်လာ ၂၇၁၇၂၇ တန်ဖိုး ရှိနို့ဆီ ၂၇၂ ဒသမ ၈၄၄ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ Hawk တစ်မျိုးသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့ဆီ ၂၁၈ ဒသမ ၈၈ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၅၃ ဒသမ ၉၆၄ တန်ပိုမို တင်သွင်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၅၈၁၄၈၀ တန်ဖိုးရှိ နို့မှုန့် ၂၀၁ ဒသမ ၂၂၅ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှတင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်ကနို့မှုန့်အဝင်မရှိခဲ့ဘဲ ယခုတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်းသိရ သည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်ပိုခဲ့ပြီး နို့မှုန့်ပြန်လည် တင်သွင်းခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၈ မှ ၂၈/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၈ မှ ၂၁/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | | - |
| ၂။ | လွယ်ဂျယ် | | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၂၅၀၀.၀၀ | ၆၈၀၀.၀၀ | (-) | ၄၃၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၈၅၀.၀၀ | ၁၅၅၀.၀၀ | (+) | ၃၀၀.၀၀ |
| ၈။ | မြိတ် | ၁၉၀၀.၀၀ | ၁၀၀.၀၀ | (+) | ၁၈၀၀.၀၀ |
| | စုစုပေါင်း | ၆၂၅၀.၀၀ | ၈၄၅၀.၀၀ | (-) | ၂၂၀၀.၀၀ |

အေးအေးသန့်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၈ မှ ၂၈/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၈ မှ ၂၁/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၁၉၀.၂၀ | ၁၂၇၂.၇၅ | (+) | ၉၁၇.၄၅ |
| ၂။ | လွယ်ဂျယ် | ၇၆၉.၂၀ | ၁၀၁၇.၈၅ | (-) | ၂၄၈.၆၅ |
| ၃။ | ချင်းရွှေဟော် | ၁၁၈၂၈.၅၅ | ၁၀၉၉၁.၉၇ | (+) | ၈၃၆.၅၈ |
| ၄။ | ကန်ပိုက်တီ | ၅၂၃.၀၀ | - | (+) | ၅၂၃.၀၀ |
| ၅။ | မြဝတီ | ၁၅၀၆.၅၄ | ၁၇၈၃.၅၀ | (-) | ၂၇၆.၉၆ |
| ၆။ | ကော့သောင်း | ၂၁.၆၀ | - | (+) | ၂၁.၆၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၆၈၃၉.၀၉ | ၁၅၀၆၆.၀၇ | (+) | ၁၇၇၃.၀၂ |

ခင်မိုးသူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ

အမိန့်ကြော်ငြာစာအမှတ်၊ ၃ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက် )

၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းကို မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ ၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ်အား အောက်ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည် -

(က) လူစီးမော်တော်ယာဉ်များ - ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ
(ခ) လုပ်ငန်းသုံးယာဉ်များ - ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ
(ကုန်တင်ယာဉ်/ ခရီးသည်တင်ယာဉ်)
(ဂ) မီးသတ်ယာဉ်များ/လူနာတင်ယာဉ်များ - ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ
(ဃ) ယန္တရားများ - ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ

၂။ အထက်အပိုဒ် ၁၊ အပိုဒ်ခွဲ (က) မှ (ဂ) အထိ ယာဉ်များ တင်သွင်းရာတွင် လက်ဝဲ စတီယာရင်များသာ တင်သွင်းခွင့်ပြုမည်။

၃။ မီးသတ်ယာဉ်များ၊ လူနာတင်ယာဉ်များနှင့်ပတ်သက်၍ အစိုးရဌာနအဖွဲ့အစည်းများသို့ လှူဒါန်းခြင်းဖြစ်ပါက ၂၀၀၇ ခုနှစ် မော်ဒယ်အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး လက်ဝဲစတီယာရင်အပြင် လက်ယာစတီယာရင်များပါ တင်သွင်းခွင့်ပြုမည်။

၄။ အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် ပူးတွဲပါ လုပ်ငန်းသုံး ယန္တရားများအား လွန်ခဲ့သော(၁၅)နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ်များကို တင်သွင်းခွင့်ပြုမည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ဥက္ကဋ္ဌ
မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော
လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

**အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် လုပ်ငန်းသုံးယန္တရားစာရင်း**

| | | | |
|---|---|---|---|
| ၁။ | Excavator | ၁၀။ | Tower Crane |
| ၂။ | Bulldozer | ၁၁။ | Pilling Machine |
| ၃။ | Wheel Loader | ၁၂။ | Crawler Drill/ Crane |
| ၄။ | Vibratory Roller | ၁၃။ | Overhead Travelling Crane |
| ၅။ | Clamp Loader | ၁၄။ | Mobile Crane |
| ၆။ | Motor Grader | ၁၅။ | Rough -Terrain Crane |
| ၇။ | Road Roller Compactor | ၁၆။ | Forklift |
| ၈။ | Bridge Crane | ၁၇။ | Boom Lift |
| ၉။ | Gantry Crane | ၁၈။ | Asphalt Finisher (ကတ္တရာခင်းစက်) |

# တောင်ငူမြို့တွင် မန်ကျည်းမှည့် ဈေးမြင့်ပြီး အရောင်းအဝယ်အေး

တောင်ငူမြို့ ဈေးများတွင် ဒေသထွက်မန်ကျည်းမှည့်များနှင့်အထက်အညာဒေသများမှ တင်ပို့သော မန်ကျည်းမှည့်များ ရောင်းချလျက်ရှိရာ ယခင်လက မန်ကျည်းမှည့်တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ အထိ ဈေးရပြီး ယခုလတွင် တစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ကျပ် ၄၀၀၀ အထိ ဈေးတက်ကြောင်း၊ အရောင်းအဝယ်မှာလည်း အနည်းငယ်အေးကြောင်း တောင်ငူမြို့ရှိ ကုန်စုံဆိုင်များမှသိရသည်။

သင်းသင်းအေး(တောင်ငူ)

## ပြည်တွင်းဆီဈေးနှုန်းများ (၄-၉-၂၀၂၀)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၂၀၀ | ၇၂၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၉၅၀ | ၂၁၀၀ | △ |
| ရန်ကုန် | ၈၆၀၀ | ၈၆၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၉၀၀ | ၂၁၀၀ | △ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၆၀၀ | △ | ၂၀၀၀ | ၂၂၀၀ | □ |
| ပဲခူး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၉၅၀ | ၂၁၀၀ | △ |
| မကွေး | ၇၀၀၀ | ၆၅၀၀ | ▽ | ၆၀၀၀ | ၅၅၀၀ | ▽ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၆၅၀၀ | ၆၅၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၉၀၀ | ၂၂၀၀ | △ |
| စစ်တွေ | ၈၅၀၀ | ၈၅၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၄-၉-၂၀၂၀ US$/Ton

| အမျိုးအစား | ဩဂုတ်တတိယပတ် | ဩဂုတ်စတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၉၇.၅၀ | ၆၉၀.၅၀ | ▽ |
| RBD P.Olein | ၇၀၅.၅၀ | ၇၀၁.၀၀ | ▽ |
| RBD P.Stearin | ၆၇၉.၅၀ | ၇၀၁.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၄-၉-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၇၅.၈၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၁၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၃၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၄၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၉၇.၂၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၄.၀၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၃ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၈၅၁.၅၆၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၄-၉-၂၀၂၀ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၇၀ ဒေါ်လာနှင့် USD ဈေး ၁၃၃၂ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၄-၉-၂၀၂၀ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ခရု၊ ကမာ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သင့်

မြန်မာနိုင်ငံသည် ကမ်းရိုးတန်း ကီလိုမီတာ ၂၈၀၀ ကျော် ပိုင်ဆိုင်သည့် နိုင်ငံဖြစ်သည်။ ကမ်းရိုးတန်းဒေသများတွင် ရေငန်ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်း၊ ခရု၊ ကမာများ ကြွယ်ဝစွာ ဖမ်းဆီးရမိသည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် ရေသန့်ရှင်းမှုအဆင့် ၁၀ တွင် တည်ရှိသည်။ တနင်္သာရီကမ်းရိုးတန်းတွင် ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကမ္ဘာ့အသိအမှတ်ပြု မြိတ်ကျွန်းစုများ တည်ရှိသည်။

အဆိုပါ ကျွန်းစုများ ပတ်ဝန်းကျင်တွင် ရေငန် ငါး၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်း၊ ခရု၊ ကမာများ ပေါက်ဖွားကျက်စား နေထိုင်ကြသည်။ ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး စသည့် ကမ်းရိုးတန်းတစ်လျှောက်တွင် ခရု၊ ကမာမျိုးစုံ ပေါက်ဖွားနေထိုင်ကြသည်။ ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်သည့် ဒေသခံများသည် ဖော်ပြပါ ခရု၊ ကမာများကို စားသုံးသည့်ဓလေ့ ရှိကြသော်လည်း၊ ကုန်းတွင်းဒေသများ၊ အထက်အညာဒေသများ၊ တောင်တန်းဒေသများတွင် ခရု၊ ကမာစားသုံးမှု အလေ့အထ အလွန်နည်းကြသည်။

ဟိုတယ်နှင့် စားသောက်ဆိုင်များတွင်သာ ဟင်းလျာတစ်မယ်အဖြစ် မှာယူစားသုံးလေ့ရှိကြသည်။ မြိတ်ဒေသတွင် ဒေသအခေါ် ကမာ၊ ချင်း၊ ရှပ်၊ ပတေ် ဟုခေါ် ဆိုသည့် ခရုလေးမျိုး ထွက်ရှိသည်။ အဆိုပါ ခရုလေးမျိုးအနက် ကမာမှာ ဈေးအကြီးဆုံးဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့်ခရုများကို ဒေသတွင်းစားသုံးမှုသာမက အိမ်နီးချင်း ထိုင်းနိုင်ငံသို့ပါ တင်ပို့ရောင်းချကြသည်။

မြန်မာနိုင်ငံတွင် ခရု၊ ကမာ မွေးမြူခြင်းလုပ်ငန်းများကို စနစ်တကျမွေးမြူခြင်းမရှိကြဘဲ ပင်လယ်ပြင်သဘာဝမှ ဖမ်းဆီးစားသောက်ကြခြင်းဖြစ်သည်။ ရေရှည် ဖမ်းဆီးထုတ်ယူနိုင်ရန်အတွက် သယံဇာတထိန်းသိမ်းရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်သည်။ သို့ပါသော်လည်း ကမ္ဘာပေါ်တွင် ပင်လယ်ကမ်းရိုး တန်းများနှင့် ထိစပ်သည့်နိုင်ငံများတွင် ခရု၊ ကမာ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ခေတ်မီနည်းစနစ်များ အသုံးပြုမွေးမြူ ဆောင်ရွက်ကြခြင်းကြောင့် ပြည်တွင်းစားသုံးရန် ဖူလုံမှုရှိခြင်း၊ ပြည်ပတင်ပို့နိုင်ခြင်းများကြောင့် နိုင်ငံခြားဝင်ငွေရရှိခြင်း၊ ကမ်းရိုးတန်းဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ထွန်းရရှိခြင်း စသည့်အကျိုးရလဒ်များကို ခံစားရရှိလျက်ရှိသည်။

အိမ်နီးချင်း ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသည် ခရု၊ ကမာ မွေးမြူရေးလုပ်ငန်းများ အောင်မြင်တိုးတက်ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံများဖြစ်ကြသည်။ အဆိုပါနိုင်ငံများအတွင်း ခရု၊ ကမာစားသုံးမှု အလေ့အထ တိုးတက်မြင့်မားမှုရှိသလို ပြည်ပနိုင်ငံများသို့လည်း အမြောက်အမြား တင်ပို့နေသော နိုင်ငံများဖြစ်ကြသည်။

ခရု၊ ကမာ စားသုံးခြင်းဓလေ့သည် အမေရိကန်၊ ဥရောပ၊ အာရှ၊ ဩစတြေးလျ၊ အာဖရိက၊ လက်တင်အမေရိက စသည့် ကမ္ဘာ့နိုင်ငံများအားလုံးတွင် နည်းလမ်းမျိုးစုံဖြင့် နှစ်ခြိုက်စွာ စားသုံးကြသည့်အတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ကြီးမားသည့် ပင်လယ်စာရေထွက် ကုန်ပစ္စည်းဖြစ်သည်။ ခရု၊ ကမာမွေးမြူရေးလုပ်ငန်းများသည် အစာကျွေးရန် မလိုအပ်ဘဲ သန့်ရှင်းကောင်းမွန်သည့် ပင်လယ်ရေပြင်တွင် ခရု၊ ကမာများကို စနစ်တကျ မွေးမြူခြင်းနည်းဖြင့် မွေးမြူထုတ်လုပ်ကြခြင်းဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်အပေါ်တွင်လည်း ထိခိုက်မှုမရှိဘဲ အစာကုန်ကျစရိတ် လုံးဝမလိုအပ်သည့် ရေထွက်ကုန်ပစ္စည်းဖြစ်သည့်အတွက် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် သဘာဝ မှဖမ်းဆီးထုတ်ယူခြင်းထက် မွေးမြူခြင်းနည်းစနစ်များကို အသုံးပြုဆောင်ရွက်ခြင်းဖြင့် ခရု၊ ကမာ ထွက်ရှိမှုများ ပိုမိုတိုးတက်လာပြီး နိုင်ငံခြားဝင်ငွေရရှိရန် ဈေးကွက်သေချာသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သတင်းရရှိသည်။

**ခိုင်သဥ္ဇာဦး(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်း၊ ဈေးကွက် အခြေအနေ

ဩဂုတ်လအတွင်း မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ် လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၂၁၃၈ တန်ဖိုးရှိ ငရုတ်သီးခြောက် ၄ ဒသမ ၁၉ တန်တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မှ ကယားပြည်နယ်အတွင်းသို့ ကုန်ပစ္စည်းတင်သွင်းမှုအနေဖြင့် ကုန်သွယ်မှုပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၀၀၀ တန်ဖိုးရှိ အချိုမှုန့် ၁၂ ဒသမ ၁၁ တန်ကို ကုန်သွယ်မှုပြုနိုင်ကြောင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း စာရင်းများအရ သိရှိရသည်။

ဩဂုတ်လအတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်း ၁၀၀၃၀ အိတ် တန်ချိန်အားဖြင့် ၅၀၃ ဒသမ ၆၂ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ဆန်တင်သွင်းမှာ ၂၅၆၀ အိတ်၊ မန္တလေးမြို့မှ ၃၅၃၀ အိတ်၊ ရွှေဘိုမြို့မှ ၁၉၅၀ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၈၀၄၀ အိတ် တန်ချိန်အားဖြင့် ၄၃၀ ဒသမ ၇၀ တန် တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့် အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၁၉၄၃၅ အိတ် တန်ချိန်အားဖြင့် ၉၅၂ ဒသမ ၀၅ တန်ခန့် တင်သွင်းခဲ့ကြောင်း ပြည်နယ် အထွက်ဂိတ်စာရင်းများအရ သိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိ စပါးဈေးနှုန်းမှာ ဧည့်မထ(မိုး) စပါးတင်း ၁၀၀ လျှင် ကျပ် ၈၀၅၀၀၀ ဈေးပေါက်ကြောင်း၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၆၃၀၀၀၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၃၇၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ (စည်ပင် လက်လီဈေး) ကျပ် ၇၀၀၀၊ နှမ်းဆီ (စည်ပင် လက်လီဈေး) ကျပ် ၇၀၀၀၊ စားအုန်းဆီ (စည်ပင် လက်လီဈေး) ကျပ် ၂၂၀၀၊ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ကျပ် ၄၉၀၊ စားဖိုဆောင်သီးနှံဈေးနှုန်းများမှာ ငရုတ်သီးခြောက် အရှည် တစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ ငရုတ်သီးခြောက်အပု တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၈၀၀၊ ကြက်သွန်ဖြူ (ရှမ်းစ/ဒေသစ) တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကယားပြည်နယ်၊ စားသုံးသူကုန်ဈေးနှုန်း သတင်းများအရ သိရှိရသည်။

**ဖြိုးဝေအောင် (ကယား)**



# မော်လမြိုင် ကုန်စည်ဒိုင်၌ ဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်

စက်တင်ဘာ ၁ ရက်က မော်လမြိုင်ကုန်စည်ဒိုင်၏ ဈေးနှုန်းထုတ်ပြန်ချက်များအရ ရော်ဘာ R.S.S-3 တစ်ပေါင် ကျပ် ၇၃၀၊ ၁၀၈ ပေါင် (ဆန်သား ၉၀%ပါဝင်)ဆန်တစ်အိတ်ဈေးနှုန်းများမှာ ဧည့်မထ ကျပ် ၂၈၀၀၀၊ ပေါ်ကြွဲ ကျပ် ၃၃၀၀၀၊ ပေါ်ဆန်းကျပ် ၄၁၀၀၀၊ ပဲမျိုးစုံသီးနှံ ပိဿာ ၂၀ ဝင် ပဲတစ်တင်း ဈေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၃၅၀၀၀၊ မတ်ပဲ ကျပ် ၃၁၄၀၀၊ ပဲလွမ်းဖြူ ကျပ် ၃၄၀၀၀၊ ဗိုလ်ကိတ်ကျပ် ၂၆၅၀၀၊ ပဲပုပ်ကျပ် ၂၂၂၀၀၊ သစ်သီးဝလံအုပ်စုမှ ကွဲကောသီးပန်းရောင်တစ်လုံး ကျပ် ၁၅၀၀ မှ ၄၀၀၀၊ ကွဲကောသီးအဖြူ ကျပ် ၁၀၀၀ မှ ၂၅၀၀၊ မင်းကွက်သီးတစ်လုံး ကျပ် ၅၀ မှ ၁၅၀၊ ဒေသထွက် ဒူးရင်းသီးတစ်လုံး ကျပ် ၂၀၀၀ မှ ၄၀၀၀၊ ရေထွက်ကုန်(အလတ်စ) တစ်ပိဿာ ဈေးနှုန်းများမှာ ငါးတန် ကျပ် ၂၃၀၀၊ ငါးမြစ်ချင်း ကျပ် ၃၁၀၀၊ ငါးဖားမ ကျပ် ၂၃၀၀၊ တီလားပီးရား ကျပ် ၃၅၀၀၊ ငါးပုတ်သင် ကျပ် ၅၅၀၀၊ ငါးပုဏ္ဏား (ထီး)ကျပ် ၈၀၀၀၊ ကကတစ် ကျပ် ၉၀၀၀၊ ငါးသလောက် (အာနီ)ကျပ် ၁၈၀၀၀၊ ကင်းမွန် ကျပ် ၅၅၀၀ မှ ၈၅၀၀၊ ပုစွန်ပျော့ (သေး/ကြီး) ကျပ် ၁၈၀၀၀ မှ ၂၀၀၀၀၊ ရေချိုပုစွန်တုပ် (စိမ်း) ကျပ် ၂၂၀၀၀-၃၀၀၀၀၊ ကဏန်း(၀ သုံးလုံး လတ်/ကြီး) ကျပ် ၆၅၀၀ မှ ၈၀၀၀ အသီးသီး ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက R.S.S-3 ရော်ဘာတစ်ပေါင်ဈေးနှုန်း မပြောင်းလဲဘဲ အဓိကစားသုံးကုန်ဖြစ်သည့် ဧည့်မထဆန် တစ်အိတ် ကျပ် ၁၀၀၀၊ ပေါ်ကြွဲနှင့် ပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၅၀၀ မြင့်တက်လာသည်။ ပဲမျိုးစုံသီးနှံတွင် ပဲလွမ်းဖြူ တစ်မျိုးတည်း တစ်ပိဿာ ကျပ် ၁၅၀၀ ဈေးမြင့်တက်နေပြီး သစ်သီးဝလံများ ဈေးနှုန်း တည်ငြိမ်နေသည်။ ရေထွက်ကုန်များမှာ (အမျိုးအစား/အရွယ်အစား ပေါ်မူတည်ပြီး)ဈေးနှုန်း အတက်/အကျ ပြောင်းလဲမှုများရှိကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဗဟိုဌာန)**

# တင်ပို့မှု လျော့နည်းသော်လည်း ဈေးကောင်းနေသော မတ်ပဲ

ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၃၃၆၇ ဒသမ ၇၆၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၃၈၀၆၉ ဒသမ ၄၃ ဒေါ်လာတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၇ နိုင်ငံရှိပြီး ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်း၊ ကနေဒါ၊ နီပေါ၊ ပါကစ္စတန်၊ဟောင်ကောင်၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သော နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်ဖြစ်၍ တန်ချိန် ၇၂၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၆၅၂၀ ဖြစ်ပြီး အနည်းဆုံး တင်ပို့ခဲ့သောနိုင်ငံမှာ ဟောင်ကောင်ဖြစ်၍ တန်ချိန် ၁၂၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၈၈၅ ဖြစ်ကြောင်းသိရသည်။

ယခင်အပတ်တင်ပို့မှုမှာတန်ချိန် ၁၉၃၄၄ ဒသမ ၄၄၆၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၅၉၁၃၃၈ ဒသမ ၇၃ ဖြစ်သောကြောင့် ယခုအပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၅၉၇၆ ဒသမ ၆၈၆၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၉၅၃၂၆၉ ဒသမ ၃ လျော့နည်းတင်ပို့ခဲ့ကြောင်းသိရသည်။ မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်အပတ်က အမေရိကန်ဒေါ်လာ ၇၅၄ ဖြစ်ပြီး၊ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၇၈၃ ဖြစ်သောကြောင့် ယခုအပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၉ ပိုမိုခဲ့ကြောင်း သိရသည်။

**စန်းစန်းမော် (မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**


# မုံရွာမြို့၌ တစ်ပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

ယခုတစ်ပတ်အတွင်း မုံရွာမြို့တွင် ရွှေဘိုပေါ်ဆန်း တစ်ပြည် ကျပ် ၂၃၀၀၊ ဧရာမင်း တစ်ပြည် ကျပ် ၂၀၀၀၊ ရေဦးဧရာမင်း တစ်ပြည် ကျပ် ၂၂၀၀ ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်နီ လက်လီဈေးမှာ (ကြီး) တစ်ပိဿာ ကျပ် ၆၅၀၊ (လတ်) တစ်ပိဿာ ကျပ် ၅၅၀ (သေး) တစ်ပိဿာ ကျပ် ၄၅၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်သွန်ဖြူ လက်လီဈေးမှာ (ဗမာ) ခွာပြီးသား (အမြှောင်းကြီး)တစ်ပိဿာ ကျပ် ၄၈၀၀၊(အသေး) တစ်ပိဿာ ကျပ် ၄၀၀၀၊ ရှမ်းကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာ ကျပ် ၂၈၀၀-၃၂၀၀ ရှိသည်။ ချင်းတစ်ပိဿာ ကျပ် ၃၂၀၀၊ ငရုတ်သီးခြောက် တစ်ပိဿာ ကျပ် ၃၃၀၀ မှ ကျပ် ၄၈၀၀၊ အာလူး တစ်ပိဿာ ကျပ် ၇၀၀-၁၂၀၀၊ ဂေါ်တခါးသီး တစ်လုံး ကျပ် ၁၀၀-၁၂၅ နှင့် ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁၉၀၀-၂၀၀၀ ဈေးရှိပြီး ခရမ်းချဉ်သီးဈေးမှာ ယခင်တစ်ပတ်ထက် ၂၀၀ ကျပ်ကျဆင်းခဲ့သည်။

ပဲဆီဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၅၉၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၅၅၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၂၀၀၀ ရှိပြီး ယခင်တစ်ပတ်ထက် ၁၅၀ ကျပ် မြင့်တက်ခဲ့သည်။ မြေပဲလုံးဆန်ပေါက်ဈေးနှုန်းများမှာ လုံးဆန်(ဖြူ) တစ်ပိဿာ ကျပ် ၃၀၅၀၊ လုံးဆန်(နီ) တစ်ပိဿာ ကျပ် ၃၁၅၀၊ ဆီဆန်တစ်ပိဿာ ကျပ် ၂၆၀၀-၂၆၇၅ ရှိပြီး ဈေးနှုန်းများမှာ မုံရွာကုန်စည်ဒိုင် ပေါက်ဈေးနှုန်းဖြစ်သည်။ ဘုတလင်နယ်ထွက် နေကြာဆီ တစ်ပိဿာ ကျပ် ၆၀၀၀ ရှိပြီး ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ထက်ထက်မိုး**
**(ဇေယျာကုန်သွယ်မှုဇဟိုဌာန)**



# မန္တလေး ကုလားပဲဈေး ယခင်တစ်ပတ်ထက် မြင့်တက်လာ

မန္တလေး ကုန်စည်ဒိုင်၏ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ပထမပတ်တွင် ကုလားပဲမှာ လှော်လက်သမားများနှင့် ပြည်တွင်း ပဲခွဲစက်သမားများ ဝယ်ယူမှုရှိ၍ ကုလားပဲဈေးမှာ အနည်းငယ် မြင့်တက်လာသည်။

ကုလားပဲဖြူ ၅၇ဒသမ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၇၅၅၀၀ မှ ၇၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၇၃၅၀၀ မှ ၇၄၀၀၀၊ ယခင်လ ကျပ် ၇၅၀၀၀၊ ယခင်နှစ် ကျပ် ၇၉၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀၊ ယခင်လထက် ကျပ် ၅၀၀ မှ ၁၀၀၀ မြင့်တက်လာ၍ ယခင်နှစ်ထက် ကျပ် ၃၀၀၀ နိမ့်ကျလာသည်။

ကုလားပဲ (V7) ၅၇ဒသမ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၇၅၅၀၀၊ ယခင်တစ်ပတ် ၇၁၀၀၀ မှ ၇၁၅၀၀၊ ယခင်လ ကျပ် ၇၁၅၀၀ မှ ၇၂၀၀၀၊ ယခင်နှစ် ၇၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀၀ မှ ၄၅၀၀၊ ယခင်လထက် ကျပ် ၃၅၀၀ မှ ၄၀၀၀ မြင့်တက်လာပြီး ယခင်နှစ်ထက် ကျပ် ၅၀၀ နိမ့်ကျလာသည်။

ကုလားပဲ 929 ၅၆ဒသမ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၇၄၀၀၀ မှ ၇၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၇၂၀၀၀ မှ ၇၂၅၀၀၊ ယခင်လ ကျပ် ၇၂၅၀၀ မှ ၇၄၀၀၀၊ ယခင်နှစ် ကျပ် ၇၈၀၀၀ မှ ၇၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၂၅၀၀၊ ယခင်လထက် ကျပ် ၂၅၀၀ မြင့်တက်လာပြီး ယခင်နှစ်ထက် ၃၅၀၀နိမ့်ကျလာသည်။

ကုလားပဲထိုင်ဝမ် ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၇၃၀၀၀၊ ယခင်တစ်ပတ် ကျပ် ၆၇၅၀၀ မှ ၆၈၀၀၀၊ ယခင်လ ကျပ် ၆၈၀၀၀ မှ ၆၈၅၀၀၊ ယခင်နှစ် ကျပ် ၇၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၅၅၀၀၊ ယခင်လထက် ကျပ် ၄၅၀၀ မှ ၅၀၀၀ မြင့်တက်လာပြီး ယခင်နှစ်ကာလ တူနှင့်နှိုင်းယှဉ်လျှင် ကျပ် ၆၀၀၀ နိမ့်ကျလာ သည်။

**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဇဟိုဌာန)**

# ကချင်ပြည်နယ်၏ ကုန်သွယ်မှု အခြေအနေ


ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ အစေ့ထုတ်ပြောင်း၊ ဧည့်မထဆန်နှင့် ကြံများ တင်ပို့ခဲ့ကြောင်းသိရှိရသည်။

လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၁၀၁၃၆၇၇ ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၄၅၁၁၂၁ ဒသမ ၈၂၅ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၄၆၄၇၉၈ ဒသမ ၈၂၅ ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ ကွန်ပေါင်းဓာတ်မြေဩဇာ၊ လေးဘီးလယ်ထွန်စက်၊ သွပ်ပြား၊ ကားတာယာ၊ သံပိုက်နှင့်ချည်ထည်ပစ္စည်းတို့ဖြစ်သည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့တင်သွင်းကုန်၏ ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁၁၉၆၂ ဖြစ်ပြီး ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၀၁၄၀ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ၅၂၂၁၀၂ဒေါ်လာ တင်သွင်းမှုရှိခဲ့သည်။

ဩဂုတ် ၂၈ရက်အထိ တစ်ဖက်နိုင်ငံ တရုတ်ပြည်တွင် ဆန်မာတစ်အိတ်လျှင် ၁၀၈ ယွမ်၊ ဆန်ပျော့တစ်အိတ်လျှင် ၁၂၆ ယွမ်ဈေးနှင့် အစေ့ထုတ်ပြောင်းတစ် အိတ်လျှင် ၇၆ ယွမ် ဈေးပေါက်လျက်ရှိပြီး မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ၅၂ ယွမ်ဖြစ်ပြီး တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၁၉၂ ကျပ်ရှိကြောင်း သိရှိရသည်။

**ဌေးလှိုင်**
**(မနောမြေကုန်သွယ်မှုဇဟိုဌာန)**



# မကွေးကုန်စည်ဒိုင်တွင် ပဲစင်းငုံ အသစ် ဈေးမြင့်၊ အဟောင်းဈေးကျ

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင်၌ စက်တင်ဘာ ၁ ရက်တွင် ပဲစင်းငုံ(သစ်/ဟောင်း)များအရည်အသွေးနှင့် ဝယ်လိုအားကြောင့် ပဲစင်းငုံအသစ်ဈေးများ မြင့်တက်လျက်ရှိပြီး ပဲစင်းငုံအဟောင်းဈေးမှာ ကျဆင်းသွားသည်။ ပဲစင်းငုံ(သစ်) ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၂၅၅၀၀ နှင့် ပဲစင်းငုံ(ဟောင်း) ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၂၂၇၀၀ ဖြင့်အရောင်းအဝယ် ဖြစ်လျက်ရှိသည်၊

ဩဂုတ် ၂၅ ရက်တွင် ပဲစင်းငုံ(သစ်) ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၂၅၀၀၀ နှင့် ပဲစင်းငုံ (ဟောင်း) ၂၀ ပိဿာ တစ်တင်းလျှင် ၂၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကာလတူနှိုင်းယှဉ်ပါက ပဲစင်းငုံ(သစ်) ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၅၀၀ ဈေးတက်ပြီး ပဲစဉ်းငုံ(ဟောင်း) ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၁၁၀၀ ဈေးကျကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။ **လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန)**

# မုံရွာကြက်သွန်နီ အရောင်းအဝယ်အေး

ယခုတစ်ပတ်အတွင်း မုံရွာမြို့၏ ကြက်သွန်နီဈေးကွက် အခြေအနေမှာ ဒေသတွင်းဝယ်လက်များသာ အဝယ်ရှိပြီး အရောင်းအဝယ်အေးကာ ဈေးလည်းအေးကြောင်း သိရသည်။ ကြက်သွန်နီများပွဲရုံသို့အဝင်မှာ နေ့စဉ်ပိဿာ သုံးသောင်းခန့်အဝင်ရှိပြီး လက်ကားဈေးနှုန်းမှာတစ်ပိဿာ (သေး၊ လတ်၊ ကြီး) ကျပ် ၃၀၀၊ ၃၃၀၊ ၃၅၀ ဈေးပေါက်ပြီး လက်လီဈေးနှုန်းမှာ တစ်ပိဿာ (သေး၊ လတ်၊ ကြီး) ကျပ် ၅၅၀၊ ၆၅၀၊ ၇၅၀ ရှိကြောင်း သိရသည်။

မုံရွာကြက်သွန်ဖြူဈေးကွက်မှာ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူများ ပိဿာ ၂၅၀၀ ခန့်အဝင်ရှိပြီး ပွဲရုံပေါက်ဈေးနှုန်းမှာ တစ်ပိဿာ (ဗမာ) ကျပ် ၂၅၀၀ မှ ၂၈၀၀ ၊ (ကြူကုတ်) ၁၅၀၀ မှ ၂၀၀၀၊ (ရှမ်း) ကျပ် ၁၈၀၀ မှ ၂၃၀၀ နှုန်း၊ လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၂၈၀၀ မှ ၃၅၀၀၊ (ကြူကုတ်) ကျပ် ၂၇၀၀ မှ ၃၂၀၀၊ (ရှမ်း) ကျပ် ၂၈၀၀ မှ ၃၃၀၀ နှုန်းဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။ **ကြည်ကြည်နွယ် (ဇေယျာကုန်သွယ်မှုဇဟိုဌာန)**

# မြန်မာမှ တရုတ်သို့ တင်ပို့ သစ်သီးဝလံ အခြေအနေ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ သစ်သီးဝလံများ တင်ပို့လျက်ရှိရာ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ဖရဲ ၂၅၈၈ ဒသမ ၇၅ တန်နှင့် သရက် ၂၂ တန် တင်ပို့နိုင်ခဲ့သည်။

ဩဂုတ်လအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ဖရဲဈေးမှာ တစ်တန် ယွမ် ၁၀၀၀ မှ ၁၂၀၀ (မြန်မာငွေကျပ် ၂၃၄၀၀၀ခန့်) နှင့် သရက်သီးဈေးနှုန်းမှာ တစ်တန် ယွမ် ၂၈၈၀(မြန်မာငွေကျပ်၅၆၁၀၀၀ ခန့်) ဖြစ်ခဲ့ပြီး ဩဂုတ် ၈ရက်နောက်ပိုင်း သရက်သီးအဝင်မရှိတော့ပါ။

မတ် ၂၉ ရက်မှစ၍ ယနေ့အထိ တရုတ်ပြည်တွင်း လူဝင်ထွက်မှု ကန့်သတ်စနစ်ကြောင့် သစ်သီးကား များ တရုတ်နိုင်ငံ(ဝမ်တိန်)ကွင်းအထိ သွားရောက်ရောင်းချနေရဆဲဖြစ်သလို သစ်သီးကားဒရိုင်ဘာများကို ဝင်ခွင့်မပြုဘဲ တရုတ်ဘက်က ရွေးချယ်ထားသော ယာဉ်မောင်းများဖြင့်သာ အဝင်၊ အထွက်ပြုလုပ်နေရ သည်မှာလည်း ဧပြီ ၂၀ ရက်မှစ၍ယနေ့အထိဖြစ်သည်။

တရုတ်ဝင်ပေါက် ကျိန်စန်းကျော့ဂိတ် ပိတ်ချိန်ကို ယခင်မြန်မာစံတော်ချိန် ည ၈ နာရီခွဲအထိ ခွင့်ပြုပေးထားရာမှ ဇွန် ၂ ရက်မှစ၍ ညနေ ၄ နာရီခွဲသို့ ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း သစ်သီးကားများ အဝင်နည်းခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိကြောင်း မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်မှ သိရသည်။

**နေမျိုးထိုက်ကျော် (မောဝ်ရွှေလီကုန်သွယ်မှုဇဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဩစတြေးလျနိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းထက် ၅ ဒသမ ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ စင်ကာပူ၊ မလေးရှား၊ လာအို၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ ပါကစ္စတန်၊ ရုရှား၊ နီပေါ၊ ဟောင်ကောင်၊ မိုနာကို၊ ကင်ညာ၊ အိုင်ဗရီကို့စ်၊ ဒိန်းမတ်၊ ကိုလံဘီယာ၊ ဘရာဇီး၊ ဘယ်လ်ဂျီယံနှင့် ဘာဘေဒို စသည့် နိုင်ငံများ အပါအဝင်နိုင်ငံပေါင်း ၇၁ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများ အတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာ တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဂျပန်၊ နော်ဝေး၊ နယ်သာလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဆွီဒင်နှင့် အိုမန် စသည့်နိုင်ငံပေါင်း ၁၅ နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၃ ဒသမ ၄၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၈ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဂျော်ဒန်နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းထက် ၃ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ စင်ကာပူ၊ မလေးရှား၊ လာအို၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ ရုရှား၊ ပါကစ္စတန်၊ နီပေါ၊ အိန္ဒိယ၊ ဟောင်ကောင်၊ စပိန်၊ ကာတာ၊ မော်ရိုကို၊ ကင်ညာ၊ အီတလီ၊ အီရန်၊ ကိုလံဘီယာနှင့် ဘာဘေဒို စသည့်နိုင်ငံများ အပါအဝင် ၇၅ နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်း အပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ နယ်သာလန်၊ ဆွီဒင်၊ ဘယ်လ်ဂျီယံ၊ တောင်အာဖရိက၊ နော်ဝေ၊ ပြင်သစ်၊ နယူးဇီလန်၊ ဆွစ်ဇာလန် နှင့် အိုမန်စသည့် နိုင်ငံပေါင်း ၂၆ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်း ထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်း အနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၂ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန် အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက် တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၄ | ၀.၄၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၃ | ၀.၆၈ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကိုလေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရပါကစ္စတန် ဆန်ဈေးနှုန်းများမှာဧည့်မထ ၅ ရာခိုင်နှုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကိုသိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၄၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ၅၂၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၁ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၂ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။ ထိုင်းငါးမှတ်ဆန်ဈေးမှာ ယခင်တစ်ပတ်ကတစ်တန်လျှင် ဒေါ်လာ ၄၈၀-၅၁၂ ကြားရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ဒေါ်လာ ၅၀၀-၅၂၅ အထိ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ၄၆၃ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြင့် လည်းကောင်း၊ ၁၀၀ ရာခိုင်နှုန်း ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ၃၈၃ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ဗီယက်နမ် ဆန်ဖြူဈေးသည် ပြိုင်ဘက်ဆန်တင်ပို့နိုင်ငံများဖြစ်သော အိန္ဒိယ၊ ထိုင်း၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့၏ ဆန်ဖြူဈေးနှုန်းနှင့်နှိုင်းယှဉ်ချက်အရ ကမ္ဘာတွင် ဈေးအကြီးမြင့်ဆုံးဖြစ်လာကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအဖွဲ့ (VFA) ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ လက်ရှိတွင် ဗီယက်နမ် ငါးမှတ် ဆန်ဖြူဈေးသည် တစ်တန်လျှင် ၄၈၅-၄၉၂ ဒေါ်လာကြား အရောင်းအဝယ်ဖြစ်နေပြီး ဗီယက်နမ် ၂၅ မှတ်ဆန်ဖြူဈေးမှာ တစ်တန်လျှင် ၄၆၃-၄၆၇ ဒေါ်လာကြား ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။ ကမ္ဘာ့ ဆန်ဝယ်လိုအား မြင့်တက်နေချိန်ဖြစ်သဖြင့် အိန္ဒိယနှင့် ထိုင်းနိုင်ငံဘက်မှလည်း ဆန်ရောင်းလိုအား နည်းနေခြင်းကြောင့် ဗီယက်နမ်ဆန်ဈေးမှာ ပြီးခဲ့သည့်နှစ်များစွာအတွင်း အမြင့်ဆုံးဈေးသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ဗီယက်နမ်ဆန် အရည်အသွေး မြင့်တက်လာခြင်းကလည်း ဆန်ဈေးမြင့်တက်စေရန် တွန်းအားတစ်ရပ်ဖြစ်လာကြောင်း သိရှိရသည်။ ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်ရောင်းအားများများနှင့် အချိန်မီတင်ပို့နိုင်ခြင်းကြောင့် ဆန်တင်သွင်းသည့်နိုင်ငံများက ဗီယက်နမ်ဆန်ကို ဦးစားပေး ရွေးချယ်ဝယ်ယူလာကြကြောင်း သိရှိရသည်။ လက်ရှိကာလမှ ယခုနှစ်ကုန်အချိန်အထိ ဗီယက်နမ်ဆန်ဈေးမှာ ဆက်လက်မြင့်တက်နိုင်မည်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်ကိုသိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမခုနစ်လအတွင်း ဆန်တန်ချိန်လေးသန်း တင်ပို့နိုင်ခဲ့ပြီး နှစ်အလိုက် တင်ပို့နိုင်မှုပမာဏ သုည ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဝင်ငွေ ၁၃ ဒသမ ၁၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅ ဘီလီယံအထိ ရရှိခဲ့ကြောင်း ဗီယက်နမ်အကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ထိုင်းနိုင်ငံတွင် မိုးရေချိန် နည်းပါးမှုစိုးရိမ်ခြင်းကြောင့် ဆန်ဈေးများ မြင့်တက်လာမှု၊ ဗီယက်နမ်ဆန်ဈေးများ ကြီးမြင့်လာမှုတို့ကြောင့် ပြည်ပ ဝယ်လက်များက ဈေးပိုသက်သာသည့် အိန္ဒိယဆန်ကိုဝယ်ယူနိုင်ရန် ပိုမိုစိတ်ဝင်စားလာကြကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံတွင်ရေကြီး ရေလျှံမှု၊ ကိုဗစ်-၁၉ကပ်ရောဂါကူးစက်မှု အခြေအနေများကြောင့် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့ဈေးများ သုံးပတ်ဆက်တိုက် မြင့်တက်လာခဲ့သော်လည်း ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ထက် ဈေးပိုသက်သာခြင်းကြောင့် အာဖရိကဝယ်လက်များက အိန္ဒိယဆန်ကို ဝယ်ယူရန်စုံစမ်းမှု ပြုလုပ်နေကြကြောင်း အန္ဓရပြည်နယ်အတွင်းရှိ နိုင်ငံ၏ အကြီးဆုံး ဆန်တင်ပို့ဆိပ်ကမ်းဖြစ်သည့် ကာကီနာဒါအခြေစိုက် ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့သည်ကို သိရှိရသည်။

အိန္ဒိယနိုင်ငံတွင် ရေကြီးမှုကြောင့် ဆန်ကြိတ်ခွဲရေးနှောင့်နှေးခဲ့ရပြီး လကုန်ရက်များတွင်လည်း မုတ်သုံမိုး ဆက်ကောင်းရန်ရှိသဖြင့် အိန္ဒိယငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ၃၈၃-၃၈၉ ဒေါ်လာကြား ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၃၈၄-၃၉၀ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံတွင် အဓိကမိုးသီးနှံဖြစ်သော စပါးစိုက်ပျိုးမှု ဟက်တာ ၃၇ ဒသမ ၈၀ သန်း စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ခြင်းကြောင့် ယခင်နှစ်အလားတူ ကာလ၏ စိုက်ဧရိယာ ဟက်တာ ၃၃ ဒသမ ၉၀ သန်းထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးမှုကြောင့် စပါးဟက်တာတစ်သိန်းကျော်ပေါ်ရှိ ဒေါ်လာ ၄ ဒသမ ၂၉ ဘီလီယံနှင့် ညီမျှသော သီးနှံများ ပျက်စီးခဲ့ခြင်းကြောင့် ပြည်တွင်းဆန်ဈေးများ မြင့်တက်လာခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်စိုက်ပျိုးရေးဝန်ကြီး AbdurRazzaque က ပြောကြားခဲ့သည်ကို သိရှိရသည်။ ကမ္ဘာ့ဆန်ထုတ်လုပ်မှု တတိယအများဆုံးနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေကြီးခြင်း၊ မိုးခေါင်ခြင်းတို့ကြောင့် ပြည်တွင်းဆန်ပြတ်လပ်မှုကို ဖြေရှင်းနိုင်ရန် ပြည်ပမှ ဆန်တင်သွင်းခြင်းအပေါ် မှီခိုအားထားနေရကြောင်း သိရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့်ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကာလအတွင်း နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဝယ်ယူထားသော ဧည့်မထ/လုံးရှည် ၂၅ မှတ် ဆန်အမျိုးအစားများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ရှစ်ခုသို့ အလေးချိန် ၁၀၈ ပေါင်ပါ ဆန်တစ်အိတ်လျှင်ကျပ် ၂၂၈၀၀ နှုန်းဖြင့် ဆန်အိတ်ပေါင်း ၃၂၂၆၆ အိတ်အထိ ရောင်းချပေးခဲ့ပြီး ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်ကိုသိရှိရသည်။

နိုင်ငံတော် အရန်ရိက္ခာဆန်များကို ပြည်တွင်းစားသုံးသူများအတွက် လက်လီဆိုင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အဖွဲ့အစည်းများ၊ စက်ရုံအလုပ်ရုံများသို့ဇူလိုင် ၁၀ရက်မှစ၍ ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ ရန်ကုန်တိုင်းဒေသကြီးတွင် ဆန်အိတ်ရေ ၂၁၇၉၀ အိတ် (ရာခိုင်နှုန်းအားဖြင့် ၆၇ ရာခိုင်နှုန်းကျော်) အထိ အများဆုံးရောင်းချပေးခဲ့ပြီး နေပြည်တော်တွင် ဆန်အိတ်ရေ ၃၃၀၀၊ မွန်ပြည်နယ်တွင် ၂၂၀၀ အိတ်၊ ချင်းပြည်နယ်တွင် ၂၀၀၀ အိတ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၇၅၆ အိတ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၉၂၀ အိတ်၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၀၀ အိတ်၊ စစ်ကိုင်းဒေသကြီးတွင် ဆန်အိတ်ရေ ၁၀၀ အိတ် စသည်ဖြင့် အသီးသီးရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စားသုံးသူပြည်သူများအတွက် လက်ရှိဈေးကွက် ပေါက်ဈေး ထက်သက်သာသောဈေးနှုန်းဖြစ်သည့် ဆန်တစ်ပြည်လျှင်

စာမျက်နှာ ၁၆ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၀.၉၅ | ၀.၇၁ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၆ | ၀.၅၂ |
| ၅ | စင်္ကာပူ | လီတာ | ၁.၄၅ | ၁.၂၁ |
| ၆ | မလေးရှား | လီတာ | ၀.၄၁ | ၀.၄၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၁ | ၀.၇၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၄ | ၀.၆၇ |
| ၉ | လာအို | လီတာ | ၀.၉၄ | ၀.၈၄ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁ ရှိပြီး စက်သုံးဆီ ဈေးနှုန်းနိုင်ငံအလိုက် နည်း/များ တွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်းတစ်လီတာ သုည ဒသမ ၅၄ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၄၇ ဒေါ်လာနှုန်းဖြင့် ၁၈ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင်ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများ စာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၂၄ |
| ၂ | အီရန် | လီတာ | ၀.၀၆ | နယ်သာလန် | လီတာ | ၁.၈၈ |
| ၃ | ဆူဒန် | လီတာ | ၀.၁၄ | နော်ဝေ | လီတာ | ၁.၈၃ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၇ | ဒိန်းမတ် | လီတာ | ၁.၇၅ |
| ၅ | ကာတာ | လီတာ | ၀.၃၄ | ဂရိ | လီတာ | ၁.၇၃ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၅ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | နော်ဝေ | လီတာ | ၁.၆၄ |
| ၃ | ဆူဒန် | လီတာ | ၀.၁၆ | ဆွီဒင် | လီတာ | ၁.၆၃ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၂ | အယ်လ်ဘေးနီးယား | လီတာ | ၁.၆၃ |
| ၅ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၃ | မိုနာကို | လီတာ | ၁.၆၁ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၉၁ | ၀.၇၉ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၆ | ၁.၀၆ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၈.၈.၂၀၂၀ | စည် | ၄၂.၉၇ |
| ၂ | ၃၁.၈.၂၀၂၀ | စည် | ၄၂.၆၁ |
| ၃ | ၁.၉.၂၀၂၀ | စည် | ၄၂.၇၆ |
| ၄ | ၂.၉.၂၀၂၀ | စည် | ၄၁.၅၁ |
| ၅ | ၃.၉.၂၀၂၀ | စည် | ၄၁.၃၇ |

source : http://www.oil-price.net/

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၆ ရက်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည့် COVID-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၂၈ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၉၅၄ ဒေါ်လာမှ ဩဂုတ် ၃၁ ရက်တွင် ၁၉၆၅ ဒေါ်လာသို့ မြင့်တက်လာခဲ့ပြီး စက်တင်ဘာ ၁ ရက်တွင် ၁၉၉၂ ဒေါ်လာမှ စက်တင်ဘာ ၃ ရက်တွင် ၁၉၃၁ ဒေါ်လာသို့ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ဩဂုတ် ၂၈ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၀၂၀၀၀ ဖြစ်ပေါ်ခဲ့ ပြီး ဩဂုတ် ၃၁ ရက်တွင် ကျပ် ၁၃၀၆၀၀၀ မှ စက်တင်ဘာ ၁ ရက်တွင် ကျပ် ၁၃၁၀၀၀၀ မှ စက်တင်ဘာ ၃ ရက်တွင် ကျပ် ၁၃၁၁၀၀၀ သို့ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၈.၂၀၂၀ | ၁၂၉၄၀၀၀ | ၁၉၇၇ |
| ၂ | ၄.၈.၂၀၂၀ | ၁၃၀၃၀၀၀ | ၁၉၇၈ |
| ၃ | ၅.၈.၂၀၂၀ | ၁၃၁၈၀၀၀ | ၂၀၃၉ |
| ၄ | ၆.၈.၂၀၂၀ | ၁၃၂၂၀၀၀ | ၂၀၅၀ |
| ၅ | ၇.၈.၂၀၂၀ | ၁၃၃၇၀၀၀ | ၂၀၅၆ |
| ၆ | ၁၀.၈.၂၀၂၀ | ၁၃၃၂၀၀၀ | ၂၀၃၂ |
| ၇ | ၁၁.၈.၂၀၂၀ | ၁၃၂၂၀၀၀ | ၁၉၈၉ |
| ၈ | ၁၂.၈.၂၀၂၀ | ၁၂၈၇၀၀၀ | ၁၉၃၀ |
| ၉ | ၁၃.၈.၂၀၂၀ | ၁၂၈၆၀၀၀ | ၁၉၂၉ |
| ၁၀ | ၁၄.၈.၂၀၂၀ | ၁၂၉၆၀၀၀ | ၁၉၄၅ |
| ၁၁ | ၁၇.၈.၂၀၂၀ | ၁၃၀၈၀၀၀ | ၁၉၅၄ |
| ၁၂ | ၁၈.၈.၂၀၂၀ | ၁၃၃၀၀၀၀ | ၂၀၀၄ |
| ၁၃ | ၁၉.၈.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၈၈ |
| ၁၄ | ၂၀.၈.၂၀၂၀ | ၁၃၀၇၀၀၀ | ၁၉၂၈ |
| ၁၅ | ၂၁.၈.၂၀၂၀ | ၁၃၀၀၀၀၀ | ၁၉၃၄ |
| ၁၆ | ၂၂.၈.၂၀၂၀ | ၁၃၀၅၀၀၀ | ၁၉၄၃ |

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization(ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့်ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar)တစ်တန်လျှင် ဩဂုတ် ၃ ရက်တွင် အမေရိကန်ဒေါ်လာ ၃၇၄ ဒသမ ၅၅ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျအပြောင်းအလဲများဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး စက်တင်ဘာ ၂ ရက်တွင် သကြားဖြူ (WhiteSugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၁ ဒသမ ၂၀ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကိုအောက်ပါအတိုင်းတွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 2-Sep-20 | 12.86 cts/lb | 13.10 cts/lb | 361.20 $/T | 16.38 cts/lb |
| 1-Sep-20 | 12.96 cts/lb | 13.13 cts/lb | 364.60 $/T | 16.54 cts/lb |
| 28-Aug-20 | 12.93 cts/lb | 13.14 cts/lb | 362.45 $/T | 16.44 cts/lb |
| 27-Aug-20 | 13.10 cts/lb | 13.14 cts/lb | 364.75 $/T | 16.54 cts/lb |
| 26-Aug-20 | 12.92 cts/lb | 13.15 cts/lb | 362.00 $/T | 16.42 cts/lb |
| 25-Aug-20 | 13.09 cts/lb | 13.14 cts/lb | 365.15 $/T | 16.56 cts/lb |
| 24-Aug-20 | 13.04 cts/lb | 13.14 cts/lb | 369.70 $/T | 16.77 cts/lb |
| 21-Aug-20 | 13.10 cts/lb | 13.14 cts/lb | 371.90 $/T | 16.87 cts/lb |
| 20-Aug-20 | 13.27 cts/lb | 13.13 cts/lb | 377.10 $/T | 17.10 cts/lb |
| 19-Aug-20 | 13.48 cts/lb | 13.07 cts/lb | 379.85 $/T | 17.23 cts/lb |
| 18-Aug-20 | 13.16 cts/lb | 13.00 cts/lb | 373.25 $/T | 16.93 cts/lb |
| 17-Aug-20 | 13.33 cts/lb | 12.94 cts/lb | 379.60 $/T | 17.22 cts/lb |
| 14-Aug-20 | 13.33 cts/lb | 12.89 cts/lb | 381.45 $/T | 17.30 cts/lb |
| 13-Aug-20 | 13.34 cts/lb | 12.79 cts/lb | 380.70 $/T | 17.27 cts/lb |
| 12-Aug-20 | 13.11 cts/lb | 12.71 cts/lb | 375.90 $/T | 17.05 cts/lb |
| 11-Aug-20 | 13.04 cts/lb | 12.66 cts/lb | 372.80 $/T | 16.91 cts/lb |
| 10-Aug-20 | 12.86 cts/lb | 12.59 cts/lb | 371.30 $/T | 16.84 cts/lb |
| 7-Aug-20 | 12.96 cts/lb | 12.54 cts/lb | 372.25 $/T | 16.88 cts/lb |
| 6-Aug-20 | 13.20 cts/lb | 12.49 cts/lb | 377.40 $/T | 17.12 cts/lb |
| 5-Aug-20 | 12.86 cts/lb | 12.42 cts/lb | 369.05 $/T | 16.74 cts/lb |
| 4-Aug-20 | 13.06 cts/lb | 12.38 cts/lb | 374.05 $/T | 16.97 cts/lb |
| 3-Aug-20 | 13.00 cts/lb | 12.29 cts/lb | 374.55 $/T | 16.99 cts/lb |

၂၀၂၀ပြည့်နှစ် စက်တင်ဘာလဆန်းပိုင်းအတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၂၉ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၅၂ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၃၁-၅၃၈ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၅၈-၅၈၁ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် သကြားဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် သကြားဈေးနှုန်း ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

၂၀၂၀ပြည့်နှစ် စက်တင်ဘာလဆန်းပိုင်းအတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာအမေရိကန်ဒေါ်လာ ၃၄၆ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၂၉ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင်အမေရိကန်ဒေါ်လာ ၄၈၃ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ် စပ်မြဝတီမြို့တွင်သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၈ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင်ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ် ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်းတွေ့ရှိရသည်။

Trading Economics Website ၏ဖော်ပြချက်အရ၂၀၂၀ပြည့်နှစ် စက်တင်ဘာလဆန်းပိုင်းအတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၅ ဒသမ ၄၈ ရာခိုင်နှုန်းဈေးနှုန်းကျဆင်းခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၁၇ | ၂၄.၈.၂၀၂၀ | ၁၃၀၃၀၀၀ | ၁၉၄၉ |
| ၁၈ | ၂၅.၈.၂၀၂၀ | ၁၃၀၄၀၀၀ | ၁၉၂၇ |
| ၁၉ | ၂၆.၈.၂၀၂၀ | ၁၂၉၁၀၀၀ | ၁၉၁၈ |
| ၂၀ | ၂၇.၈.၂၀၂၀ | ၁၃၀၀၀၀၀ | ၁၉၄၁ |
| ၂၁ | ၂၈.၈.၂၀၂၀ | ၁၃၀၂၀၀၀ | ၁၉၅၄ |
| ၂၂ | ၂၉.၈.၂၀၂၀ | ၁၃၀၆၀၀၀ | ၁၉၆၅ |
| ၂၃ | ၃၁.၈.၂၀၂၀ | ၁၃၀၆၀၀၀ | ၁၉၆၅ |
| ၂၄ | ၁.၉.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၉၉၂ |
| ၂၅ | ၂.၉.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၉၆၉ |
| ၂၆ | ၃.၉.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၃၁ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက် များအရ GDP Growth 6.80 %၊ Annual Rate of Inflation 7.91 %၊ Year on Year Inflation 4.16 % ရှိသည်ကို လေ့လာသိရှိရသည်။

ပြည်တွင်းဒေါ်လာဈေး အတက်အကျကို ထိန်းညှိနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဩဂုတ် ၂၄ ရက်မှ ၃၁ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၀ သန်းနှင့် စက်တင်ဘာ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ၈၀ သန်းကို ဈေးပြိုင်လေလံစနစ်ဖြင့် ဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားငွေ ဈေးပြိုင်လေလံ ထုတ်ပြန်ချက်များအရ သိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဩဂုတ် ၁ ရက်မှ ၃၁ ရက်အတွင်း လေလံစနစ်ဖြင့် ဈေးကွက်အတွင်း ၁၀ ကြိမ်အထိဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ်ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ အမေရိကန်ဒေါ်လာ ၂၁၈ ဒသမ ၃၀ သန်း ဝယ်ယူထားကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စာရင်းများအရသိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၎င်း၏ နိုင်ငံခြားသုံးငွေလုပ်ငန်း (Foreign ExchangeOperation) ၏ ရည်ရွယ်ချက်များဖြစ်သော ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်/အကျ ကြီးမားခြင်းကို လျှော့နည်းစေရန်နှင့် နိုင်ငံခြားသုံးသီးသန့်အရန်ငွေ ဖြည့်တင်းရန် အချက်နှစ်ချက်အားအကောင်အထည်ဖော်ရန်အတွက် စည်းမျဉ်းအခြေခံသည့် နိုင်ငံခြားငွေဈေးပြိုင်လေလံအား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၂၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၃၈ ဒသမ ၈၀၀ ကျပ်ရှိခဲ့ရာမှ စက်တင်ဘာ ၃ ရက်တွင် ၁၃၃၂ ဒသမ ၂၀၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၄၉ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား


| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၈-၈-၂၀၂၀ | ၃၁-၈-၂၀၂၀ | ၁-၉-၂၀၂၀ | ၂-၉-၂၀၂၀ | ၃-၉-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၃၃၈.၈၀၀ | ၁၃၃၁.၉၀၀ | ၁၃၂၃.၂၀၀ | ၁၃၂၃.၀၀၀ | ၁၃၃၂.၂၀၀ | -၀.၄၉ | ⬇ |
| ၂ | Thai Baht | THB | ၃၁.၁၇၀ | ၃၁.၁၆၅ | ၃၁.၀၉၀ | ၃၁.၂၆၀ | ၃၁.၃၅၀ | ၀.၅၈ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၆၁ | ၁.၃၆၁ | ၁.၃၅၈ | ၁.၃၆၂ | ၁.၃၆၃ | ၀.၁၅ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၇၃ | ၄.၁၆၅ | ၄.၁၄၃ | ၄.၁၄၆ | ၄.၁၄၃ | -၀.၇၂ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၄၆၂၅.၃၀၀ | ၁၄၅၆၂.၆၅၀ | ၁၄၅၆၉.၄၇၈ | ၁၄၇၄၄.၂၃၃ | ၁၄၇၇၄.၃၁၅ | ၁.၀၂ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၈၆၅ | ၆.၈၅၀ | ၆.၈၂၆ | ၆.၈၂၇ | ၆.၈၃၄ | -၀.၄၅ | ⬇ |
| ၇ | Indian Rupee | INR | ၇၃.၃၁၁ | ၇၃.၅၀၀ | ၇၂.၉၉၂ | ၇၃.၁၁၄ | ၇၃.၃၈၃ | ၀.၁၀ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၅.၈၇၆ | ၁၀၅.၈၉၁ | ၁၀၅.၇၂၉ | ၁၀၆.၁၈၈ | ၁၀၆.၂၅၃ | ၀.၃၆ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၃၆၇ | ၁.၃၅၉ | ၁.၃၅၄ | ၁.၃၆၂ | ၁.၃၆၇ | ၀.၀၀ | |
| ၁၀ | Euro | EUR | ၀.၈၄၀ | ၀.၈၄၀ | ၀.၈၃၅ | ၀.၈၄၃ | ၀.၈၄၅ | ၀.၆၀ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၅၃ | ၀.၇၅၁ | ၀.၇၄၅ | ၀.၇၅၀ | ၀.၇၅၁ | -၀.၂၇ | ⬇ |

Source- Central Bank of Myanmar

အမေရိကန် ဒေါ်လာဈေးသည်COVID-19ဖြစ်ပွားစဉ်ကာလအတွင်း ကျဆင်းလျက်ရှိပြီးအနိမ့်ဆုံး ကျပ် ၁၃၀၀ အထိ ကျဆင်းခဲ့ခြင်းဖြစ်ကာ လက်ရှိတွင် ပြည်တွင်းဈေးကွက်အတွင်း တစ်ဒေါ်လာလျှင် ၁၃၄၅ ကျပ်ဝန်းကျင်မှ ကျပ် ၁၄၀၀ ဝန်းကျင်အတွင်း အတက်အကျ ပုံမှန်ဖြစ်ပေါ်နေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ အမေရိကန်ဒေါ်လာ အညွှန်းကိန်းသည် ၁၅ လတာကာလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းလျက်ရှိပြီး COVID-19 ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဆိုးရွားစွာ ထိခိုက်နေသော အမေရိကန်စီးပွားရေးအား ပြန်လည်အားကောင်းလာစေရန် အမေရိကန်ဗဟိုဘဏ်မှ ဒေါ်လာထရီလီယံပေါင်းများစွာ ဈေးကွက်အတွင်း ထည့်သွင်းမှုများနှင့် ဗဟိုဘဏ်အတိုးနှုန်းအား သုည ဒသမ ၂၅ ရာခိုင်နှုန်းသာထားရှိခြင်း၊ လာမည့် ငါးနှစ်အတွင်း အတိုးနှုန်းပြန်လည်မြှင့်တင်ရန် ဖြစ်နိုင်ခြေနည်းမှုများကြောင့် အမေရိကန်ဒေါ်လာတန်ဖိုး ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်ကို သိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား တစ်ဖက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

ပြည်တွင်းရှိပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဩဂုတ် ၂၈ ရက်တွင် တစ်ဒေါ်လာလျှင်၁၃၅၅ ကျပ်၊ ဩဂုတ် ၃၁ ရက်တွင် တစ်ဒေါ်လာလျှင်ကျပ် ၁၃၅၀၊ စက်တင်ဘာ ၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၄၄ ကျပ်၊ စက်တင်ဘာ ၂ ရက်တွင် တစ်ဒေါ်လာလျှင်၁၃၅၅ ကျပ်နှင့် စက်တင်ဘာ ၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၆၅ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။




## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ကျပ် ၁၁၀၀ ထက်မပိုသည့်ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး အစီအစဉ်ဖြစ်ပြီး ပြည်တွင်းစားသုံးသူများထံသို့ ဝယ်ယူထား သော အရန်ရိက္ခာဆန်အိတ်ပေါင်း ငါးသိန်းအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၁၉၉ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်အိတ်လျှင် ၂၅၄၇၂ ကျပ်မှ ၂၆၂၆၈ ကျပ်ကြားပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်းသိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ အလေးချိန် ၁၀၈ ပေါင်ပါ ဆန်တစ်အိတ်၏ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၂၅၀၊ မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၀၀၀ နှင့် ကလေးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး တောင်ကြီးနှင့် ဘားအံမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၂၀၀၊ ပုသိမ်မြို့တွင် ကျပ် ၁၁၅၀၊ စစ်တွေမြို့တွင် ကျပ် ၁၀၅၀ တို့ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၏ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၆၇ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ပြည့်နှစ် စက်တင်ဘာလဆန်းပိုင်း၌ နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်သည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း(ကျပ်) | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၉.၈.၂၀၂၀ | ၃၁.၈.၂၀၂၀ | ၁.၉.၂၀၂၀ | ၂.၉.၂၀၂၀ | ၃.၉.၂၀၂၀ |
| ၁ | ရက်(၉၀) | 90(raw) | ၂၆၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ |
| ၂ | ရတနာတိုး | 85 (Raw) | ၂၃၈၀၀ | ၂၃၈၀၀ | ၂၃၈၀၀ | ၂၃၈၀၀ | ၂၃၈၀၀ |
| ၃ | ရတနာတိုး | 75(Raw) | ၂၃၂၀၀ | ၂၃၂၀၀ | ၂၃၂၀၀ | ၂၃၂၀၀ | ၂၃၂၀၀ |
| ၄ | ဧည့်မထ | 70(Raw) | ၂၃၂၀၀ | ၂၃၂၀၀ | ၂၃၂၀၀ | ၂၃၀၀၀ | ၂၃၀၀၀ |
| ၅ | ဧည့်မထ | 65(Raw) | ၂၂၇၀၀ | ၂၂၇၀၀ | ၂၂၆၀၀ | ၂၂၅၀၀ | ၂၂၅၀၀ |

## စာမျက်နှာ (၁၅) စက်သုံးဆီ . . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများကို လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၃၁၉၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ၃၁၉၅ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၃၀၈၂ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၂၈၁၂ ကျပ်၊ ကလေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၂၉၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၃၀၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး လွိုင်ကော်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၂၅၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၂၆၀၀၊ မြိတ်မြို့တွင် ဓာတ်ဆီတစ်ဂါ လန်လျှင် ၂၄၇၅ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၂၆၁၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၅၈၅ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ၅၉၅ ကျပ်၊ အောက် တိန်း 92 တစ်လီတာလျှင် ၅၃၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၆၄၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်သည်။






# ကစားစရာပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ကိုက်ညီမှုရှိမှသာ အိန္ဒိယနိုင်ငံတွင်းသို့ တင်သွင်းခွင့်ပြုရန် ထုတ်ပြန်ကြေညာ

သန့်စင်(သတင်းနည်းပညာ/အရည်အသွေး)

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်မှုနှင့် ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနက ၂၅-၂-၂၀၂၀ ရက်တွင် ထုတ်ပြန်ခဲ့သော ၁၄ နှစ်အောက် ကလေးများအတွက် ကစားစရာပစ္စည်းများ အရည်အသွေးထိန်းချုပ်မှုဆိုင်ရာ အမိန့်သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ရာ ၎င်းနေ့ရက်မှစတင်၍ အိန္ဒိယနိုင်ငံ၏ မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကစားစရာပစ္စည်းများကိုသာ ပြည်တွင်းဈေးကွက်သို့ တင်သွင်းရောင်းချခွင့်ပြုတော့မည်ဖြစ်သည်။ အရည်အသွေး ထိန်းချုပ်မှု ဆိုင်ရာအမိန့်အရ အိန္ဒိယစံချိန်စံညွှန်းများဗျူရို (Bureau of India Standards – BIS) သည် ပြည်တွင်းထုတ်ကုန်နှင့် ပြည်ပမှ တင်သွင်းလာသော ကစားစရာပစ္စည်းများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရန်အတွက် စံနှုန်းများနှင့် ကိုက်ညီမှုရှိ/မရှိစစ်ဆေးဆောင်ရွက်တော့မည်ဖြစ်သည်။

BISသည် စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် အများပြည်သူဆိုင်ရာ ဖြန့်ဖြူးရေးဝန်ကြီးဌာနအောက်တွင် ဆောင်ရွက်နေသော အမျိုးသားအဆင့် စံချိန်စံညွှန်း သတ်မှတ်ရေးအဖွဲ့ဖြစ်ပါသည်။ ၎င်းအဖွဲ့ကို ၁၉၈၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် အိန္ဒိယ စံချိန်စံညွှန်းအက်ဥပဒေအရစတင်တည်ထောင်ခဲ့သည်။ BIS သည်အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့(ISO)၊ အပြည်ပြည်ဆိုင်ရာ လျှပ်စစ်နည်းပညာကော်မရှင် (IEC) နှင့် ကမ္ဘာ့စံသတ်မှတ်ရေးဝန်ဆောင်မှုကွန်ရက်(WSSN)တို့၏အဖွဲ့ဝင်ဖြစ်သည်။ BIS ကိုဝန်ကြီးက ဦးဆောင်တာဝန်ယူပြီး အဖွဲ့ဝင် ၂၅ ဦးဖြင့် ဖွဲ့စည်းထားသည်။ ကဏ္ဍအလိုက် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ ၁၄ ခုရှိပြီး ၎င်းနည်းပညာဆပ်ကော်မတီတွင် အစိုးရဌာနများမှ ပုဂ္ဂိုလ်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ သိပ္ပံနှင့် သုတေသနဌာနများမှပညာရှင်များ၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် စားသုံးသူရေးရာ အဖွဲ့အစည်းများမှ ပညာရှင်များ ပါဝင်ပါသည်။ BIS ရုံးချုပ်သည် နယူးဒေလီတွင်ရှိပြီး ပြည်နယ်ရုံးခွဲ လေးရုံးနှင့် မြို့နယ်ရုံးခွဲ ၂၀ရုံးရှိပါသည်။ ၎င်းရုံးများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများနှင့် သက်ဆိုင်သော အမျိုးသားအဆင့် စုံစမ်းရေးဌာနအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိသည်။

BISသည် ဆောင်ရွက်နေသော လုပ်ငန်းကဏ္ဍများစွာရှိသည့်အနက် စံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် ထုတ်ကုန်အရည်အသွေး ထောက်ခံချက် ထုတ်ပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ BIS မှ အိန္ဒိယစံချိန်စံညွှန်းပေါင်း ၂၀၀၀၀ ကျော်ကို ရေးဆွဲထုတ်ပြန်ပြီးဖြစ်သည်။ လက်ရှိအခြေအနေတွင် ကဏ္ဍအလိုက် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများ ၂၆၈ ခုကို မကြာမီ အတည်ပြုပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ အရေးကြီးကုန်စည်အုပ်စု စာရင်းမဝင်သော ထုတ်ကုန်ပစ္စည်းများနှင့် အရည်အသွေးနိမ့်ကျသည့် ထုတ်ကုန်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခွင့်မပြုစေရေး ထုတ်ကုန်ပစ္စည်းအမျိုးအမည်ပေါင်း ၃၇၁ ခု အတွက် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများကို ပြဋ္ဌာန်းနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

BIS တွင် ထုတ်ကုန်ပစ္စည်းများ စံချိန်စံညွှန်း ကိုက်ညီမှုရှိ/မရှိ စမ်းသပ်စစ်ဆေးနိုင်ရန် ဓာတုဓာတ်ခွဲခန်း၊ စားသောက်ကုန်များ စမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း၊ လျှပ်စစ်ပစ္စည်းများ အရည်အသွေး စမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း၊ စက်မှုပစ္စည်းများ အရည်အသွေး စမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းစသည့်ဓာတ်ခွဲခန်းပေါင်း ရှစ်ခုရှိသည်။ ခန့်မှန်းခြေအားဖြင့် နှစ်စဉ် BIS ဓာတ်ခွဲခန်းများတွင် နမူနာ ၂၅၀၀၀ ကို စမ်းသပ်စစ်ဆေးပေးလျက်ရှိသည်။ ဓာတ်ခွဲခန်းနှစ်ခုမှလွဲ၍ ကျန်ဓာတ်ခွဲခန်း ခြောက်ခုလုံးသည် နိုင်ငံတကာအသိအမှတ်ပြု ISO 17025 လက်မှတ်ရရှိထားပြီးဖြစ်သည်။

စက်မှုနှင့် ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ထုတ်ပြန်ထားသော အရည်အသွေးထိန်းချုပ်မှုဆိုင်ရာ အမိန့်အရ ပြည်တွင်း/ပြည်ပမှ ထုတ်လုပ်ထားသော ကစားစရာပစ္စည်းများသည် အောက်ပါ မဖြစ်မနေအလိုက်နာရမည့် စံချိန်စံညွှန်း ခုနစ်ခုနှင့် ကိုက်ညီမှုရှိအောင် ထုတ်လုပ်ရမည်ဖြစ်ပါသည်-

(၁) စက်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိများ (IS- 9873 အပိုင်း-1:2018)

(၂) မီးလောင်ကျွမ်းလွယ်ခြင်း (IS- 9873 အပိုင်း-2:2017)

(၃) အချို့သော ဒြပ်စင်များပြောင်းလဲခြင်း (IS- 9873 အပိုင်း-3:2017)

(၄) မိသားစုသုံး ဒါန်း၊ လျှောနှင့် အလားတူလှုပ်ရှားမှုဆိုင်ရာ ကစားစရာပစ္စည်းများ(IS- 9873 အပိုင်း-4:2017)

(၅) ဆေးရောင်စုံ ခြယ်သရေးအတွက် စမ်းသပ်နည်းနှင့် လိုအပ်ချက်များ (IS- 9873 အပိုင်း-4:2017)

(၆) အချို့ဖော့လိတ်အက်သာများပါဝင်သော ကစားစရာများနှင့် ကလေးများအတွက် ထုတ်ကုန်များ (IS- 9873 အပိုင်း-9:2017)

(၇) လျှပ်စစ်အသုံးပြု ကလေးကစားစရာများ၏ လုံခြုံစိတ်ချရမှု (IS- 15644 :2006)

အထက်ဖော်ပြပါ မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ထုတ်လုပ်ထားခြင်းမရှိသော မည်သည့်ကစားစရာပစ္စည်းကိုမဆို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ ရောင်းချခြင်း၊ တင်သွင်းခြင်းကို တားမြစ်မည်ဖြစ်သည်။

BIS စစ်ဆေးရေးအရာရှိများသည် ပြည်တွင်းထုတ်နှင့် ပြည်ပမှတင်သွင်းလာသော ကစားစရာပစ္စည်းများအားလုံးကို မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်းကိုက်ညီမှု ရှိ/မရှိကို လုပ်ငန်းအဆင့်နှစ်ရပ်ဖြင့် စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။ ပထမအဆင့်တွင် ပြည်တွင်း၌ ကစားစရာအရုပ်များ ထုတ်လုပ်သည့် စက်ရုံများသို့ သွားရောက်၍ မျက်မြင်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း(Verification Method)၊ ဒုတိယအဆင့်တွင် အိန္ဒိယနိုင်ငံဆိပ်ကမ်းသို့ တင်သွင်းလာသည့် ကစားစရာပစ္စည်းများအနက်မှ အချို့ကို နမူနာကောက်ယူ၍ BIS ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။ အကယ်၍ ကစားစရာပစ္စည်း နမူနာများသည် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိပါက တင်သွင်းသူသည် ကစားစရာပစ္စည်းများအား ပြန်လည်သယ်ယူစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ဖျက်ဆီးသည့် ကုန်ကျစရိတ်အား တင်သွင်းသူမှ ကျခံရမည်ဖြစ်သည်။

ပြည်တွင်းထုတ်နှင့် ပြည်ပမှ တင်သွင်းလာသော ကစားစရာပစ္စည်းများအတွက် ယခင်က မှတ်ပုံတင်ဆောင်ရွက်ရန် မလိုအပ်သော်လည်း ၁-၉-၂၀၂၀ ရက်မှစ၍ BIS တွင် မှတ်ပုံတင် စတင်လျှောက်ထားရမည်ဖြစ်သည်။ မှတ်ပုံတင်လျှောက်ထားရာတွင် ကစားစရာပစ္စည်းများသည် မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်းခုနစ်ခုနှင့်ကိုက်ညီကြောင်း သတ်မှတ်ကာလအတွင်း စစ်ဆေးထားသော စမ်းသပ်စစ်ဆေးချက်လက်မှတ်၊ ထုတ်ကုန်အရည်အသွေး ထောက်ခံချက်လက်မှတ်ပါရှိရမည်ဖြစ်သည်။ ထုတ်လုပ်သူများသည် မှတ်ပုံတင်လျှောက်ထားရာတွင် လျှပ်စစ်အသုံးမပြု သို့မဟုတ် လျှပ်စစ်အသုံးပြု ကစားစရာပစ္စည်းအမျိုးအစားပေါ် မူတည်ရွေးချယ်၍ လျှောက်ထားရမည်။ အမျိုးအစား တစ်မျိုးထက်ပို၍ မှတ်ပုံတင်လျှောက်ထားရမည်ဆိုလျှင် အမျိုးအစား တစ်ခုချင်းစီအတွက် သီးခြား လျှောက်ထားရမည်ဖြစ်သည်။

ပြည်တွင်း/ပြည်ပမှ ထုတ်လုပ်သူများသည် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများပေါ်တွင် စံချိန် စံညွှန်းများနှင့် ကိုက်ညီကြောင်းအမှတ်အသား (Standard Mark) သို့မဟုတ် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးနှင့် သက်ဆိုင်သော အမှတ်အသား ခုနစ်မျိုးဖြစ်သည့် စိုက်ပျိုးရေးထုတ်ကုန်များအတွက် (AG Mark)၊ စက်မှုထုတ်ကုန်များအတွက် (ISI Mark)၊ လက်ဝတ်ရတနာများနှင့် ရွှေဒင်္ဂါးများအတွက် (BIS Hall Mark)၊ သစ်သီးဝလံထုတ်ကုန်များအတွက် (FPO Mark)၊ အစားအစာ(Non - Vegetarian) အတွက် (Brown Dot Mark)နှင့် Vegetarian အတွက် (Green Dot Mark)၊ အော်ဂဲနစ်လယ်ယာထွက်ကုန်များအတွက် (Organic Mark)နှင့် ပတ်ဝန်းကျင်ဂေဟစနစ်အတွက် (Eco Mark)တို့ကို ကပ်နှိပ်ရမည်ဖြစ်ပါသည်။ စက်မှုထုတ်ကုန်ပစ္စည်းဖြစ်သော ကစားစရာပစ္စည်း ထုတ်လုပ်သူများသည် (Standard Mark သို့မဟုတ် ISI Mark) တစ်ခု သို့မဟုတ် ၎င်း Mark နှစ်ခုစလုံးကို BIS တွင်လျှောက်ထားပြီး ကစားစရာပစ္စည်းများပေါ်တွင် ကပ်နှိပ်ရမည်ဖြစ်သည်။ ၎င်းအမှတ်အသားများသည် စည်းမျဉ်းဥပဒေအရမဖြစ်မနေ သို့မဟုတ် ဆန္ဒအလျောက်လိုက်နာ၍ ထုတ်ကုန်ပစ္စည်းများပေါ်တွင် ကပ်နှိပ်နိုင်သည်။ ပြည်ပထုတ်လုပ်သူများသည် BIS နှင့် ၎င်းတို့အကြား ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံဌာနေကိုယ်စားလှယ်တစ်ဦး ခန့်အပ်ရန်လိုအပ်ပါသည်။

ပြည်တွင်း/ပြည်ပမှ ထုတ်လုပ်သူများသည် ကစားစရာပစ္စည်းများအား သတ်မှတ်ထားသော မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ပြီး မှတ်ပုံတင်ခြင်း၊ စံချိန်စံညွှန်း၊ ထုတ်ကုန်အရည်အသွေး ကိုက်ညီမှုရှိကြောင်း ဖော်ပြသည့် Standard Mark သို့မဟုတ် ISI Mark အမှတ်တံဆိပ်အား ရိုက်နှိပ်သုံးစွဲခွင့်ရရှိအောင် BIS တွင် လျှောက်ထားပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံက ထုတ်ပြန်ကြေညာခဲ့သည့် အရည်အသွေးထိန်းချုပ်မှုဆိုင်ရာ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို နည်းယူ၍ မည်သည့်ထုတ်ကုန်ပစ္စည်းကိုမဆို ကုန်သွယ်မှုပြုရာတွင် အတားအဆီးအခက်အခဲနည်းအောင် ကုန်သွယ်ဖက်နိုင်ငံ၏ အရည်အသွေး သတ်မှတ်ချက်၊ သဘောတူညီချက်များကို တက်တက်ကြွကြွ ပါဝင်လိုက်နာဆောင်ရွက်ရမည်ဖြစ်သလို တစ်ဖက်မှာလည်း မိမိတို့နိုင်ငံ၏ အရည်အသွေးဆိုင်ရာ လိုအပ်ချက်များဖြစ်သည့် Quality Infrastructure များ ထူထောင်ရေးနှင့် ခေတ်မီနည်းပညာဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့ကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။

Source: (1) India Economic Times (21 Aug 2020)

(2) Department for Promotion of Industry and Internal Trade of India Order No.S.O.853(E)

(3) Ministry of Consumer Affairs, Food and Public Distribution (Bureau of India Standard-BIS)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ခြင်း တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ NEDA–Neighbouring Countries Economic Development Cooperation Agency တို့အကြား ဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်းနယ်စပ် (ထီးခီး)သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်းစီမံကိန်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ-ထိုင်း နယ်စပ်(ထီးခီး)သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်းစီမံကိန်း ဖောက်လုပ်ရေးနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံ NEDA နှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ တိုးတက်မှုအခြေအနေများ၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားပြီးဖြစ်သည့်ချေးငွေကို ထိုင်းနိုင်ငံမှရရှိရေးအတွက် NEDA နှင့် ညှိနှိုင်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ၊ နှစ်လမ်းသွား ကားလမ်းဖောက်လုပ်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှုဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြကာ အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# အိန္ဒိယနိုင်ငံရှိ ပြည်နယ်အချို့၌ ရေကြီးမှုကြောင့် သီးနှံစိုက်ခင်းများ ထိခိုက်ဖွယ်ရှိ

အိန္ဒိယနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်းလုံး၌ မိုးရွာသွန်းမှုအားကောင်းခဲ့ရာ ပုံမှန်ပျမ်းမျှမိုးရေချိန်ထက် ၂၇ ရာခိုင်နှုန်း ပိုမိုလျက် နှစ်ပေါင်း ၄၄ နှစ်အတွင်း ဩဂုတ်လ၏ မိုးရေချိန် အများဆုံးရရှိသည့်ကာလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ ထိုကဲ့သို့ မိုးရေချိန်ပိုမိုရရှိမှုနှင့်အတူ နိုင်ငံ၏အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသရှိ ဂူဂျရတ်၊ မဟာရက္ခထ၊ ရာဂျတ်စတန်၊ မဒ္ဒရာပရာဒေ့ရှ်၊ ကာနာတာကာစသည့် ပြည်နယ်များ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ မိုးသီးနှံစိုက်ခင်းအချို့မှာ ထိခိုက်ပျက်စီးနိုင်ဖွယ်ရာရှိကြောင်း အိန္ဒိယသတင်းဌာနများက ဖော်ပြကြသည်။

ဩဂုတ်လကုန်ပိုင်း ၂၈ ရက်နှင့် ၂၉ ရက်များ၌ မိုးရွာသွန်းမှု အားကောင်းခဲ့ခြင်းကြောင့် မဟာရက္ခထပြည်နယ် Vidarbha ဒေသအရှေ့ပိုင်း၊ Nagpur နယ်မြေရှိ ခရိုင်ခြောက်ခုတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ ပဲပုပ်စိုက်ခင်းပေါင်း ဟက်တာ ၇၀၀၀၀ မှ ၇၅၀၀၀ အထိ ထိခိုက်ဖွယ်ရှိသည်။ အလားတူ Vidarbha ဒေသ အနောက်ပိုင်း၊ Amravati နယ်မြေရှိ ခရိုင်နှစ်ခုတွင်လည်း ပဲတီစိမ်းနှင့် မတ်ပဲစိုက်ခင်း များ ရေနစ်မြုပ်မှုကြောင့် သီးနှံစိုက်ဧရိယာ ဟက်တာ ၂၀၀၀၀ ကျော် ထိခိုက်ပျက်စီးနိုင်ဖွယ်ရှိသည်။ ၎င်းဒေသများ၌ စပါးနှင့် ဝါစိုက်ခင်းများမှာ ထိခိုက်မှုမရှိဟု သိရှိရပြီး သက်ဆိုင်ရာ အာဏာပိုင်များက အသေးစိတ် စာရင်းအချက်အလက်များ ကောက်ယူပြုစုလျက်ရှိကြောင်း၊ Vidarbha ဒေသ၌ ယခုနှစ် တွင် ပဲပုပ်စိုက် ဧရိယာဟက်တာ ၁၄ သိန်း၊ မတ်ပဲဟက်တာ လေးသိန်းနှင့် ပဲတီစိမ်းဟက်တာသုံးသိန်းခန့် စိုက်ပျိုးထားရှိရာ မိုးဆက်လက် အားကောင်းနေပါက ပဲပုပ်စိုက်ခင်းများ ထိခိုက်မှုမှာ ပိုမိုလာနိုင်ဖွယ်ရှိကြောင်းဖြင့် စိုက်ပျိုးရေးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦး၏ ပြောကြားမှုကို Times of India သတင်းဌာန က ရေးသားဖော်ပြသည်။

ကာနာတာကာပြည်နယ်တွင် ပဲတီစိမ်းများ စတင်ရိတ်သိမ်းလျက်ရှိရာ ဩဂုတ်လအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုက တောင်သူများအတွက် ရိတ်သိမ်းမှုနှင့် အခြောက်ခံမှု အခက်အခဲ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ပဲတီစိမ်းများ၌ အစိုဓာတ်ပါဝင်မှု ၁၇ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း အထိရှိပြီး အရည်အသွေး ထိခိုက်မှုများရှိသဖြင့် ပဲရောင်းဝယ်သူ လုပ်ငန်းရှင်များက ဝယ်ယူလိုခြင်းမရှိကြောင်း၊ ၎င်းဒေသတွင်းရှိ ကုန်စည်ဒိုင်များတွင် ပဲတီစိမ်းအသစ် ၁၀၀ ကီလိုဂရမ်လျှင် ရူပီးငွေ ၄၀၀၀ မှ ၇၀၀၀ အတွင်း ဈေးနှုန်းဖြင့်သာ ဝယ်ယူလျက်ရှိကြရာ တောင်သူများအနေဖြင့် အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းများ စတင်ရန် လိုလားလျက်ရှိကြောင်း၊ ကာနာတာကာပြည်နယ်၌ မိုးပဲတီစိမ်းအား ယခင်နှစ်ကထက် ၅၀ ရာခိုင်နှုန်းခန့် ပိုမိုလျက် ယခုနှစ်တွင် ဟက်တာ ၃ ဒသမ ၈၅ သိန်းအထိ တိုးမြှင့်စိုက်ပျိုးထားကြောင်း The Hindu Business Line သတင်းဌာနက ဖော်ပြသည်။ ၂၀၂၀-၂၁ ခုနှစ် မိုးသီးနှံရာသီ၌ စိုက်ပျိုးထွက်ရှိသည့် သီးနှံများအတွက် အထောက်အပံ့ပြုသည့်အနေဖြင့် အနိမ့်ဆုံးဈေးနှုန်းပေး၍ ဝယ်ယူမည့် အခြေခံရည်ညွှန်းဈေးနှုန်းများအား ဇွန် ၁ ရက်၌ အိန္ဒိယအစိုးရကထုတ်ပြန်ခဲ့ရာ ပဲတီစိမ်း ၁၀၀ ကီလိုဂရမ်လျှင် ၇၁၉၆ ရူပီးနှုန်း သတ်မှတ်ထားသည်။

ဂူဂျရတ်ပြည်နယ်၌ စိုက်ပျိုးထားသည့် မိုးသီးနှံဧရိယာ ဟက်တာ စုစုပေါင်း ၈၄ ဒသမ ၅ သိန်း၏ ကိုးရာခိုင်နှုန်းခန့်မှာ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ထိခိုက်ဖွယ်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဌာနက ခန့်မှန်းလျက်ရှိသည်။ အထူးသဖြင့် ပြည်နယ်အတွင်း သီးနှံစိုက်ခင်းများ ထိခိုက်မှု၏ ၇၅ ရာခိုင်နှုန်းခန့်သည် Saurashtra ဒေသတွင် ဖြစ်ပေါ်ခဲ့ကြောင်း၊ မြေပဲနှင့် ဝါစိုက်ခင်းများ အဓိကပျက်စီးမှုရှိပြီး နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မတ်ပဲစိုက်ခင်းများလည်း ပါဝင်ကြောင်း Times of India သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။

အလားတူ မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းလျက် ရေကြီးမှုများကြောင့် ခရိုင် ၁၄ ခုရှိ မိုးသီးနှံစိုက်ဧရိယာ ဟက်တာခုနစ်သိန်းခန့်မှာ ထိခိုက်ပျက်စီးဖွယ်ရှိသည်ဟု ယင်းပြည်နယ် ဝန်ကြီးချုပ် Mr. Shivraj Singh Chouhan က ဩဂုတ် ၃၁ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့သည်။ ပဲပုပ်သီးနှံမှာ ရေကြီးမှုအပြင် ပင်စည်ထိုး ယင်ကောင်ကျရောက်မှုကြောင့် ပျက်စီးမှု ပိုမိုများပြားကြောင်း၊ မြေပဲ၊ ဝါ၊ မတ်ပဲနှင့် ပဲတီစိမ်း သီးနှံစိုက်ခင်းများသည်လည်း ရေကြီးမှုကြောင့် ထိခိုက်မှုရှိကြောင်း သိရှိရသည်။ ယင်းပြည်နယ်၏ ယခုနှစ်မိုးရာသီ ဆီထွက်သီးနှံ ထုတ်လုပ်မှုမှာ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ လျော့ကျဖွယ်ရှိသည်ဟု အိန္ဒိယဆီကြိတ်စက်လုပ်ငန်းရှင်များ အသင်းနှင့် ပဲပုပ်စေ့ လုပ်ငန်းရှင်များအသင်းတို့က ခန့်မှန်းလျက်ရှိကြောင်း၊ ရေကြီးမှုကြောင့် ပဲတီစိမ်းနှင့် မတ်ပဲစိုက်ခင်းများ ထိခိုက်ပျက်စီးမှုနှင့်အတူ ပြည်တွင်းသို့ မတ်ပဲတင်သွင်းမှုအား ဩဂုတ် ၃၁ ရက်နောက်ပိုင်းကာလအထိ အချိန်တိုးမြှင့်ပေးရန် အိန္ဒိယအစိုးရ၏ ငြင်းဆန်နေခြင်းက မတ်ပဲဈေးနှုန်းအား ရှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ လည်းကောင်း၊ ပဲတီစိမ်းဈေးနှုန်းအား ငါးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအထိ လည်းကောင်း မြင့်တက်စေခဲ့သည်ဟု အိန္ဒိယ ပဲခွဲစက်လုပ်ငန်းရှင်များအသင်းက ပြောဆိုကြောင်း Economic Times သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ကောက်ပဲသီးနှံ သိုလှောင်ထိန်းသိမ်းရေး ကော်ပိုရေးရှင်း (National Bulk Handling Corporation) ၏ သုတေသနဌာန အကြီးအကဲ Mr. Hanish Kumar Sinha က ယခုနှစ် မိုးရာသီကာလ၌ ဧရိယာတိုးတက်စိုက်ပျိုးနိုင်သော်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုက ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်ရရှိနိုင်မှုကို အဟန့်အတားဖြစ်စေကြောင်း၊ လက်ရှိအခြေအနေအရ မိုးသီးနှံ ပဲပုပ်စေ့ထုတ်လုပ်နိုင်မှုမှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လျော့ကျဖွယ်ရှိပြီး စက်တင်ဘာလအတွင်း မိုးရွာသွန်းမှု ဆက်လက်အားကောင်းခဲ့ပါက ထို့ထက်ပိုမိုနိုင်ကြောင်း ပြောဆိုသည်။ ထို့အတူ မြေပဲစိုက်ပျိုးသည့် ဒေသများ၌ ရေကြီးမှုများက မိုးသီးနှံမြေပဲထုတ်လုပ်မှုအား ၁၀ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်ကြောင်း စားသုံးဆီလုပ်ငန်းနယ်ပယ်မှ ပညာရှင် Mr. Govindbhai Patel က The Hindu Business Line သတင်းဌာနသို့ ပြောကြားသည်။

အန္ဓရာပရာဒေ့ရှ်၊ တဲလန်ဂါနာ၊ ဘီဟာ၊ ဩရိဿ စသည့် ပြည်နယ်များတွင်လည်း ရေကြီးရေလျှံမှုများကြောင့် စပါးနှင့် အခြားသီးနှံစိုက်ခင်းများ ထိခိုက်မှုရှိနိုင်ကြောင်း၊ ရေကြီးနစ်မြုပ်နေမှုများ ကျဆင်းသွားချိန်မှသာ သီးနှံစိုက်ခင်းများ ထိခိုက်မှုစုစုပေါင်း ပမာဏကို စာရင်းကောက်ယူ မှန်းဆနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**




ATGsys
IT Solutions Provider

# ATG Systems Co.,ltd.

## OUR CORE SERVICES

Cloud Solutions and Services
Office 365
Collaboration Solutions and Services
Server Solutions and Services
Storage & Data Management Solutions and Services
Data Backup & Recovery Soulutions
Security Solutions and Services
Enterprise Network Solutions and Services
Virtualization & Private Cloud Solutions and Services
Oracle Systems Solutions and Services
B2B Services

Yangon (Head Office)
Add : No.B-3, Kan Yeik Mon, Kan Street, Hlaing Township, Yangon, Myanmar.
Tel : + 95 9 450060910, 259166115
Nay Pyi Taw (Branch Office)
Add : Pa/78, Tha Pyay Kone Market, Nay Pyi Taw, Myanmar.
Tel : + 95 9 450060910, 259166115
Email : sales@atgsys.com, support@atgsys.com
Website : www.atgsys.com



# ကုန်စည်ပြပွဲနှင့် ပွဲမိန့် (Show Permit)

ညီညီအောင်

မြန်မာနိုင်ငံတွင် ပြည်ပမှ လာရောက် ခင်းကျင်းပြသသော ကုန်စည်ပြပွဲများ၊ ပြည်တွင်းကုမ္ပဏီ/လုပ်ငန်းရှင်များစုပေါင်းခင်းကျင်းပြသသော ကုန်စည်ပြပွဲများတွင် လာရောက်ကြည့်ရှုကြမည့် ဧည့်သည်ဦးရေများပြားပါက အနည်းဆုံးလူ ၅၀၀ကျော်ရှိပါက ပွဲမိန့်လျှောက်ထားရန်လိုသည်။ ၁၉၉၅ ခုနှစ် ပတ်ဝန်းကျင်က ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်တွင် မြန်မာကုန်စည်ပြပွဲ အာဏာပိုင်အဖွဲ့ (TRADE FAIRS AUHORITY OF MYANMAR) ဖွဲ့စည်းပြီးဖြစ်သဖြင့် အဆိုပါ မြန်မာ့ကုန်စည်ပြပွဲ အာဏာပိုင်အဖွဲ့က တာဝန်ယူ၍ အထွေထွေခွင့်ပြုမိန့် (OGL) ထုတ်ပေးလျှင် ပွဲမိန့်ထပ်မံလျှောက်စရာမလိုဘဲ ပြပွဲကျင်းပနိုင်ပေသည်။ သို့သော် ၂၀၀၅ ခုနှစ်တွင် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန (Yangon Trade Centre)တွင် ကျင်းပသော ကုန်စည်ပြပွဲတစ်ခုတွင် ဗုံးပေါက်မှုဖြစ်ပွားပြီးနောက်ပိုင်း ပွဲမိန့်များတောင်းခံရန် လိုအပ်လာသည်ကို သတိထားမိသည်။ ပွဲမိန့်ရမှသာ OGL လိုင်စင်ခွင့်ပြုသည်။ သို့အတွက် ပြပွဲကျင်းပပြုလုပ်မည့်သူများအတွက် ပွဲမိန့်လျှောက်ထားရာတွင် လုပ်ကိုင်ရသော အဆင့်များကို ရေးသားဖော်ပြလိုက်ပါသည်။

**ပြခန်းငှားရမ်းခြင်း သဘောတူညီမှုစာချုပ်**
(Venue Lease Agreement)

ကုန်စည်ပြပွဲကျင်းပမည့်သူသည် ရှေးဦးစွာ မိမိခင်းကျင်းပြသလိုသည့် ပြခန်း(Venue)ကိုငှားရမ်းရလေသည်။ ထိုအခါပြခန်းပိုင်ရှင်နှင့် ပြခန်းငှားရမ်းခြင်းဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုရသည်။ ပြီးနောက်တစ်ရက်လျှင် ကျပ် ၁၅ သိန်းပေးရလျှင် လေးရက်ကျင်းပမည်ဆိုပါက ကျပ်သိန်း ၆၀ ပေးသွင်းရပေမည်။ သို့သော် များသောအားဖြင့် ပြခန်းငှားရမ်းသူသည် စာချုပ်ရန် စတင်စာချုပ်ချုပ်ဆိုသည့်နေ့တွင် စရန်ကြိုတင်ငွေ (Deposit) ကိုသာ ပေးချေလေ့ရှိသည်။ ထိုအခါ ခန်းမငှားရမ်းစာချုပ် ချုပ်ဆိုသည့်နေ့တွင် ပြခန်းငှားရမ်းမှု သဘောတူညီချက် စာချုပ်နှင့် စရန်ငွေပေးသွင်းငွေ လက်ခံဘောက်ချာကို လက်ခံရရှိမည်ဖြစ်ပေသည်။

**လုံခြုံရေးအဖွဲ့ငှားရမ်းခြင်း**
(Security Service)

ပြပွဲတွင်လုံခြုံရေးတာဝန်ယူမည့်လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း (Security Service ) ကို ငှားရမ်းရပေမည်။ မြန်မာနိုင်ငံတွင် ကုမ္ပဏီ၊ ရုံး၊ စက်ရုံများအတွက် ငှားရမ်း၍ရသော လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများရှိလာပြီဖြစ်ပေသည်။ စာရေးသူ သိသမျှတင်ပြရလျှင် မြန်မာလူမျိုးများ ဦးစီးလုပ်ကိုင်သော Arr Man Shin Security Services, BEST Security Services, EAGLE Security Services, Steel EyeSecurity Service, MyanmarAssuranceCo.,Ltd အစရှိသော လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများစွာရှိပေသည်။ မိမိတို့နှစ်သက်သော လုံခြုံရေးဝန်ဆောင်မှုအဖွဲ့ကို ငှားရမ်းနိုင်သည်။ လုံခြုံရေး ဝန်ဆောင်မှုအဖွဲ့ငှားရမ်းပြီးသည်နှင့် လုံခြုံရေးဝန်ဆောင်မှုအဖွဲ့ထံမှ လုံခြုံရေးစီမံချက် (Security Plan)နှင့် ပြပွဲခန်းမမြေပုံ (Location Map) နှစ်ခုကို ဦးစွာဆွဲခိုင်း၍ တောင်းယူရသည်။ လုံခြုံရေးစီမံ ချက်မှပြပွဲကျင်းပသည့်အခါ လုံခြုံရေးဝန်ထမ်းများအားမည်ကဲ့သို့ဖြန့်ဝေတာဝန်ယူဆောင်ရွက်မည်ကို ရေးသားဖော်ပြထားသော စီမံချက်ကို ဆိုလိုခြင်းဖြစ်သည်။ ပြပွဲခန်းမ၏မျက်နှာစာ မုခ်ဦးအဝတွင် လုံခြုံရေးဝန်ထမ်းဘယ်နှဦး၊ ခန်းမအတွင်းသို့ အဝင်တံခါးဝတွင်လုံခြုံရေးဝန်ထမ်းဘယ်နှဦး၊ ပြခန်းများအတွင်း ပြခန်းနံပါတ်ဘယ်လောက်မှ ဘယ်လောက်အထိ လုံခြုံရေးဝန်ထမ်း ဘယ်နှဦး၊ မော်တော်ကားရပ်နားစခန်းတွင် လုံခြုံရေးဝန်ထမ်းဘယ်နှဦး၊ကြီးကြပ်ရေးမှူးက ဘယ်နှဦး၊ RoundCheck က ဘယ်နှဦး စသဖြင့် လုံခြုံရေးဝန်ဆောင်မှုပေးမည့် ကုမ္ပဏီ၏ဆောင်ရွက်ရမည့်အပိုင်းကို ဖော်ပြကာ ပြပွဲကာလအတွင်း မိမိတို့အသုံးပြုကိုင်ဆောင်မည့် လုံခြုံရေးလက်နက်ကိရိယာများကိုပါ အသေးစိတ်ဖော်ပြရေးသားထားသော လုပ်ငန်းစီမံချက်ဖြစ်သည်။ ပြပွဲခန်းမတည်ရှိရာမြေပုံကို များသောအားဖြင့် Google Earth Map မှ ကူးယူထုတ်ပေးလေ့ရှိသည်။

**ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး**
(Ward Administeration Office)

ပြပွဲကျင်းပရာ ပြခန်းမအဆောက်အအုံတည်ရှိရာ ရပ်ကွက်ဥက္ကဋ္ဌရုံး ဦးစွာသွားရောက်ကာ မိမိရရှိထားသော ပြခန်းငှားရမ်းမှုသဘောတူညီချက်စာချုပ် (Venue Lease Agreement) နှင့် စရန်ငွေပေးသွင်း ဘောက်ချာ (Deposit Receipt ) လုံခြုံရေး စီမံချက် (Security Plan) နှင့် ပြပွဲခန်းမမြေပုံ (Location Map) စသည့် စာရွက်စာတမ်းလေးရွက်ကို တင်ပြကာ ပြပွဲကျင်းပခွင့်(Show Permit ပွဲမိန့်) စတင်တောင်းခံရလေသည်။ ရပ်ကွက်ဥက္ကဋ္ဌရုံးသည် များသောအားဖြင့် ညဘက်တွင် ဖွင့်လေ့ရှိရာ လျှောက်ထားသူများအဖို့ ညဘက်သွားကြရသည်။ ရပ်ကွက်ဥက္ကဋ္ဌရုံး (ရဝတ) ဖွင့်ချိန်ကို စောင့်၍ထုတ်ကြရသည်။ ရပ်ကွက်ဥက္ကဋ္ဌက အသံချဲ့စက်များ၊ စတိတ်ရှိုးများပါ၊ မပါမေးလေ့ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ပြခန်းတည်ရှိရာရပ်ကွက်အတွင်း ကျောင်းသားကလေးများနေကြသဖြင့် စာမေးပွဲများရှိပါက စာကျက်ရာတွင် အနှောင့်အယှက် မဖြစ်စေရန် အသံတိုးတိုးဖွင့်ကြဖို့ကို မေတ္တာရပ်ခံခြင်းဖြစ်သည်။ လျှောက်ထားချိန်မှာ မကြာလှပါ၊ ရပ်ကွက်ဥက္ကဋ္ဌလာ၍ လက်မှတ်ထိုးပေးပြီးလျှင် ကျင်းပခွင့်ထောက်ခံစာ(ရပ်ကွက်ပွဲမိန့်)ရပါပြီ။

> **ပြည်ပမှ လာရောက်ပြသသော ကုန်စည်ပြပွဲများမှာ ပြပွဲတွင် ရောင်းချရပါက နိုင်ငံတော်က သတ်မှတ်ထားသော အကောက်ခွန်၊ ကုန်သွယ်ခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို အကောက်ခွန်က စည်းကြပ်ကောက်ခံသဖြင့် မြို့နယ် အခွန်ဦးစီးမှူးရုံးတွင် ကုန်သွယ်ခွန် မပေးဆောင်ရပေ။**

**မြို့နယ်ရဲတပ်ဖွဲ့**
(Township Police Station)

ပြပွဲခန်းမတည်ရှိရာ မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့လည်း ခွင့်ပြုချက်လျှောက်ထားရပါသည်။ မြို့နယ်ရဲတပ်ဖွဲ့ရုံးသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးခွင့်ပြုချက်နှင့်အတူ အထက်ဖော်ပြပါ စာရွက်လေးရွက်အပြင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ထုတ်ကုန်သွင်းကုန်မှတ်ပုံတင် လက်မှတ်တို့ကိုပါတွဲ၍ လျှောက်ထားရသည်။ မြို့နယ်မှူးမရှိလျှင်လည်း ကျန်သည့်တာဝန်မှူးက ခွင့်ပြုချက်စာ ထုတ်ပေးသည်။ မြို့နယ်ရဲတပ်ဖွဲ့ရုံးသို့ ထောက်ခံစာလျှောက်ရာတွင် အများဆုံးတစ်ရက်သာကြာမြင့်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူးရုံး**
(Township Administration Office)

ပြပွဲစီမံခန့်ခွဲသူ(Event Origanizer)၏ လက်ဝယ် မြို့နယ်ရဲတပ်ဖွဲ့ထောက်ခံစာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာများရရှိပြီးပါက ပြပွဲခန်းမတည်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံစာကို ဆက်လက်လျှောက်ထားရပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ထူးခြားချက်တစ်ခုမှာ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုစာလက်မှတ်ရေးထိုးပေးရခြင်းဖြစ်သည်။ ပွဲမိန့်လျှောက်ထားသူများ လိုက်နာရမည့်စည်းကမ်းချက်များမှာ ကုန်စည်ပြပွဲတစ်ခုတည်းကိုသာ သတ်မှတ်ထားခြင်းမဟုတ်။ ရပ်ကွက်ပွဲများ၊ ဘုရားပွဲတော်များ၊ ညဈေးပွဲတော်များ အလှူမင်္ဂလာပွဲတော်များအားလုံး အကျုံးဝင်သည်။ သို့အတွက် အခမ်းအနားများစီမံခန့်ခွဲဦးစီးဦးဆောင်ကျင်းပသူတို့သည် ပတ်ဝန်းကျင် အနှောင့်အယှက်မဖြစ်စေရေးနှင့်ပြဿနာတစ်စုံတစ်ရာ မဖြစ်စေရေးအတွက် တာဝန်ယူဆောင်ရွက်ရန်၊ အသံချဲ့စက်လုံးဝ အသုံးမပြုရန်၊ ဆောင်းဘောက်(စ်)ဖြင့်သာ သင့်တင့်ရုံအသုံးပြုရန်၊ ကျင်းပချိန်ကို ပွဲမိန့်လျှောက်ထားသည့် နာရီအတွင်းသာ ကျင်းပရန်၊ အခမ်းအနား မဏ္ဍပ်ဆောက်လုပ်ခြင်းမပြုရ၊ အရက်လောင်းကစားပွဲ မရှိစေရေးတာဝန်ယူဆောင်ရွက်ရန်၊ အများပြည်သူ အနှောင့်အယှက် မဖြစ်စေရန်နှင့် လမ်းပိတ်ဆို့မှုမဖြစ်ပွားစေရေးအတွက် ဂရုပြုဆောင်ရွက်ရန်၊ လျှပ်စစ်မီးကြိုးများခွင့်ပြုချက်မရဘဲ သွယ်တန်းသုံးစွဲခြင်းမပြုရန်၊ စင်တင်တေးဂီတဇာတ်ပွဲ၊ အငြိမ့်ပွဲများတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော သရုပ်ပျက်ဝတ်စားဆင်ယင်ခြင်း၊ နိုင်ငံတော်အကြည်ညိုပျက်စေမည့် စာသားများ၊ တေးသီချင်းများသီဆိုခြင်း၊ ပျက်လုံးထုတ်ခြင်းများ မပြုလုပ်ရန်၊ မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေး တာဝန်ယူဆောင်ရွက်ရန်၊ ပွဲခင်းမှထွက်ရှိလာသော အမှိုက်များကို ပွဲကျင်းပပြီးစီးသည်နှင့်အပြီး ဖျက်သိမ်းရှင်းလင်းဆောင်ရွက်ရန်၊ စည်းကမ်းနှင့် မညီညွတ်၍ သက်ဆိုင်ရာမှ ပွဲဖျက်သိမ်းရန် ညွှန်ကြားလာပါက တာဝန်ခံကျင်းပသူမှ ချက်ချင်းပိတ်သိမ်းရပ်ဆိုင်းရန်၊ အခမ်းအနားကျင်းပခွင့်ပြုမိန့်များကို ကာယကံရှင်လျှောက်ထားသူမှ သက်ဆိုင်ရာအဆင့်ဆင့်သို့ လျှောက်ထားထုတ်ယူရန် အစရှိသော စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးရသည်။

**မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး**

မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ပွဲမိန့်လျှောက်ထားရာတွင် တချို့သောမြို့နယ်များ၌ ပြပွဲတာဝန်ယူကျင်းပသည့် ကုမ္ပဏီသည် ၎င်းပြပွဲကျင်းပသည့် ပြခန်းတည်ရှိရာ မြို့နယ်ရှိ မြို့နယ်အခွန်ရုံးမှ အခွန်ကင်းရှင်းကြောင်း စာတောင်းခံလေသည်။ မြို့နယ်အခွန်ရုံးက ပြပွဲစီစဉ်သူသည် ယခုပြပွဲတွင် ပြခန်းအရေအတွက်မည်မျှရောင်းချထားသည်ကိုအခြေခံ၍ ကုန်သွယ်ခွန်ကောက်ခြင်းဖြစ်သည်။ စည်းကြပ်ထားသော ကုန်သွယ်ခွန်ကို မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းရသည်။ ထို့နောက် မြို့နယ်အခွန်ရုံးမှ အခွန်ထမ်းဆောင်ပြီးကြောင်းစာတစ်စောင်ထုတ်ပေးသည်။ အဆိုပါအခွန်ကင်းစာကိုမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ပူးတွဲတင်ပြပါမှ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ပွဲမိန့်အတွက်ထောက်ခံစာထုတ်ပေးပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ပွဲမိန့်လျှောက်ရာတွင် အခွန်ကင်းရှင်းကြောင်း ထောက်ခံစာတောင်းခံသည်မှာ များသောအားဖြင့် ပြည်တွင်းအရောင်းဆိုင်များ၊ ပြည်တွင်းကုမ္ပဏီများ စုပေါင်းခင်းကျင်းပြသသော ပညာရေးဝန်ဆောင်မှုပွဲများ၊ပရိဘောဂပြပွဲများ စသော အရောင်းမြှင့်တင်ရေး ပြပွဲများတွင်သာ တောင်းခံလေ့ရှိသည်။ ပြည်ပမှ လာရောက်ပြသသော ကုန်စည်ပြပွဲများမှာ ပြပွဲတွင်ရောင်းချရပါက နိုင်ငံတော်က သတ်မှတ်ထားသော အကောက်ခွန်၊ ကုန်သွယ်ခွန်နှင့်ကြိုတင် ဝင်ငွေခွန်တို့ကို အကောက်ခွန်က စည်းကြပ်ကောက်ခံသဖြင့် မြို့နယ်အခွန် ဦးစီးမှူးရုံးတွင် ကုန်သွယ်ခွန်မပေးဆောင်ရပေ။ သို့သော် ပြပွဲနှင့်ပတ်သက်၍ ကျသင့်အခွန်ငွေများအား ပေးဆောင်ပါမည်ဖြစ်ကြောင်း ဝန်ခံကတိ ရေးသားတင်ပြရသည်။ သို့မှသာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကျသင့်အခွန်ငွေများအား သတ်မှတ်ပုံစံနှင့်အတူ ပေးသွင်းနိုင်ရေး ကတိဝန်ခံချက်များ ရယူထားပြီးဖြစ်ကြောင်းနှင့်ပွဲကျင်းပမှုအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာထုတ်ပေးသည်။

**မြို့နယ်မီးသတ်ဦးစီးမှူးရုံး**

မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ပွဲမိန့်ထောက်ခံစာတောင်းခံရာတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအပေါ် မြို့နယ်မီးသတ်ဦးစီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတောင်းခံပါသည်။ ထိုအခါမြို့နယ်မီးသတ်ဦးစီးမှူးရုံးသို့သွားရောက်၍ မီးဘေးလုံခြုံရေးပစ္စည်းများ ပြည့်စုံစွာထားရှိပြီး စည်းကမ်းချက်များနှင့် ကိုက်ညီမည်ဆိုပါက မီးသတ်ဦးစီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတစ်စောင်ထုတ်ပေးပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူးရုံး**

မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ မြို့နယ်အခွန်ဦးစီမှူးရုံးထောက်ခံစာ၊မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးထောက်ခံစာတို့ကို ပူးတွဲတင်ပြ၍ ထောက်ခံစာများထုတ်ယူပြီးပါက ခရိုင်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက်၍ ပွဲမိန့်အတွက် ထောက်ခံစာဆက်လက် လျှောက်ထားရပြန်သည်။

**စာမျက်နှာ - ၂၅ သို့**

# ထုတ်လုပ်မှုကွင်းဆက်အတွက် အကောင်းဆုံးစီမံခန့်ခွဲမှုအဆင့်များ

သိန်းမြင့်ဝေ

တိုးတက်ပြောင်းလဲလျက်ရှိသော ကမ္ဘာ့စျေးကွက်အတွင်း အောင်မြင်မှုရရှိရန်အတွက် မိမိ၏စီးပွားရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ချိတ်ဆက်မှုကောင်းမွန်ရန် လိုအပ်သကဲ့သို့ မိမိလုပ်ငန်း၏ထုတ်လုပ်မှုကွင်းဆက်သည်လည်း အစမှအဆုံးတိုင် ကောင်းမွန်စွာ ချိတ်ဆက်ထားရန် လိုအပ်သည်။ ထိုကဲ့သို့ ချိတ်ဆက်မှု ကောင်းသည့် ထုတ်လုပ်မှုကွင်းဆက်ကို အောင်မြင်စွာ စီမံခန့်ခွဲရန်အတွက် အောက်ဖော်ပြပါ အဆင့်ငါးဆင့်ကို ဆောင်ရွက်ရန် ထောက်ခံတင်ပြအပ်ပါသည်။

**အဆင့် (၁) ထုတ်လုပ်မှုကွင်းဆက်ကို အချိန်ကိုက် ရွေ့လျားအောင် စီမံခြင်း**

ယခင်က လုပ်ငန်းအစီအစဉ်ရေးဆွဲရာတွင် ERP စနစ်နှင့် ကွန်ပျူတာမှတ်တမ်းထားရှိခြင်းတို့ကို အသုံးပြုခဲ့သည်။ လက်ရှိ အသုံးပြုနေဆဲလည်းဖြစ်သည်။ ERP ဆိုသည်မှာ ကုမ္ပဏီ၏ အရင်းအမြစ်စီမံကိန်းရေးဆွဲသည့်စနစ် (Enterprise resoruce planning) ဖြစ်သည်။ ထိုကဲ့သို့ ERP စနစ်နှင့် Computer program တို့ကို အသုံးပြုရာတွင် ကုမ္ပဏီအနေဖြင့် ယခင်ရှိခဲ့သော ကိန်းဂဏန်းများ (Historical data) ကိုသာ အားထားရလေ့ရှိသည်။ ယခင် ကိန်းဂဏန်းများကိုသာ အခြေခံပြီး လုပ်ငန်းစီမံကိန်းရေးဆွဲခြင်းဖြစ်သောကြောင့် ဝယ်လိုအား သို့မဟုတ် ရောင်းလိုအား ရပ်ဆိုင်းသွားခြင်းမျိုးအတွက် အချိန်မီတုံ့ပြန်ဆောင်ရွက်ရန် ခဲယဉ်းပါသည်။

ဥပမာအားဖြင့် ပြီးခဲ့သည့်နှစ်၏ ကိန်းဂဏန်းများကို အခြေခံမည်ဆိုပါက ကုမ္ပဏီအနေဖြင့်လာမည့် သုံးလပတ်အတွင်း ထုတ်ကုန်အရေအတွက်မည်မျှရောင်းချရမည်ကို ခန့်မှန်းနိုင်မည်ဖြစ်သည်။ သို့သော်လည်း ပြင်းထန်သော မုန်တိုင်းတိုက်ခတ်မှုကြောင့် သော့ချက်ကျသည့် ကုန်ဖြန့်စင်တာတစ်ခု (Distribution center) ပျက်စီးသွားမည်ဆိုပါက သက်ဆိုင်ရာ လက်လီအရောင်းဆိုင်သို့ ကုန်ပစ္စည်းများ အချိန်မီဖြည့်ဆည်းပေးနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် လက်ရှိကိန်းဂဏန်းနှင့် သတင်းအချက်အလက်ကို အခြေခံသော ထုတ်လုပ်မှုကွင်းဆက် စီမံကိန်းရေးဆွဲသည့်နည်းလမ်း (Real-time connected supply chain planning solution) ကို အသုံးပြုသင့်ပါသည်။ ထိုကဲ့သို့ လက်ရှိသတင်းအချက်အလက်အခြေခံသည့် ကွန်ပျူတာနည်းပညာဖြင့် စီမံကိန်းရေးဆွဲပါက အနာဂတ်တွင် ဖြစ်နိုင်ခြေရှိသော ဖြစ်ရပ်များကို ကြိုတင်စဉ်းစားဖော်ထုတ်ထားနိုင်သည်။ အကျိုးဆက်အနေဖြင့် ဝယ်လိုအား သို့မဟုတ် ရောင်းလိုအား ခေတ္တရပ်ဆိုင်းသွားသည့်အခြေအနေမျိုးတွင် ကုမ္ပဏီအနေဖြင့် ပိုမို ထိရောက်စွာ စီမံခန့်ခွဲနိုင်မည် ဖြစ်သည်။

**အဆင့် (၂) လုပ်ငန်းတစ်ခုလုံးအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် ထုတ်လုပ်မှုကွင်းဆက်အစီအစဉ် ရေးဆွဲခြင်းကို ကိုက်ညီစေခြင်း**

ဒုတိယအရေးကြီးသောအဆင့်မှာ သိုလှောင်မှုဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက် အစီအစဉ်ရေးဆွဲခြင်းကို အရောင်းနှင့် လုပ်ဆောင်ချက်အစီအစဉ် ရေးဆွဲခြင်းအပြင် ဘဏ္ဍာရေးအစီအစဉ်ရေးဆွဲခြင်းတို့နှင့် ချိတ်ဆက်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ Siloed supply chain planning ကို Sales & operations planning အပြင် Financial planning တို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြစ်သည်။ ကုမ္ပဏီများသည် ၎င်းတို့၏ ကာလတိုလုပ်ဆောင်ချက်များနှင့် ကုမ္ပဏီတစ်ခုလုံးအတွက် ရေးဆွဲထားသော လုပ်ငန်းစဉ်များကို စည်းချက်ညီအောင် လုပ်ဆောင်ပါက ကောင်းကျိုးများ ခံစားရပါမည်။ ထိုကဲ့သို့ စည်းဝါးကိုက်ညီပါက ကုန်လက်ကျန်အခြေအနေကို ခန့်မှန်းနိုင်ပြီး လိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ပါမည်။

အရောင်းနှင့် လုပ်ဆောင်ချက် အချိန်ကိုက် အစီအစဉ်ရေးဆွဲသည့်နည်းလမ်း (Real-time S&OP solutions)ကို အသုံးပြုခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများသည် အနာဂတ်တွင် ဖြစ်လာနိုင်ခြေရှိသော ကိစ္စရပ်အသစ်များကို ကြိုတင်စဉ်းစားထားနိုင်သည်။ Real-time S&OP solutions ဆိုသည်မှာ ကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်နေသူများကြား ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အနာဂတ်ဖြစ်နိုင်ခြေကိစ္စရပ်များကို ကြိုတင်ဖန်တီး စီစဉ်စဉ်းစားထားသောကြောင့် မမျှော်မှန်းနိုင်သောဖြစ်ရပ်များ ပေါ်ပေါက်လာပါက အမြတ်အများဆုံး ရရှိအောင်မည်သို့ ဆောင်ရွက်မည်၊ ကုမ္ပဏီ၏ အရင်းအမြစ်များကို မည်သို့သုံးစွဲမည်ဆိုသည်ကို သိရှိနိုင်ပါသည်။

**အဆင့် (၃) နောက်ဆုံးဝယ်ယူသူ၏ ဝယ်လိုအားကို ကြိုတင်မျှော်မှန်းခြင်း**

စားသုံးသူအများစု နေ့စဉ်သုံးစွဲသော ကုန်ပစ္စည်းများ (Consumer packaged-goods) ကို ထုတ်လုပ်ရောင်းချနေသော ကုမ္ပဏီများအတွက် နောက်ဆုံးဝယ်ယူသူများ ဝယ်ယူလိုသောပစ္စည်းအမျိုးအစားနှင့် ဝယ်ယူလိုသောအချိန်ကို ကြိုတင်မျှော်မှန်းရခြင်းသည် စိန်ခေါ်မှုတစ်ခုဖြစ်နေပါသည်။ ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးကို သုံးသပ်ဝန်ဆောင်မှုပေးသည့်နည်းလမ်း (End-to-end supply chain visibility) နှင့် အင်တာနက်အခြေခံ အစီအစဉ် ရေးဆွဲသည့် ဆော့ဖ်ဝဲလ် (Cloud-based planning software) ကို အသုံးပြုခြင်းအားဖြင့် နောက်ဆုံးဝယ်ယူသူ၏ ဝယ်လိုအား ပြောင်းလဲမှုကို သိရှိနိုင်သည်။ End-to-end visibility ဆိုသည်မှာ ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်ပြီး စားသုံးသူထံရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင်ရှိသော အဆင့်တိုင်းကို ဝန်ဆောင်မှုပေးသည့် နည်းလမ်းဖြစ်သည်။ End-to-end visibility သည် ကုမ္ပဏီတိုင်း၊ စီးပွားရေးအဖွဲ့အစည်းတိုင်းအတွက် မရှိမဖြစ်လိုအပ်သောစနစ် သို့မဟုတ် နည်းလမ်းဖြစ်သည်။ အဆိုပါ ဖြေရှင်းနည်းကို အသုံးပြုခြင်းအားဖြင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်ရှိ အဆင့်တိုင်းကို ချိတ်ဆက်နိုင်ပြီး ပြဿနာများကို ကြိုတင်စီမံဖြေရှင်းနိုင်ပါသည်။ ထို့ပြင် ဝယ်ယူသူနှင့် မိတ်ဖက်အဖွဲ့အစည်းများ (Partner organizations) မျှော်လင့်သည့် ဝန်ဆောင်မှုကို ဖြည့်ဆည်းပေးနိုင်သည်။

> **ခေတ်မီနည်းပညာကို အသုံးပြုခြင်းသည် ထုတ်လုပ်မှု ကွင်းဆက်အစီအစဉ် ရေးဆွဲခြင်းကို ပိုမိုထိရောက်စေပြီး အခက်အခဲနှင့် ပြဿနာများကို ပိုမိုမြန်ဆန်စွာ တုံ့ပြန်ဖြေရှင်းနိုင်သည်။**

အထူးသဖြင့် ဝယ်ယူသူများ၏ စိတ်ကူးနှင့် ကြိုက်နှစ်သက်မှု ပြောင်းလဲခြင်းကို လျင်မြန်စွာသိရှိနိုင်ပြီး ထုတ်ကုန်အတွက် ဝယ်လိုအားပြောင်းလဲမှုကို အကဲဖြတ်သုံးသပ်နိုင်ပါသည်။ အကျိုးဆက်အနေဖြင့် ဝယ်ယူသူ၊ မိတ်ဖက်လုပ်ငန်းနှင့် မိမိကုမ္ပဏီအတွက် အမြတ်ပိုမိုရရှိခြင်း၊ အစွန်းထွက်အမြတ်ပိုမိုရရှိခြင်းနှင့် ကုန်ပစ္စည်း လွှဲပြောင်းပို့ဆောင်ချိန် (Lead time) ပိုမိုရရှိခြင်းတို့ကို ဖြစ်စေသည်။

**အဆင့် (၄) ထုတ်လုပ်မှုကွင်းဆက်၏ အဆင့်တိုင်း၌ အချိန်ကိုက် ကိန်းဂဏန်းများရရှိအောင် စီမံခြင်း**

ယေဘုယျအားဖြင့် ထုတ်လုပ်မှုကွင်းဆက်အစီအစဉ်ရေးဆွဲခြင်းတွင် ကုန်ကြမ်းပေးသွင်းသူ၊ ကုန်စည် ဖြန့်ဖြူးမှုလမ်းကြောင်း၊ ဝယ်ယူသူနှင့် ဈေးနှုန်းသတ်မှတ်ခြင်း စသည့် အစီအစဉ်များစွာပါဝင်သည်။ ထိုကဲ့သို့ အစီအစဉ်များစွာ ပါဝင်သောကြောင့် စီးပွားရေးလုပ်ငန်းပုံစံများသည် ပိုမိုကြီးမားပြီး ကိုင်တွယ်ရန်ခက်ခဲလာပါသည်။ အထူးသဖြင့် ထုတ်လုပ်မှုကွင်းဆက်အစီအစဉ်ရေးဆွဲသည့် နည်းလမ်းများ ခေတ်မမီတော့သည့် အခြေအနေတွင် ကိုင်တွယ်ဖြေရှင်းရန် ပိုမိုခက်ခဲသည်။ ထို့ကြောင့် အင်တာနက်အခြေခံအစီအစဉ် ရေးဆွဲသည့် နည်းလမ်းနှင့်အတူ ထုတ်လုပ်မှုကွင်းဆက်၏ အဆင့်တိုင်း၌ အချိန်ကိုက်ကိန်းဂဏန်းများ (Real-time data) အသုံးပြုရပါမည်။ သို့မှသာ အစီအစဉ်ရေးဆွဲခြင်းသည် ပိုမိုတိကျလာပါမည်။ ထို့ပြင် ကုန်လက်ကျန်ပြတ်လပ်မှု သို့မဟုတ် ကုန်လက်ကျန်ပိုလျှံမှုပြဿနာ (Risk of stock-out or surplus inventory)ကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ပါမည်။

**အဆင့် (၅) အပြောင်းအလဲအတွက် နည်းပညာအသုံးပြုခြင်း**

ခေတ်မီနည်းပညာကို အသုံးပြုခြင်းသည် ထုတ်လုပ်မှု ကွင်းဆက်အစီအစဉ်ရေးဆွဲခြင်းကို ပိုမိုထိရောက်စေပြီး အခက်အခဲနှင့် ပြဿနာများကို ပိုမိုမြန်ဆန်စွာ တုံ့ပြန်ဖြေရှင်းနိုင်သည်။ ထို့ပြင် စီမံကိန်း ပြန်လည်ရေးဆွဲခြင်း (Re-Planning) နှင့် လုပ်ငန်း၏အခြေအနေ ပြန်လည်ခန့်မှန်းတွက်ချက်ခြင်း (Re-forecasting) တို့ ပိုမိုလွယ်ကူလာသည်။ထို့ကြောင့် လုပ်ငန်းခေတ္တရပ်ဆိုင်းသွားခြင်းမျိုး မရှိတော့ပေ။ ထိုမျှသာမက အချိန်နှင့် ငွေကြေးအကုန်အကျ သက်သာပြီး အမြတ်ရရှိမှုကို တိုးတက်စေပါသည်။

Source: anaplan

**Commerce ကာတွန်း**



# စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ၏ ၄/၂၀၂၀ အကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မိတ်ဖက်ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်(ကော်မတီအတွင်းရေးမှူး)က စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ ဖွဲ့စည်းထားရှိမှု အခြေအနေများ၊ ခရိုင် ကော်မတီ(ယာယီ)ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ မိတ်ဖက် ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်းပြီး စားသုံးသူကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ COVID-19 ကာလ အတွင်း စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက် စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်များအကြား မျှတမှုရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြရမည့်အချက်များ ပြည့်ပြည့်စုံစုံ ဖော်ပြပေးစေလိုကြောင်း၊ မိမိတို့တိုင်းအတွင်းသို့ အခြား တိုင်း/ပြည်နယ်များမှ ကုန်အညွှန်းအမှတ်အသား မပြည့်စုံသည့် ကုန်စည်များ ဝင်ရောက်လာပါက အရေးယူဆောင်ရွက်နိုင်ရေးအတွက် တိုင်းကော်မတီအချင်းချင်းချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း ခရိုင်အလိုက် စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဖွဲ့စည်းထားပြီးဖြစ်ရာ တိုင်းစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ယခင်ယာယီဖွဲ့စည်းထားသည့် အသင်းအား တိုင်းကော်မတီမှ တွေ့ဆုံ၍ အတည်ပြုဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ ဩဂုတ်လအတွင်း စားသုံးသူကာကွယ် ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊တိုင်ကြားမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းပြီးစီးမှုအား ကော်မတီမှ အတည်ပြုမှတ်တမ်းတင်ရန် ဆုံးဖြတ်ခဲ့ကြပြီး ဒုတိယဥက္ကဋ္ဌက CICC တိုင်ကြားမှုများနှင့် ပတ်သက်၍ စားသုံးသူပြည်သူများမှ စားသုံးသူကာကွယ်ရေးဥပဒေပါ သတင်းအချက်အလက်များ တိကျမှန်ကန်စွာရရှိနိုင်ရန် လုပ်ငန်းရှင်များက ၎င်းတို့ကြော်ငြာတွင် တိကျမှန်ကန်ပြည့်စုံသော ကြော်ငြာများ ထည့်သွင်းသွားနိုင်ရေးဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ယနေ့အချိန်သည် နိုင်ငံနှင့်အဝန်းခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများ၏ နေထိုင်စားသောက်မှုပုံစံများကလည်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများလည်း ပေါ်များလာသောကြောင့် ပြည်သူများအနေဖြင့် မိမိတို့အခွင့်အရေးအားသိရှိကာ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်များကို ရွေးချယ်ဝယ်ယူတတ်ရန် လိုအပ်ကြောင်း၊ စားသုံးသူပြည်သူများ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေး လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်နှင့်တာဝန်ယူမှုမရှိသော ဝန်ဆောင်မှုများ လျော့နည်းပပျောက်သွားစေရေးအတွက် မိမိတို့အစိုးရအဖွဲ့နှင့် တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

**သင်းသင်းအေး (DOCA)**
**မုံရွာ**

## မြောင်းမြခရိုင်အတွင်း အလှကုန်နှင့် ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန မြောင်းမြခရိုင် ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူး ဦးဇော်လင်းအောင်၊ စားသုံးသူရေးရာ ဌာနခွဲမှူး ဦးလှထွဋ်ဦးတို့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပူးပေါင်း၍ မြောင်းမြမြို့ မြို့မဈေးရှိ အလှကုန်နှင့်ကုန်မျိုးစုံဆိုင်များအား စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အလှကုန်နှင့် ကုန်မျိုးစုံဆိုင်များတွင် ရောင်းချနေသော Mistine အလှကုန်နှင့် အခြားအလှကုန်ပစ္စည်းများ၊ Ajinomoto ဟင်းခတ်မှုန့်များတွင် စားသုံးသူ ကာကွယ်ရေးဥပဒေအခန်း(၁၈) ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြချက်နှင့်ကိုက်ညီမှု ရှိ/မရှိ အလေးချိန်လျော့နည်းခြင်း ရှိ/မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**စိုးဝင်း(မြောင်းမြ)**

## ဆက်လက် အေးစက်လျက်ရှိသည့် ရန်ကုန်ကားဈေးကွက်

စက်တင်ဘာလဆန်းပိုင်း ရန်ကုန်ကားဈေးကွက် အခြေအနေမှာ ဩဂုတ်လဆန်းပိုင်း ပထမပတ်ကာလများတွင် စတင်ပြောင်းလဲခဲ့သော ယာဉ်တင်သွင်းမှု အခွန်မူဝါဒများအရ ကားဈေးကွက်အေးစက်ခြင်းမှာ ပြောင်းလဲမှုမရှိဘဲ ပိုမို၍ပင်အေးစက်လျက်ရှိကြောင်း သိရသည်။

ဩဂုတ်လပထမပတ်ခန့်တွင် စတင်ပြောင်းလဲခဲ့သော ကိုဗစ်(၁၉) ကပ်ရောဂါကာလတွင် စီးပွားရေးလုပ်ငန်းများ ဖြေလျှော့မှုအဖြစ် မော်တော်ယာဉ်တင်သွင်းခွင့် အခွန်နှုန်းထားများ သတ်မှတ်ချက်အတိုင်း ဖြေလျှော့ပေးခဲ့ခြင်းနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကားမှတ်ပုံတင်ခွန် (ကညနခွန်) များ သတ်မှတ်ချက်အတိုင်း ထက်ဝက်ခန့်လျှော့ချပေးခဲ့သောကြောင့် ဩဂုတ်လဆန်းပိုင်းကာလများမှ စတင်၍ အပေါ်ကားများ တဖြည်းဖြည်းဈေးတန်းလျှော့ချ ရောင်းချလာကြပြီး ၎င်းတို့နှင့်ဆက်နွယ်၍ အက်စ်ကေဒီ (ပြည်တွင်းတပ်ဆင်)ကားများ အဓိကအားဖြင့် စီဘီယူ (ပြည်ပမှအသစ်စီးလုံး)တင်သွင်းကားများအပြင် ယခင်ကတင်သွင်းပြီး လက်ရှိသုံးစွဲနေသော ဂျပန်ညာမောင်းကားလေးများပါ လိုက်ပါဈေးတန်းဆင့်လာကြပြီး အရောင်းအဝယ် လိုက်လာကြကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်ကပြောသည်။

လတ်တလောအခြေအနေမှာ ယာဉ်နှင့်ပတ်သက်၍ ပြည်တွင်းတွင်ရောင်းချနေပြီး လတ်တလော ခေတ်စားနေသည့် တိုယိုတာ/ဆူဇူကီး ပြည်တွင်းတပ်ဆင်ကားများ အပါအဝင် နယ်လိုင်စင်သာရရှိမည့် (အသစ်စီးလုံးသွင်းကား)များပါ အဓိကအားဖြင့် ဈေးတန်းကျပ်သိန်း ၅၀ မှ ၇၀ ခန့် ကျဆင်းလာပြီး ဂျပန်ညာမောင်းကားလေးများမှာ ကနဦးကာလတွင် ဈေးတန်းမဆင်းဘဲ တင်းခံနေသော်လည်း ဈေးတန်းတူ ကားအသစ်သာရွေးချယ်လိုသည့် သဘာဝအရ ဈေးကွက်ပြောင်းလာကာ ဈေးတန်းလျှော့ချရောင်းချလာကြောင်း တွေ့ရှိရသည်။

အများအားဖြင့် ကားအရောင်းအဝယ်လောကသားများ ကြုံတွေ့ရသည်မှာ ဈေးတန်းကြီး မြင့်သည့် အမြင့်ကားဖြစ်လေဈေးတန်းကျဆင်းမှုဒဏ်ခံရလေဖြစ်ပြီး ယခုအခါ ဈေးကွက်ထဲတွင် ယခင်က ကျပ်သိန်း ၅၀၀ ပတ်လည်ရောင်းချခဲ့သော လူကြိုက်များခဲ့သည့် ဗန်းဂတ် (၂၀၀၇/၂၀၀၈)၊ ကလူဂျာ (၂၀၀၅/၂၀၀၆)များပင် သိန်း ၄၀၀နှင့် ၅၀၀ ကြား မော်ဒယ်လ်အလိုက် ဈေးမြင့်ရောင်းချလာကြပြီး အာလ်ဖတ်ကဲ့သို့ လူကြိုက်များ ဖိမ်ခံကားများသည်လည်း မော်ဒယ်လ်(၂၀၀၆/၂၀၀၈) များပင် ဈေးတန်းရာဂဏန်းလျှော့ချ ရောင်းချလာသည်ကို တွေ့ရှိရပြီး ယခုကာလသည် ဝယ်ယူသူအကြိုက်ကာလပင်ဖြစ်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက ပြောသည်။

SN

## ဝဥဈေးကွက် ဈေးနှုန်းအခြေအနေနှင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုအား လေ့လာ

မြဝတီခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် မြဝတီမြို့အတွင်း မဲကနယ်တွင် နေထိုင်သော ကရင်ပြည်နယ် ဝဥစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဖြစ်မြောက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဦးမင်းသူနှင့် တွေ့ဆုံ၍ ဝဥစိုက်ပျိုးထွက်ရှိမှုနှင့် အကျိုးအမြတ်ရရှိနိုင်မှု အခြေအနေအား စက်တင်ဘာ ၁ ရက်တွင် လေ့လာမေးမြန်းခဲ့သည်။

ထိုသို့ မေးမြန်းခဲ့ရာတွင် ဝဥစိုက်ပျိုးခြင်း၏ အကျိုးရလဒ်အခြေအနေကို ကော့ကရိတ်မြို့နယ်တွင် ဝဥအပင်ရေ ၁၃၀၀ စမ်းသပ်စိုက်ပျိုးခဲ့သူ ဦးလှရွှေခြံက စိုက်ပျိုးထွက်ရှိမှု အကျိုးအမြတ်အားမေးမြန်းခဲ့ရာ ဝဥကို ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလတွင် စတင်စိုက်ပျိုးပြီး မြေကြီး၊ မြေဆွေး၊ လွှစာတို့နှင့် အချိုးကျ ရောစပ်၍ ၂၀သားခန့်ရှိသော ဝဥကို ဘိလပ်မြေအိတ်တွင်ထည့်ကာ စိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးချိန်ရှစ်လအကြာတွင် တူးဖော်နိုင်ကြောင်း၊ စိုက် ပျိုးပင်ရေ ၁၃၀၀ အား ကုန်ကျစရိတ်အနေဖြင့် အိတ်ခွဲဖိုး၊ မျိုးဖိုး၊ မြက်ရှင်း၊ ရေလောင်း၊ အလုပ်သမားစရိတ် စုစုပေါင်းကျပ်ခြောက်သိန်းခန့် ကုန်ကျကြောင်း သိရသည်။

ဈေးနှုန်းအရ တွက်ချက်မည်ဆိုပါက ဝဥ ၁၉၇၀ အစိုကုန်အား တစ်ပိဿာဈေးနှုန်း ကျပ် ၁၀၀၀ ပျမ်းမျှရောင်းရပါကကျပ် ၁၉၇၀၀၀၀ ရရှိမည်ဖြစ်သည်။ ဝဥရွက်အသီးတစ် ပိဿာကျပ် ၁၀၀၀၀ ရောင်းရပါကကျပ် ၁၅၀၀၀၀ ရရှိမည်ဖြစ်သည်။ စုစုပေါင်း ရရှိငွေကျပ်အကြမ်းဖျင်းအားဖြင့် ကျပ် သိန်း ၂၀ ကျော်ဖြစ်ပြီး အရင်းငွေမှ နုတ်ပါက ကျပ် ၁၅ သိန်းဝန်းကျင် အကျိုးအမြတ်ရရှိနိုင်ကြောင်းသိရသည်။တူးဖော်ထွက်ရှိသော ဝဥများအနေဖြင့် အသေးဆုံး ၅၀ သားအထက်မှ အကြီးဆုံး နှစ်ပိဿာငါးဆယ်သားဝန်းကျင်ရှိသည်ဟုသိရှိရပြီး ယခု ဝဥပေါက်ဈေးနှုန်းမှာကရင်၊မွန်ဒေသထွက်ဈေးနှုန်းအနေဖြင့် ကျပ် ၁၁၀၀/၁၂၀၀/၁၃၀၀/၁၃၅၀/၁၅၀၀ အထိ နေရာဒေသအလိုက် ဈေးနှုန်းများဖြစ်ပေါ်နေကြောင်း လေ့လာသိရသည်။ **မသဇင်(မြဝတီ)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဒီမီယို (၂၀၁၀) | G | ၁၅၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဟွန်ဒါဖစ်ရှပ်တဲလ် (၂၀၁၂) | Q | ၂၉၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ရက်တစ် (၂၀၁၁) | I | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဆူဇူကီး/ဆိုလီယို (၂၀၁၂) | K | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ကလူဂျာ (၂၀၀၂) | I | ၂၅၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | နွတ်ချ် (၂၀၀၃) | J | ၂၅၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဝစ်ရှ် (၂၀၀၄) | K | ၂၃၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ပရိုဘောက် (၂၀၁၁) | N | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၉။ | ပါဆို (၂၀၀၉) | F | ၉၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |

# မအူပင်တွင် တစ်မိုးနှစ်သီးစပါးများ ရိတ်သိမ်းခြွေလှေ့ ရောင်းချနေမှုအား ကွင်းဆင်းလေ့လာ



မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ဌာနခွဲမှူး ဦးအောင်လွင်နှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၁ ရက်တွင် ၂၀၂၀ ပြည့်နှစ်ထွက် တစ်မိုးနှစ်သီးစိုက်ပျိုးအောင်မြင်၍ ရိတ်သိမ်းခြွေလှေ့ အရောင်းအဝယ်ဖြစ်နေသော မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာသို့ သွားရောက်ကွင်းဆင်း လေ့လာခဲ့သည်။ ရိတ်သိမ်းခြွေလှေ့ရောင်းချနေသော မအူပင်မြို့နယ်၊ ကန္နီ၊ ကညင်ဝ၊ ဝါးကောက်နှင့် အောင်ဘုံ ကျေးရွာများမှ ရက် ၉၀ စပါး၊ ဆင်းသုခ စပါးနှင့် မျိုးစေ့ထုတ်ကုမ္ပဏီမှ ဒေသမျိုးအဖြစ် ပြောင်းလဲစိုက်ပျိုးသော GW-11 စပါးများ စိုက်ပျိုးထုတ်လုပ်ရောင်းချနေကြောင်းနှင့် ကျိုက်လတ်မြို့နယ်ရှိ ကျေးရွာများဖြစ်သော ပဲခူးစု၊ ဖောင်ရိုးဆိပ်၊ ကျွဲသလင်း၊ ကမာချိုင့်၊ သုံးခွရွာများမှလည်း ပေးပို့ရောင်းချလျက်ရှိကြောင်း ဝါးကောက်ကျေးရွာမှ တောင်သူဦးနိုင်ဝင်းက ရှင်းပြခဲ့သည်။

ဈေးကွက်ရရှိမှုအနေဖြင့် လက်ရှိ ခနေ့ဖြူကျုံတနီးသမာဓိဆန်စက်၊ ညောင်တုန်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီ၊ ပေါင်းတည် နတ်တလင်း ဒေသများမှ စပါးအစိုတင်း ၁၀၀ လျှင်ကျပ် ၅၃၀၀၀၀ မှ ၅၄၀၀၀၀ ဈေးများဖြင့် တစ်ရက်လျှင် စပါးတင်း ၃၀၀၀ ခန့် တစ်လကြာ အရောင်းအဝယ်ဖြစ်ထွန်းနေကြောင်း သိရှိရသည်။

တောင်သူ ဦးနိုင်လင်းဦး၊ ဦးကုလားနှင့် ဦးသောင်းတို့၏ တွေ့ဆုံဆွေးနွေးမှုအရ ရေရရှိသော ကွင်းများတွင် မှည့်ဝင်းနေသည့်စပါးများကိုရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းရ လွယ်ကူသဖြင့် တောင်သူများ အကျိုးဖြစ်ထွန်းကြောင်းနှင့် တစ်မိုးနှစ်သီးစိုက်ပျိုးမှုသည် ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် စိုက်ပျိုးနိုင်သဖြင့် စိုက်ပျိုးထုတ်လုပ်သင့်ကြောင်းနှင့် အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

**CONSUMER- MT**

# ကရင်ပြည်နယ် ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်း

ကရင်ပြည်နယ် ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး ဘားအံမြို့တွင် ဩဂုတ် ၂၅ရက်မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ဝဥစိုက်ပျိုးသူ တောင်သူ၊ လုပ်ငန်းရှင်များ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသန်းဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်တင်တင်ဦးက သီးနှံများစိုက်ပျိုးရာတွင် လိုအပ်သော နည်းပညာများပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော ဝဥ စိုက်ပျိုးရောင်းချသူ တောင်သူဦးမင်းသူက ဝဥအသင်းဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းဦးက ဌာန၏ လုပ်ငန်းတာဝန်များ၊ ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးမှုအတွက်ဆောင်ရွက်နေမှုများ၊ အသင်းဖွဲ့စည်းရခြင်း၏ အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူ ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ တောင်သူ၊ လုပ်ငန်းရှင်များက မိမိတို့ဆန္ဒအလျောက် မဲပေးရွေးချယ်ခဲ့ကြရာ အသင်းဖြစ်မြောက်ရေး ဦးဆောင်ကော်မတီကို အဖွဲ့ဝင် ကိုးဦး၊ အသင်းဝင် ၂၉ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

ထို့နောက် ရွေးချယ်ခံရသော အသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ဦးဆောင်ကော်မတီ အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ခြင်းနှင့် မိမိတို့ဒေသတွင် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြခဲ့ကြောင်းသိရသည်။

**ဇာခြည်အောင်(ကရင်)**

# မုံရွာမြို့တွင် စားသောက်ဆိုင်နှင့် တွဲထားသော Bar များနှင့် သီးခြားနေရာများတွင် Bar များဖွင့်လှစ်ထားခြင်း ရှိ/မရှိ စစ်ဆေး

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ညွှန်ကြားချက်အရ ရန်ကုန်၊ မန္တလေးနှင့်အခြားမြို့ကြီးများရှိ စားသောက်ဆိုင်နှင့် တွဲထားသော Bar များနှင့် သီးခြားနေရာများတွင် Bar များ ဖွင့်လှစ်နေကြောင်း စိစစ်တွေ့ရှိရပါသဖြင့် COVID- 19 ရောဂါကူးစက်ပြန့်ပွားရန်လွယ်ကူသောနေရာများဖြစ်သည့် ဟိုတယ်များနှင့် သီးခြားနေရာများတွင် Bar, Night Club, KTV များ ဖွင့်လှစ်နေခြင်းအား ခွင့်မပြုရန် သတ်မှတ်ညွှန်ကြားချက်များအား လိုက်နာမှုရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများမှ စစ်ဆေးကြပ်မတ်သွားရန်နှင့် ခွင့်ပြုချက်မရဘဲ လုပ်ဆောင်နေကြောင်း စိစစ်တွေ့ရှိပါက စားသောက်ဆိုင်များကို ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားရန် ညွှန်ကြားလာခြင်းအပေါ် စားသုံးသူရေးရာဦးစီးဌာန မုံရွာခရိုင်အနေဖြင့် မိတ်ဖက်ဌာနများမှ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၃ ရက်က မုံရွာမြို့ပေါ်ရှိ ဟိုတယ်ချင်းတွင်းနှင့် ဟိုတယ်ဘသောင်းသို့ ကွင်းဆင်းစိစစ်ခဲ့ရာ မုံရွာမြို့ပေါ်ရှိ ဟိုတယ်များသည် Bar များ တွဲလျက်ဖွင့်သော်လည်း ယခု COVID- 19 ကာလတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်အရ ပိတ်ထားကြောင်း၊ မုံရွာမြို့ပေါ်ရှိ စားသောက်ဆိုင်များဖြစ်သည့် အုပ်စိုး၊ FANCY-2 ၊ Chindwin River နှင့် အထင်ကရ စသည့်စားသောက်ဆိုင်များတွင် အရက်အမျိုးမျိုးနှင့် ဘီယာများ ရောင်းချသော်လည်း Bar အသွင် ရောင်းချခြင်းမဟုတ်ဘဲ၊ သတ်မှတ်စည်းကမ်းများနှင့်အညီ ယစ်မျိုးခွန်နှင့် စည်ပင်ခွန်များကို ဆောင်ပြီးဖြစ်ကြောင်း စိစစ်လေ့လာသိရှိရသည်။

**သန်းသန်းတင်(မုံရွာ)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | | |
|---|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ | အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Ph:081-2121615, Fax:081-2121627,<br>email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-2221005,Ph:083-2221005<br>email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။<br>Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |




**တနင်္ဂနွေသားသမီးများ** - ဒီရက်တွေအတွင်းမှာ အလုပ်ပြောင်းခြင်း၊ အိမ်ပြောင်းခြင်း၊ နေရာပြောင်းခြင်း၊ တာဝန်ပြောင်းခြင်း စတာတွေကို ဦးစားပေးသင့်ပါတယ်။ စာရင်းဇယားကိစ္စ၊ စာချုပ်ကိစ္စတွေ ရှုပ်ထွေးတတ်ပါတယ်။ အကြော၊ ခါး ကျန်းမာရေးဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ကောင်းသော အပြောင်းအလဲတွေ ပေါ်ပေါက်လာပါလိမ့်မယ်။ **၁၀ အစ ထီကိုထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မိတ်ဆွေများကို ဆေးဝါးလှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းသုံးညွန့်နဲ့ ရိုက်ပါလေ . . . ။

**တနင်္လာသားသမီးများ** - ဒီရက်တွေအတွင်းမှာ မတင်မကျဖြစ်နေသောကိစ္စများကို ပြတ်ပြတ်သားသား ဆုံးဖြတ်ခြင်းနှင့် စပ်တူရှယ်ယာအလုပ်များကို ဦးစားပေးသင့်ပါတယ်။ အမှုပတ်တာ၊ ကြားညပ်တာ၊ ပြောဆိုဖြေရှင်းရတာမျိုးတွေကြုံတတ်ပါတယ်။ ဆေးရုံ၊ ဆေးခန်းနဲ့ ပတ်သက်ရတတ်ပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဆုံးဖြတ်ရခက်တာတွေ ကြုံလာတတ်ပါတယ်။ **၈၄ ဂဏန်း အစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ဘုရားမှာ စံပယ်ငါးကုံးလှူပြီးဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ကံ့ကော်ခုနစ်ညွန့်နဲ့ ရိုက်ပါလေ . . . ။

**အင်္ဂါသားသမီးများ** - ဒီရက်တွေအတွင်းမှာ ဘာမဆို စိတ်ရှည်ရှည်ခေါင်းအေးအေးနဲ့ ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ အရေးကြီးတဲ့ အလုပ်ကြီးတွေကို ရုတ်တရက် မဆုံးဖြတ်သင့်ပါဘူး။ အမှားအယွင်း၊ အလွဲအချော်တွေများနေတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ မတင်မကျ အခြေအနေတွေကြုံရတတ်ပါတယ်။ **၈၂ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ အုန်းခြောက်ညွန့်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ခဲတံဖြင့်ခေါက်ပါလေ . . . ။

**ဗုဒ္ဓဟူးသားသမီးများ** - ဒီရက်တွေအတွင်းမှာ လုပ်ငန်းအသစ်စခြင်း၊ အစီအစဉ်အသစ်များ စတင်ခြင်း၊ ခရီးသွားခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်ပြောင်းရွှေ့ခြင်းတွေကို ဦးစားပေးသင့်ပါတယ်။ သေချာစီစဉ် ချိတ်ဆက်ထားတဲ့ကိစ္စကြီးတွေ လွဲချော်သွားတတ်ပါတယ်။ ကျန်းမာရေး အညံ့ဘက်ကို များတတ် ပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာလည်း အညံ့များတတ်ပါတယ်။ **၃၇ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ဘုရားမှာသောက်တော်ရေသုံးခွက်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ကံ့ကော်ကိုးညွန့်နဲ့ ရိုက်ပါလေ . . . ။

**ကြာသပတေးသားသမီးများ** - ဒီရက်တွေအတွင်းမှာ ညှိနှိုင်းရခက်နေသောကိစ္စများကို စေ့စပ်ညှိနှိုင်းခြင်း၊ အဖိုးတန်ပစ္စည်း ဝယ်ခြင်း၊ ရောင်းခြင်း တွေကို ဦးစားပေးသင့်ပါတယ်။ လူရင်းထဲက သစ္စာဖောက်သွားတတ်ပါတယ်။ အအေးမိခြင်းကို သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အထစ်အငေါ့တွေပြေလည်သွားမယ်။ **၅၄ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ ဆီချက်ခေါက်ဆွဲ ကပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဆပ်ပြာခဲနဲ့ ခေါက်ပါလေ . . . ။

**သောကြာသားသမီးများ** - ဒီရက်တွေအတွင်းမှာ ခရီးသွားလာရေးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ ခရီးတိုတွေလည်း တစ်ခုပြီးတစ်ခု သွားနေရတတ်ပါတယ်။ သေချာစီစဉ်ထားတဲ့ကိစ္စတွေ၊ ချိန်းဆိုထားတဲ့အလုပ်တွေ မရေမရာကြုံရတတ်ပါတယ်။ ကျန်းမာရေးမှာ နေ့တစ်မျိုး၊ ညတစ်မျိုးဆိုတာမျိုး ဖြစ်နေတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ကတိပျက်စရာတွေ ကြုံရတတ်ပါတယ်။ **၄၉ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ဘုရားမှာ ပေါင်မုန့် သုံးချပ် လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ခဲတံခဲနှင့်ခေါက်ပါလေ . . . ။

**စနေသားသမီးများ** - ဒီရက်တွေအတွင်းမှာ အလုပ်လျှောက်ခြင်း၊ အမိဋ္ဌာန်ကိစ္စ၊ အောက်လက်ငယ်သား အလုပ်သမားနှင့် ပတ်သက်သောကိစ္စများ၊ ကျန်းမာရေးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ မယူချင်သောတာဝန်၊ မတွေ့ချင်သော လူတွေနဲ့လာပြီး ပတ်သက်ရတတ်ပါတယ်။ ဘာခေါင်းစဉ်တပ်ရမှန်း မသိဘဲကျန်းမာရေးညံ့တတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အကြပ်ကိုင်ခံရသလို ကြုံရတတ်ပါတယ်။ **၈၃ ဂဏန်းအစ ထီကိုထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် နွမ်းပါးသူများကို ဆီဒါနပြု၍ ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ရှောက်သီးဖြင့် ခေါက်ပါလေ . . . ။

# နက်စ်လေ၏ ထပ်တိုးပရိုမိုးရှင်းကာလနှင့်အတူ ထွက်ပေါ်လာသည့် သိန်း(၁၅၀) ကံထူးရှင်

နက်စ်လေမြန်မာ၏ လူကြိုက်များလျက်ရှိသော ပြည်လုံးကျွတ် ပရိုမိုးရှင်း အစီအစဉ်မှ အပတ်စဉ် ကံထူးရှင်များအား မဲနှိုက်ရွေးချယ်ပေးလျက်ရှိရာ ယခုအခါ ပထမဆုံးအကြိမ်အဖြစ် အမြင့်ဆုံးဆုဖြစ်သော ကျပ်သိန်း(၁၅၀) ဆု ၂ဆုအနက် တစ်ဆုကို ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်မှ ကံထူးရှင်တစ်ဦးက ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားခဲ့ပြီဖြစ်သည်။ ကျန်ရှိနေသော ကျပ်သိန်း(၁၅၀)ဆု တစ်ဆုအပါအဝင် ဆုမဲပေါင်း (၃၂၇)ဆုကို ဆက်လက် ကံထူးနိုင်ရန် ပရိုမိုးရှင်းကာလကိုလည်း စက်တင်ဘာ ၃၀ရက်နေ့အထိ ထပ်မံတိုးမြှင့်ပေးလိုက်ပြီဖြစ်သည်။




ကံစမ်းမဲ ရွေးချယ်မှုအစီအစဉ်နှင့် ဆုရရှိသူများစာရင်းကို နက်စ်လေမြန်မာ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် အပတ်စဉ် သောကြာနေ့တိုင်း တိုက်ရိုက်ထုတ်လွှင့်ကြေညာပေးလျက်ရှိပြီး သတ်မှတ်ချက် ပြည့်မီသောကံစမ်းမဲများကို အစီအစဉ် တင်ဆက်သူများမှ ဘက်လိုက်မှုမရှိဘဲ ကျပန်း ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ဩဂုတ်လ (၁၄)ရက်နေ့ (သောကြာနေ့)က တိုက်ရိုက်ထုတ်လွှင့်ခဲ့သော ကံစမ်းမဲ ရွေးချယ်မှု အစီအစဉ်တွင် နက်စ်လေ ပရိုမိုးရှင်း၏ အမြင့်ဆုံး ဆု(၂)ဆုမှ တစ်ဆုအားပထမဆုံးအကြိမ်အဖြစ် မဲဖောက်ပေးခဲ့ခြင်းဖြစ်သည်။ ဩဂုတ်လ (၁၅)ရက်နေ့ (စနေနေ့)တွင် နက်စ်လေအဖွဲ့ဝင်များမှ ကံထူးရှင်၏ နေအိမ်သို့ သွားရောက်ကာ အဆိုပါဆုကြီးကို ပေးအပ်ခဲ့ပါသည်။

ကံထူးသွားသော ပေါက်မဲနံပါတ်မှာ 1ESO17V3HU6DN ဖြစ်ပြီး နက်စ်လေ၏ ထုတ်ကုန်ဖြစ်သော နက်စ်ကဖေး Latte အသင့်သောက်သံဘူးမှ ပေါက်မဲနံပါတ်ဖြင့်ကံထူးခဲ့ခြင်းဖြစ်ပါသည်။ ကံထူးရှင်မှာ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်တွင် နေထိုင်သော ကိုညဏ်လင်းထက်ဖြစ်ပြီး နက်စ်လေမြန်မာ၏ ထုတ်ကုန်များကိုနှစ်သက်စွာဖြင့် အစဉ်တစိုက် အားပေးလာသူဖြစ်ပါသည်။ ဆွေမျိုးများ လာရောက်လည်ပတ်စဉ် သောက်သုံးနိုင်ရန် မြန်မာပလာဇာမှ နက်စ်ကဖေး ကော်ဖီများ ဝယ်ယူရင်း ကံစမ်းမဲအစီအစဉ်၌ ပါဝင်ဖြစ်ခဲ့ကြောင်း သိရသည်။

"နက်စ်လေက ထုတ်တဲ့ နက်စ်ကဖေး ကော်ဖီမှုန့်ဘူး၊ အသင့်သောက်သံဘူးနဲ့ မိုင်လိုကတော့ အမြဲသောက်ဖြစ်တယ်။ အဲ့နေ့က ကော်ဖီသောက်ချင်တာရယ် အမေကလည်း မန္တလေးက အမျိုးတွေအတွက်ဆိုပြီး သွားဝယ်တာ နက်စ်ကဖေး Latte ဘူးမှာ ကံစမ်းမဲ တွေ့တာနဲ့ ပါဝင်ဖြစ်သွားတာ။ အခုလို အားလုံးကျပ်တည်းနေတဲ့ကာလမှာ နက်စ်လေက ဒီလို ပရိုမိုးရှင်း လုပ်ပေးတာဆိုတော့ နှစ်ဖက်လုံးအတွက်လည်းအဆင်ပြေတာပေ့ါနော်။ နက်စ်လေ ထုတ်ကုန်တွေလည်း သုံးရတယ်၊ ကံစမ်းလို့လည်း ရတယ်။ ခုဆိုပေါက်တဲ့ ဆုကြေးပမာဏကလည်း အများကြီးပဲလေ။ နက်စ်လေမြန်မာအနေနဲ့လည်း လူတွေအတွက် ဒီထက်ပိုပြီး အကျိုးပြုနိုင်တဲ့ ကုမ္ပဏီကြီးဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ကိုညဏ်လင်းထက်မှ ပြောကြားခဲ့သည်။

"နက်စ်လေရဲ့ သိန်းပေါင်း၅၀၀၀ ကံထူးဖို့၊ နက်စ်လေနဲ့ ကံစမ်းစို့ ဆိုတဲ့ ပြည်လုံးကျွတ် ပရိုမိုးရှင်းအစီအစဉ်ရဲ့ အကြီးဆုံးဆုကြီးနှစ်ခုထဲက တစ်ခုဖြစ်တဲ့ ဆုငွေ ကျပ်သိန်း ၁၅၀ ကို ချီးမြှင့်ခွင့်ရတဲ့အတွက် ကျွန်မတို့ နက်စ်လေမြန်မာက အထူးပဲ ဝမ်းမြောက်မိပါတယ်။ ကံထူးရှင် ကိုညဏ်လင်းထက် အနေနဲ့ နက်စ်လေက ဆုငွေကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိသွားပြီဖြစ်ပါတယ်။ ဒီငွေသားဆုနဲ့အတူ လတ်တလော ဖြစ်ပွားနေတဲ့အပြောင်းအလဲတွေ၊ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု နက်စ်လေမြန်မာမှ တာဝန်ရှိသူ ဒေါ်သီဂီအောင်မှ ပြောကြားခဲ့သည်။

ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ပရိုမိုးရှင်းစတေကာ ပါဝင်သော နက်စ်လေထုတ်ကုန်များအား ဝယ်ယူပါ။

(၂) စတေကာတွင် ပါဝင်သော QR Code ကို Scan ဖတ်ပါ။ ထိုအခါ နက်စ်လေမြန်မာဖေ့စ်ဘွတ်ခ်စာမျက်နှာ၏ ချက်ဘောက်ဆီသို့ ရောက်ရှိသွားမည်ဖြစ်သည်။ သို့မဟုတ် နက်စ်လေမြန်မာ ဖေ့စ်ဘွတ်ခ်စာမျက်နှာ၏ ချက်ဘောက်သို့ သွားရောက်ပါ။ ချက်ဘောက်တွင် ပရိုမိုးရှင်း စတေကာ၌ ဖော်ပြထားသော သတ်မှတ်ဘားကုဒ်နံပါတ်ကို ရိုက်ထည့်ပါ။

(၃) ကုဒ်နံပါတ်မှန်ကန်ပါက ချက်ဘောက်မှ အလိုအလျောက်စနစ်ဖြင့် မေးမြန်းသည်များကို ဆက်လက်ဖြည့်သွင်းပါ။

အချက်အလက်များအားလုံး မှန်ကန်စွာ ဖြည့်စွက်ပြီးသည်နှင့် တစ်ပြိုင်နက် ပါဝင်သူသည် ယခုပရိုမိုးရှင်းတွင် ပါဝင်ပြီးဖြစ်ကြောင်း အတည်ပြုချက်အနေဖြင့် "ကျေးဇူးတင်ပါတယ်"ဟူသော စာတိုအား လက်ခံရရှိသွားမည်ဖြစ်ပြီး Nestlé Myanmar (Trading) Limited ၏ အချက်အလက် ဒေတာဖိုင်တွင် သတ်မှတ်ချက်ပြည့်မီသော ဝင်ခွင့်များကို သိမ်းဆည်းထားမည်ဖြစ်သည်။

ကံထူးရှင် ရွေးချယ်မှုစီအစဉ်ကို နက်စ်လေမြန်မာ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် သောကြာနေ့ ညနေ (၆)နာရီအချိန်တွင် တိုက်ရိုက်ထုတ်လွှင့်လျက်ရှိပြီး သတ်မှတ်ချက်ပြည့်မီသော ကံစမ်းမဲ နံပါတ်များကို မျှတပြီး ဘက်လိုက်မှုမရှိသော ကျပန်းရွေးချယ်မှုပုံစံဖြင့် ရွေးချယ်ကြေညာပေးသွားမည်ဖြစ်ပါသည်။

ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ခွင့်နှင့် ငွေသားကံစမ်းမဲဆုရှင် ရွေးချယ်မှုအတွက် သတ်မှတ်ချက်နှင့် စည်းကမ်းများကို ပိုမိုသိရှိလိုပါက facebook.com/NestleMyanmar တွင် ဝင်ရောက် လေ့လာနိုင်ပါသည်။

Vol: 20, No.29 Monday September 7 2020


# ပေါက်ပွားမှု မြန်ဆန် ဖျက်ဆီးမှု ပြင်းထန် ကန္တာရကျိုင်းကောင်ဘေးရန် သတိပြုကြကွယ်

အောင်ဆန်း(စိုက်ပျိုးရေး)

### ကန္တာရကျိုင်းကောင်ရဲ့ သမိုင်းကြောင်း၊ လာရာ လားရာနဲ့ သဘာဝ

ကန္တာရကျိုင်းကောင်ဟာ အမေရိကန်နိုင်ငံက မူရင်းမြစ်ဖျားခံလာပြီး အရှေ့တောင်အာရှ အာဖရိကနိုင်ငံများသို့ ခြေဆန့်ခဲ့ပါတယ်။ အဲဒီကမှတစ်ဆင့် ပါကစ္စတန်၊ အီရန်၊ ကင်ညာသို့ ကျူးကျော်လာပြီး အိန္ဒိယထိ ခြေချလာခဲ့တာ တွေ့ရပါတယ်။ အိန္ဒိယနဲ့ အိမ်နီးချင်းကပ်လျက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ဘက်ခြမ်းစပ်ထိ ခြေကုပ်ယူနေတယ်လို့ ဆိုပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ လက်တကမ်းမှာရှိတဲ့ မြန်မာနိုင်ငံ နယ်စပ်ဖြစ်တဲ့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအနောက်ဖက်ခြမ်းဒေသတွေဟာ အချိန်တိုအတွင်း ကန္တာရကျိုင်းကောင်များနယ်စပ်ဖြတ်ကျော်ဝင်ရောက်နိုင်တဲ့ အခြေအနေရှိတဲ့အတွက် အထူးသတိပြုရန် လိုအပ်ပါတယ်။ ကြိုတင်တားဆီး၊ ကာကွယ်၊ သတင်းထောက်လှမ်း၊ ပညာပေးလုပ်ငန်းများလက်ဦးမှုရယူထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကန္တာရကျိုင်းကောင်ရဲ့ သဘာဝဟာ အုပ်စုလိုက်သွားလာနေထိုင်၍ သစ်ပင်မျိုးစုံ၊ သီးနှံမျိုးစုံတို့ကို ဧက သိန်း၊ သန်းနဲ့ ချီပြီး စားသောက်ဖျက်ဆီးလေ့ရှိပါတယ်။

### ပေါက်ပွားမှုမြန်ဆန်၊ ဖျက်ဆီးမှုပြင်းထန်

ကန္တာရကျိုင်းကောင်ဟာ အမတစ်ကောင်သည် သက်တမ်းတစ်လျှောက် ဥပေါင်း ၃၀၀ ကျော်ထိ ဥနိုင်ပါတယ်။ ဥကို မြေကြီးထဲမှာ ဥပါတယ်။ အကောင်ပေါက်လာပါက အရွယ်ရောက်ကောင်ဟာ အညိုရောင်ရှိပါတယ်။ (၂၁ ရက်ကြာရင် အကောင်ကြီးဖြစ်လာပါတယ်။) အစာဝအောင် စားပြီး ကြီးထွားလာရင်တော့ အဝါရောင်၊ ပန်းရောင် ပြောင်းသွားပါတယ်။ ကျိုင်းကောင်ရဲ့သက်တမ်းမှာ (၂-၆) လအထိ ကြာပါတယ်။ ကန္တာရကျိုင်းကောင် အုပ်စုတစ်စုမှာ အကောင်ရေ သန်းနဲ့ချီပြီး ပါဝင်နိုင်ပါတယ်။ အုပ်စုလိုက်ဖြစ်သွားရင် အစားအသောက်ပြင်းထန်ပြီး ဖျက်ဆီးမှု မြန်ဆန်ပြင်းထန်တာ တွေ့ရတယ်။ ကန္တာရကျိုင်းကောင် သန်း ၄၀ ပါဝင်တဲ့ ကျိုင်းကောင်အုပ်စုတစ်စုဟာ တစ်စတုရန်းမီတာ ကျယ်ဝန်းသော ကျိုင်းအုပ်စုတစ်စုဆိုရင် တစ်ရက်အတွင်း လူသုံးသောင်းခွဲ စားသောက်နိုင်တဲ့ အစားအစာ ပမာဏကို ဖျက်ဆီးပစ်နိုင်တာ တွေ့ရတယ်။ လက်ရှိ ကန္တာရကျိုင်းကောင် ကျရောက်ခံနေရတဲ့ နိုင်ငံတွေမှာဆိုရင် ကိုဗစ်ကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှု လျော့ကျနေရတဲ့အဖြစ် ကြုံနေရဆဲမှာပင် ကန္တာရကျိုင်းကောင်ကြောင့် ရိက္ခာပျက်စီးမှု အတိဒုက္ခနဲ့ ဘူးလေးရာ ဖရုံဆင့် ခံရသလို ခံစားနေကြရပြန်ပါတယ်။

သိပ္ပံအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ South Asca Biotech Centre ရဲ့ ညွှန်ကြားရေးမှူး Bhagirath Choudhary က ကန္တာရကျိုင်းကောင်ပြဿနာကို ထိထိမိမိ မဖြေရှင်းနိုင်ရင် မိုးသီးနှံများ ကျိုင်းကောင်၏ ဖျက်ဆီးမှုဒဏ်လှလှကြီး ခံကြရပြီး အဖတ်ဆယ်လို့ရမှာမဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာဆိုရင် နှစ်ဦးပိုင်းက ပထမအကျော့ ကန္တာရကျိုင်းကောင်များကျရောက်ဖျက်ဆီးခံခဲ့ရပြီး ဒီဇင်ဘာလနဲ့ ဖေဖော်ဝါရီလအတွင်းမှာ ရာဂျတ်စတန်နဲ့ ဂူဂျရတ်ပြည်နယ်တွေမှာ သီးနှံအတော်များများကို ဝါးမျိုဖျက်ဆီးခံလိုက်ရပါတယ်။ ဧပြီလတွင် ပါကစ္စတန်ဘက်မှ ကန္တာရကျိုင်းကောင်များ အိန္ဒိယနိုင်ငံ ဂန်ဂါနာခရိုင်သို့ ဝင်ရောက်ပြီး ဝါသီးနှံများကို ဖျက်ဆီးခံခဲ့ရပါတယ်။ ယခုအခါ အခြားပြည်နယ်များသို့ ပျံ့နှံ့ကာ ဂျိုင်ပါခရိုင်သို့ ဖြတ်ကျော်နေပြီဟု ဆိုပါတယ်။ အိန္ဒိယနိုင်ငံမှာ ကန္တာရကျိုင်းကောင်များဟာ ဒုတိယအကျော့ပြန်လည်လှုပ်ရှားခြေစွမ်းပြနေပြီလို့ဆိုပါတယ်။ အိန္ဒိယနိုင်ငံမှာ ကန္တာရကျိုင်းကောင်ဖျက်ဆီးမှုဟာ ဆယ်စုနှစ်အတွင်း အဆိုးဆုံး ဒုက္ခပေးမှုဟု ဆိုပါတယ်။ ယခုအခါ အိန္ဒိယအနောက်ပိုင်းပြည်နယ်များဖြစ်တဲ့ ရာဂျတ်စတန်၊ မဟာရဋ္ဌအလယ်ပိုင်း၊ မဇ္ဈိမဒေသ၊ ပန်ဂျတ်၊ ဂူဂျရတ်ဒေသများမှတစ်ဆင့် မြောက်ပိုင်း ဟာယာနာ၊ ဥတ္တရဒေသများသို့ထိ ရွှေ့လျားကူးစက်နေပြီဟု ဆိုပါတယ်။

ကန္တာရကျိုင်းကောင်များဟာ နိုင်ငံတွင်းရှိပြီး မျိုးတွေနဲ့ကွာခြားမှုရှိပါတယ်။ အတောင်မှ အစက်အပြောက်များ ပါဝင်ခြင်း၊ အမွေးအမှင်များ ရှည်ခြင်း၊ ပျံသန်းမှုနှုန်း မြန်ဆန်ခြင်းများ ထူးခြားမှုရှိနေပါတယ်။ လေနဲ့အတူ ပျံသန်းနိုင်ကြပြီး တစ်ရက်မှာ ကီလိုမီတာ ၁၅၀ ကျော်ထိ ပျံသန်းနိုင်တဲ့အစွမ်းရှိပါတယ်။ အအေးပိုင်းဒေသများမှ လွဲ၍ အပူပိုင်းနဲ့ အပူလျော့ပိုင်းဒေသများဆီသို့ အချိန်တိုအတွင်း အချိန်မရွေးရောက်ရှိလာနိုင်တယ်လို့ ပညာရှင်များက ခန့်မှန်းပါတယ်။

မြန်မာနိုင်ငံအတွင်းသို့ ကန္တာရကျိုင်းကောင်ဝင်ရောက်မလာသေးသော်လည်း ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဖြင့် လက်ဦးမှု ရယူရန်လိုအပ်ပါတယ်။ ပြည်တွင်းမှာလည်း ကျိုင်းကောင်အမျိုးအစားများရှိပြီးဖြစ်ရာ တောင်သူလယ်သမားကြီးများ၊ အများပြည်သူများအနေဖြင့် ကန္တာရကျိုင်းကောင်များ မတော်တဆရောက်ရှိလာပါက ဒါ 'ကန္တာရကျိုင်းကောင်ဘဲ - သတိရှိကြ' လို့ သိနေအောင် ကျိုင်းကောင်ပုံစံနမူနာကားချပ်များဖြင့် ပြသ၍ ရင်းနှီးအောင် ပညာပေးထားရန်လိုပါတယ်။ ကျိုင်းကောင်ရဲ့သဘာဝ၊ ပေါက်ပွားပုံ၊ ကျင်လည်ကျက်စားပုံ၊ ဖျက်ဆီးပုံ၊ လှုပ်ရှားပုံများကို ပညာပေးစာစောင်များဖြင့် ဖြန့်ဝေပေးထားရန် လိုအပ်ပါတယ်။ ကန္တာရကျိုင်းကောင်စတွေ့ပြီဆိုတာနဲ့ နည်းပညာအရ လက်ဦးမှုရရှိအောင် ဘာလုပ်ရမည်ဆိုတာကို ရှင်းရှင်းလင်းလင်း သိနေအောင် သင်တန်းများ ပေးထားရန် လိုအပ်မှာဖြစ်ပါတယ်။ သတိပေးပိုစတာများ စိုက်ထူခြင်း၊ နှိုးဆော်သတိပေးခြင်းများဖြင့် တပ်လှန့်ထားဖို့ လိုပါတယ်။

ကန္တာရကျိုင်းကောင်ဟာ အကောင် သန်းနဲ့ချီ၍ အုပ်စုလိုက်နေတတ်တဲ့အတွက် ရုတ်တရက်ဆိုရင် ကာကွယ်နှိမ်နင်းရအလွန်ခက်ခဲပါတယ်။ အုပ်စုဖွဲ့ ကြီးထွားလာသည်ထိ မရောက်မီအကောင်အရေအတွက် နည်းတုံးမှာပင် အမြစ်ပြုတ်နှိမ်နင်းဖို့ စီမံရန် လိုအပ်ပါတယ်။ အရေအတွက် နည်းတုန်းမှာ ဇီဝပိုးသတ်ဆေးသုံး နှိမ်နင်းခြင်း၊ ဘဲလွှတ်ကြောင်း နှိမ်နင်းခြင်း၊ မြေကြီးထဲမှ ဥများကို ထယ်နက်နက်ထိုး၍ တူးဖော်ဖျက်ဆီးခြင်း၊ လက်ဖြင့် လိုက်ကောက်ခြင်း၊ မီးကွင်း၊ မီးတုတ်ပစ်ခြင်း၊ ခြောက်လှန့်ခြင်းများ စီမံသင့်ပါတယ်။

ကန္တာရကျိုင်းကောင်များဟာ လေဖြင့် လေဟုန်စီး၍ တစ်နေရာမှ တစ်နေရာသို့ မိုင်ပေါင်းများစွာ ကူးစက်ပျံသန်းနိုင်ကြတဲ့အတွက် လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း အခြေအနေများပေးလျှင် ပါလာနိုင်တဲ့အတွက် မိုးလေဝသသတင်းများကို ချိန်ခါမလပ် သတင်းထောက်လှမ်း နားဆင်၍ စူးစမ်းလေ့လာနေရန် လိုအပ်ပါတယ်။

သို့ပါ၍ ပေါက်ပွားမှုမြန်ဆန် ဖျက်ဆီးမှုပြင်းထန်တဲ့ ကန္တာရကျိုင်းကောင်များ၏ ဘေးရန်ကို ကြိုတင်အစီအမံများဖြင့် လက်ဦးမှုရအောင် ဆောင်ရွက်ထားသင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။

**ဧပြီလတွင် ပါကစ္စတန်ဘက်မှ ကန္တာရကျိုင်းကောင်များ အိန္ဒိယနိုင်ငံ ဂန်ဂါနာခရိုင်သို့ ဝင်ရောက်ပြီး ဝါသီးနှံများကို ဖျက်ဆီးခံခဲ့ရပါတယ်။ ယခုအခါ အခြားပြည်နယ်များသို့ပျံ့နှံ့ကာ ဂျိုင်ပါခရိုင်သို့ ဖြတ်ကျော်နေပြီဟု ဆိုပါတယ်။ အိန္ဒိယနိုင်ငံမှာ ကန္တာရကျိုင်းကောင်များဟာ ဒုတိယအကျော့ ပြန်လည်လှုပ်ရှားခြေစွမ်းပြနေပြီလို့ဆိုပါတယ်။ အိန္ဒိယနိုင်ငံမှာ ကန္တာရကျိုင်းကောင်ဖျက်ဆီးမှုဟာ ဆယ်စုနှစ်အတွင်း အဆိုးဆုံးဒုက္ခပေးမှုဟု ဆိုပါတယ်။**

---

**စာမျက်နှာ (၂၀) ကုန်စည်ပြပွဲနှင့် . . . မှအဆက်**

ထိုသို့လျှောက်ထားသည့်အခါ မိမိလက်ဝယ်ထုတ်ယူရရှိပြီးသော ပြပွဲခန်းမ အငှားစာချုပ်၊ အာမခံစဘော်ငွေလက်ခံရရှိကြောင်း ပြေစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ မြို့နယ်ရဲစခန်း ထောက်ခံစာ၊ မြို့နယ်အခွန်ဦးစီးဌာန၏ အခွန်ကင်းထောက်ခံစာ၊ မြို့နယ်မီးသတ်ဦးစီးဌာန ထောက်ခံစာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာစသည့် ထောက်ခံစာပေါင်းစုံမိတ္တူကို ပူးတွဲ၍ ပွဲမိန့်အတွက် ထောက်ခံစာတစ်စောင် ထုတ်ပေးပါရန် လျှောက်ထားရပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် ပွဲမိန့်ခွင့်ပြုစာရရှိရေးအတွက် တစ်ပတ်ခန့် ကြာတတ်သည်။

### တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

ခရိုင်အုပ်ချုပ်ရေးမှူးရုံးပွဲမိန့်ထောက်ခံစာရရှိလာပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ဆက်လက်လျှောက်ထားရသည်။ ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ပွဲမိန့်လျှောက်ထားလာခြင်းအပေါ် လုံခြုံရေး အထူးဂရုစိုက်ပြီး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ရည်ညွှန်းရေးသားထားသောထောက်ခံစာကို အဓိကထား၍ တွဲတင်ရပေသည်။ တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးညွှန်ကြားရေးမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြကာ ခွင့်ပြုချက်ရယူရသည်။ တိုင်းဒေသကြီးသည် ကျင်းပမည့် ကုန်စည်ပြပွဲရက်ဝေးလွန်းပါက ပွဲမိန့်ထုတ်ပေးလေ့ မရှိပါ။ ပွဲမိန့်ရလျှင် ပွဲမိန့်ကြေး(Show Permit Fees)ပေးသွင်းရသည်။ ပွဲမိန့်ကြေးမှာ ယခင်ကပြပွဲရက်တစ်ရက်လျှင် ကျပ်တစ်သိန်းပေးသွင်းရသည်။ ယခု ၂၀၁၈ခုနှစ်ကစပြီး တစ်ရက်ကျပ် ငါးသောင်းဖြစ်သွားပြီး လေးရက်ကျင်းပမည်ဆိုလျှင် ကျပ်နှစ်သိန်းပေးသွင်းရသည်။ ပွဲမိန့် (Show Permit)သည် ပြပွဲတစ်ပွဲအတွက်သာ အကျုံးဝင်သည်။ ပွဲမိန့်ကို တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊အမှတ်(၂)ရဲကွပ်ကဲမှုအဖွဲ့ရုံး၊ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ပြပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် ပြပွဲတာဝန်ခံ (Event Organizer) တို့ထံ ပေးပို့ရသည်။

### ကြော်ငြာကားခွင့်ပြုမိန့် (SoundTruck Permit)

ပြည်ပမှ လာရောက်ခင်းကျင်းပြသသော ကုန်စည်ပြပွဲများသည် မြန်မာပြည်၏ သဘာဝကို နားလည်သဖြင့် မိမိတို့ပြပွဲနှင့် ပတ်သက်သော အကြောင်းအရာများ၊ သတင်းအချက်အလက်များကို ပြည်သူပရိသတ်တို့အား သိစေချင်သည်။ ထိုသို့ သိရှိရန်အတွက် မိမိတို့ပြပွဲသို့ လူဦးရေများများစားစား လာရောက်စေလိုကြသည်။သို့အတွက် ပုံမှန်ကြော်ငြာများဖြစ်သော သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း (PressConference)၊ ကြော်ငြာဘုတ်များတွင် LED SLIDE များဖြင့် ကြော်ငြာခြင်း၊ စည်ပင်သာယာပိုင်မြေပေါ်တွင် ကြော်ငြာဘုတ်များ စိုက်ထူခြင်းလုပ်ငန်းတို့အပြင် စက်ဘီးအပ်နှံသည့်ဇရိယာများရှိ ရပ်ထားသောစက်ဘီး၊ဆိုင်ကယ်များပေါ်ဖြန့်ဝေခြင်း၊ ဓာတ်တိုင်များ၊ မော်တော်ယာဉ်ရပ်နားစခန်းများတွင်ပါ ကပ်လာကြသည်။ ယခုအခါ ထီရောင်းသည့်ကားများကဲ့သို့ လိုက်ထရပ်မော်တော်ယာဉ်ငယ်များဖြင့် လိုက်လံဖြန့်ဝေခြင်းတို့ကိုပါ လုပ်လာကြသည်။ လိုက်ထရပ် မော်တော်ယာဉ်ငယ်များဖြင့် လိုက်လံဖြန့်ဝေခြင်းမှာ ပြည်ပပွဲများအတွက် အန္တရာယ်မရှိစေရန်အတွက် ကြော်ငြာကားဖြင့် ဖြန့်ဝေခွင့်ပြုမိန့်(SoundTruck Permit) ကို တရားဝင်လျှောက်ထားပေးရသည်။ သို့မှသာ ပြပွဲတာဝန်ခံအနေဖြင့် လွတ်လွတ်လပ်လပ် လက်ကမ်းကြော်ငြာခွင့်ရရှိမည်ဖြစ်ပေသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရသော်ပွဲမိန့်သည် ကုန်စည်ပြပွဲတိုင်း၏ အသက်ပင်ဖြစ်သည်။ တစ်ခုရှိသည်မှာ လျှောက်ထားရာ ပြပွဲခန်းမတည်ရှိရာ မြို့နယ်တစ်ခုနှင့်တစ်ခု တောင်းခံသော စာရွက်စာတမ်းများမှာ အနည်းငယ် ကွဲပြားပါသည်။ ယနေ့အချိန်အခါသည်နည်းပညာခေတ်သို့ ရောက်လာပြီဖြစ်သဖြင့် ပွဲမိန့်ကိုလည်းအွန်လိုင်းမှလျှောက်ထားခွင့်ပေးလျှင်ပိုမိုကောင်းမွန်မည်ဟု ယူဆမိပါသည်။

Vol: 20, No.29 Monday September 7 2020

## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ မကွေးတိုင်းဒေသကြီးမှ အောက်ဖော်ပြပါ သိုလှောင်ရုံ(၇)လုံးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၁)နှစ် တစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| Lot-1 | ချောက်မြို့ | မြေ (၃) | (၇၂'×၃၄'×၁၂')၊ | (သွပ်၊ သွပ်၊ ကွန်) |
| Lot-2 | ချောက်မြို့ | မြေ (၅) | (၇၂'×၃၄'×၁၂')၊ | (သွပ်၊ သွပ်၊ ကွန်) |
| Lot-3 | ရေနံချောင်းမြို့ | မြေ (၁) | (၁၀၀'×၄၀'×၁၆')၊ | (သွပ်၊ သွပ်၊ ကွန်) |
| Lot-4 | ပခုက္ကူမြို့ | မြေ (၅) | (၁၀၀'×၄၀'×၁၂')၊ | (သွပ်၊ အုတ်၊ ကွန်) |
| Lot-5 | ပခုက္ကူမြို့ | မြေ (၁၀) | (၁၀၀'×၄၀'×၁၂')၊ | (သွပ်၊ အုတ်၊ ကွန်) |
| Lot-6 | ပခုက္ကူမြို့ | မြေ (၁၁) | (၁၀၀'×၄၀'×၁၂')၊ | (သွပ်၊ အုတ်၊ ကွန်) |
| Lot-7 | ပခုက္ကူမြို့ | မြေ (၁၂) | (၆၀'×၃၀'×၁၂')၊ | (သွပ်၊ အုတ်၊ ကွန်) |

၂။ အဆိုပါ သိုလှောင်ရုံ(၇)လုံးတို့အား ၂၁. ၉. ၂၀၂၀ နောက်ဆုံးထား၍ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ Tender ယှဉ်ပြိုင်ရမည့် နေ့ရက်နှင့် အချိန်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာတင်သွင်းနိုင်ပြီး ၎င်းရက်ထက် ကျော်လွန်ပါက လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၃-၂၀၂၃၁၉၆၊ ၀၆၃-၂၀၂၃၁၉၇၊ ၀၆၃-၂၀၂၃ ၁၉၈ နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အနော်ရထာလမ်း၊ စိုးကောမင်းရပ်၊ မကွေးမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန**

# ကိုဗစ်(၁၉)ကာလအတွင်း တရုတ်နယ်စပ် ဆန်တင်ပို့မှု ထက်ဝက်ခန့် ကျဆင်း

ကိုဗစ်-၁၉ကာလအတွင်း နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ယခင်နှစ်ထက် ထက်ဝက်ခန့်ကျဆင်းလျက်ရှိကြောင်း မူဆယ်နယ်စပ်ဆန်ကုန်စည်ဒိုင်မှ သိရသည်။

"တရုတ်ပြည်ကတော့ ပြီးခဲ့တဲ့ နှစ်နဲ့စာရင် ငါးဆယ်ရာခိုင်နှုန်းလောက် ကျသွားတယ်။ ပြီးခဲ့တဲ့နှစ်က တစ်နေ့ကိုငါးသောင်းလောက်ဝင်တာဆိုတော့ ဒီနှစ်က အိတ်ရေ နှစ်သောင်းခွဲလောက်ပဲ သွားနိုင်တယ်။ ကားတွေပိတ်မယ်ဆိုရင်တော့ အခက်အခဲတစ်ခုတော့ ဖြစ်လာနိုင်တယ်။ အရင်ပုံမှန်အတိုင်းတော့ ဘယ်ဖြစ်တော့မလဲ။ ဒီနေ့အထိတော့ နေ့စဉ်ဆန်ကွဲနှင့် ဆန်နေ့စဉ် ပုံမှန်ဝင်ပါတယ်။ ဆန်ကွဲက အိတ်ရေတစ်သောင်းငါးထောင်လောက်ဝင်တယ်။ တရုတ်ပြည်ထဲကိုတစ်သောင်းငါးထောင် လောက်သွားတယ်။ ဆန်ကလည်း မူဆယ်ကိုတစ်သောင်းလောက်ဝင်တယ်။ တရုတ်ပြည်ကို တစ်သောင်းလောက်ဝင်တယ်။ တစ်နေ့ကို ဆန်နဲ့ဆန်ကွဲအိတ်ရေ နှစ်သောင်းငါးထောင်လောက်ဝင်ပါတယ်"ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောသည်။

လက်ရှိမြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလအတွင်း တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ဆန်နှင့်ဆန်ကွဲအိတ်ရေ နှစ်သောင်းခွဲ ပုံမှန်တင်ပို့လျက်ရှိကြောင်းသိရသည်။

ပြည်ပသို့ ဆန်တင်ပို့မှုအနေဖြင့် တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အိုင်ဗရီကို့စ်နိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိနေပြီး ဘယ်လ်ဂျီယံ၊ ဆီနီဂေါ၊ တရုတ်၊ အင်ဒိုနီးရှား၊ နယ်သာလန်နိုင်ငံများသို့ ဆန်ကွဲအများဆုံး တင်ပို့လျက်ရှိနေခြင်းဖြစ်သည်။

ထို့ပြင် ယခုဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ၂ ဒသမ ၃သန်းကျော်ထိတင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

**ပန်းဆု**



# အစေ့ထုတ်ပြောင်းဈေးကောင်းနေပြီး တောင်သူများ အထွက်နှုန်းတိုး စိုက်ပျိုးနိုင်ရန် ဆောင်ရွက်နေ

ပြည်တွင်း၌ ပြောင်းဈေးကွက် ကောင်းနေပြီးတောင်သူများအထွက်နှုန်းတိုးစိုက်ပျိုးနိုင်ရန်နှင့် လိုအပ်သော ချေးငွေရရှိနိုင်ရန် ဆောင်ရွက်နေသည်ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောကြားသည်။ ပြည်ပသို့ အစေ့ထုတ်ပြောင်းတင်ပို့ရာတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ ဇူလိုင်လကုန်အထိ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ တန်ချိန် ၁၇ သိန်း တင်ပို့နိုင်သည်ဟု သိရသည်။

"ပြောင်းဈေးကလောလောဆယ် အတက်ဈေးနဲ့ငြိမ်နေပါတယ်။ တစ်ပိဿာ ကျပ် ၆၀၀ ဝန်းကျင်ဈေးနဲ့ ငြိမ်နေပါတယ်။ အိမ်နီးနားချင်းနိုင်ငံများကတော့ ပြောင်းသုံးစွဲမှုများလာတယ်။ ဈေးနှုန်းကလည်းကောင်းတဲ့ အချိန်အခါ ရောက်လာတယ်။ အသင်းအနေနဲ့ ယခုထွက်နေတာထက် အထွက်နှုန်း တိုးလာအောင်ရယ်၊ ပြောင်းစိုက်ဧကထပ်ချဲ့နိုင်အောင်ရယ် ထုတ်လုပ်မှုတိုးလာအောင် စီမံကိန်းချပြီး အကောင်အထည်ဖော်မယ်"ဟု ၎င်းကပြောဆိုသည်။

အစေ့ထုတ်ပြောင်းတင်ပို့ရာတွင် မြဝတီနယ်စပ်ဂိတ်မှ ထိုင်း နိုင်ငံသို့ အဓိကတင်ပို့ပြီးတရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လာအို နိုင်ငံများသို့ တင်ပို့သည်ဟုသိရသည်။

ကိုဗစ်(၁၉)ရောဂါဖြစ်ပွားနေချိန်ကာလဖြစ်သော်လည်း ပြောင်းဈေးကွက် လျော့ကျမသွားဘဲပြည်တွင်း ဝယ်လိုအားများလာသည်ဟုသိရသည်။

"အခုကမိုးပြောင်းတွေစထွက်နေပါပြီ။ ကိုဗစ်ကာလဖြစ်တဲ့အခါဆိုတော့ ထိုင်းဘက်ကိုပစ္စည်းအပို့မှာ အဝင်အထွက် မလွယ်တာတော့ရှိတာပေါ့။ အခုကထိုင်းဘက်က အဝင်အထွက် နည်းနည်းလေး အခက်အခဲ ရှိလာနိုင်တာပေါ့။ ပြည်တွင်းမှာလည်း စားသောက်ကုန်လုပ်ငန်းတွေက ပြောင်းဝယ်လိုအားကောင်းတယ်" ဟု ဦးမင်းခိုင်ကဆက်လက်ပြောဆိုသည်။

မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းတို့တွင် ပြောင်းကိုအဓိကစိုက်ပျိုးကြောင်းသိရသည်။

**ပန်းဆု**

# ကျယ်ဂေါင်ရှိမြန်မာပိုင်ကုန်စည်ပို့ဆောင်ရေးဂိတ်များအား စပ်တူရှယ်ယာမလုပ်ပါက တရုတ်နိုင်ငံဘက်မှ ပိတ်သိမ်းမည်

တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့ရှိ မြန်မာပိုင် ကုန်စည်ပို့ဆောင်ရေးဂိတ်များအား စပ်တူရှယ်ယာ မလုပ်ပါက တရုတ်နိုင်ငံ၏ ကိုယ်ကျိုးစီးပွား ကာကွယ်သည့်ပေါ်လစီအရ ဂိတ်များအား ပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

ယူနန်ပြည်နယ်၊ တက်ဟုန်ပြည်နယ်ခွဲ၊ အစိုးရဌာနက ဩဂုတ် ၂၅ ရက်စွဲဖြင့် ရွှေလီ၊ ကျယ်ဂေါင်ရှိ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံထားသော ကုန်တင်ကားဂိတ်၊ အမြန်ချောပို့လုပ်ငန်းများနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယင်းစည်းမျဉ်းများတွင် အဆိုပါလုပ်ငန်းများကို တရုတ်နိုင်ငံသားနှင့် အစုစပ် ၅၀ ရာခိုင်နှုန်းလုပ်ကိုင်ကာ တရုတ်နိုင်ငံသားအမည်ခံမှသာလျှင် ခွင့်ပြုပေးမည်ဖြစ်ပြီးအကယ်၍ မြန်မာနိုင်ငံသားအမည်ခံလုပ်ငန်းများဖြစ်ပါက ပိတ်သိမ်းမည်ဖြစ်ကြောင်းပါရှိသည်။ အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်၍ မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယ ဥက္ကဋ္ဌဦးမင်းသိန်းက"ကျယ်ဂေါင်ထဲမှာက မြန်မာနိုင်ငံသားတွေပိုင်တဲ့ ကုန်စည်ပို့ဆောင်ရေးဂိတ်က ၁၀၀ ကျော်လောက်ရှိတယ်။ မူဆယ်မှာက ဂိတ်မရှိဘူး။ ဒီဂိတ်တွေကအနှစ် ၂၀ လောက်ရှိနေတာ။ အဲဒီဂိတ်တွေကို လိုင်စင်အသစ် လုပ်ရမယ်။ မြန်မာနိုင်ငံသားနာမည်ခံယူလို့မရဘူး။ တရုတ်နိုင်ငံသားရှယ်ယာ ၅၀ ရာခိုင်နှုန်းပါမှ ဂိတ်ဖွင့်လှစ်ခွင့်ပြုမယ့် စာကပ်ထားတယ်။ ဒါကသူတို့ရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်တဲ့ ပေါ်လစီလို့ခေါ်တယ်။ အဲဒါကိုဖြစ်အောင်လုပ်နေတာ။ သူတို့နိုင်ငံသားတွေ အလုပ်ဖြစ်အောင်လို့" ဟု ဩဂုတ် ၃၁ ရက်တွင် ပြောသည်။

အသိပေးစာအရ ကျယ်ဂေါင်တွင် ရှိနေသော မြန်မာနိုင်ငံသားပိုင်လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံသားနှင့် အစုစပ်လုပ်ကိုင်ခြင်းမရှိပါက ဩဂုတ် ၂၅ ရက်မှ စ၍ ၁၀ ရက်အတွင်း ဂိတ်များပိတ်သိမ်း၍ မြန်မာပြည်ထဲသို့ ပြန်ရမည်ဟု ကြေညာထားကြောင်း သိရသည်။

သို့ဖြစ်၍ မူဆယ်မြို့ရှိ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရှမ်းပြည်နယ်အစိုးရ၊ ခရိုင်တာဝန်ရှိသူများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများသို့ တရုတ်အစိုးရ၏ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးရန် အချက်ငါးချက် တင်ပြတောင်းဆိုထားကြောင်း သိရသည်။

ယင်းတောင်းဆိုချက်များမှာ ကုန်ကားဂိတ် လုပ်ငန်းလိုင်စင်များကို မြန်မာနိုင်ငံသားမှတ်ပုံတင်ဖြင့် လုပ်ငန်းလိုင်စင်လျှောက်ခွင့်ပြုပေးရန်၊ ကုန်ကားဂိတ်များတွင် အလုပ်သမားများကိုကုန်ဂိတ်တာဝန်ခံမှုဖြင့် ခွင့်ပြုပေးရန်၊ လိုင်စင်လျှောက်ထားမှုကို သတ်မှတ် ၁၀ ရက်အစား နယ်စပ်ဖြတ်ကျော် လူဝင်/လူထွက်ခွင့်ပြုချိန်အထိ အချိန်တိုးပေးရန်၊ လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် တရုတ်နိုင်ငံဘက်မှ ထုတ်ပြန်သည့် စပေါ်ငွေသတ်မှတ်ချက် ပယ်ဖျက်ဖြေလျှော့ပေးရန်၊ တရုတ်နိုင်ငံမှ သတ်မှတ်သော စည်းမျဉ်းစည်းကမ်းများဖြင့် လူဝင်၊ လူထွက်ခွင့်ပြုပေးရန်တို့ဖြစ်ပြီး ယင်းအချက်များကိုဆယ်ရက်အတွင်းညှိနှိုင်းပေးရန် ဖြစ်သည်။

ထိုအချက်များကို ဩဂုတ် ၂၇ ရက်က မူဆယ်၊ နမ့်ခမ်းနယ်စပ်ကုန်သည်ကြီးများအသင်းတွင် ပြုလုပ်သော ခရိုင်အုပ်ချုပ်ရေးမှူးများ၊ နယ်စပ်ကုန်သွယ်ရေးမှ ညွှန်ကြားရေးမှူးများ၊ ကားဂိတ်တာဝန်ရှိသူများ၊ ဂိတ်မှူးများ၊ ဂိတ်ပိုင်များ အစည်းအဝေးပြုလုပ်၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များက တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း ဦးမင်းသိန်းက ပြောသည်။

"ညှိနှိုင်းတောင်းဆိုချက်ထဲမှာ တရုတ်နိုင်ငံဘက်က အခုလို လုပ်ဆောင်မယ်ဆိုရင် ကုန်စည်စီးဆင်းမှု နှောင့်နှေးသွားနိုင်တယ်ဆိုတဲ့ အချက်ကို ထည့်သွင်းရေးသားထားပါတယ်။ အခုချိန်အထိတော့ အကြောင်းပြန်ကြားခြင်းမရှိသေးပါဘူး"ဟု ၎င်းကပြောသည်။ ကျယ်ဂေါင်ရှိမြန်မာပိုင်ကုန်စည်ပို့ဆောင်ရေးဂိတ်များမှနေ၍ တရုတ်ပြည်မှထွက်ရှိသည့် ဆောက်လုပ်ရေး သုံးပစ္စည်းများ၊အထည်အလိပ်၊ ဆေးဝါးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ တင်သွင်းနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်ရှိသည့် မြို့များသို့ ဖြန့်ဖြူးလျက်ရှိကြောင်းသိရသည်။ **ပန်းဆု**

# ဝန်ထမ်းနှင့် စကား

နိုင်ဦး (DOCA)

လူမှုဆက်ဆံရေးနယ်ပယ်တွင် စကားများစွာဖြင့် တန်ဆာဆင်ကြသည်။ စကားလုံးလှလှများကို တတ်နိုင်သမျှ ရွေးချယ်သုံးနှုန်းကာ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးကိစ္စများတွင် မိမိလိုအင်ပြည့်ဝအောင်ပြောဆိုကြသည်။ မည်သည့်ကိစ္စရပ်များနှင့် ပြောဆိုသည်ဖြစ်စေ အနှစ်ချုပ်လိုက်လျှင် လူတို့နေ့စဉ် ပြောဆိုနေသော စကားခြောက်မျိုးရှိကြောင်း တွေ့ရှိရသည်။ မှန်လည်း မမှန် အကျိုးလည်းမရှိ သူတစ်ပါးမနှစ်သက်သောစကား၊ မှန်၏အကျိုးမရှိ၊ သူတစ်ပါးမနှစ်သက်သောစကား၊ မှန်၏အကျိုးရှိ၏သူတစ်ပါးမနှစ်သက်သောစကား၊ မမှန်အကျိုးမရှိ သူတစ်ပါးနှစ်သက်သောစကား၊ မှန်လည်းမှန်၏ အကျိုးမရှိသူတစ်ပါး နှစ်သက်သော စကား၊မှန်လည်း မှန်၏ အကျိုးလည်းရှိ၏ သူတစ်ပါးလည်း နှစ်သက်သော စကားတို့ ဖြစ်သည်။ အဆိုပါ လောက၌ လူတို့ပြောဆိုသော စကား(၆)မျိုး အနက် နောက်ဆုံးစကားဖြစ်သော မှန်လည်းမှန်၏ အကျိုးလည်းရှိ၏ သူတစ်ပါးလည်း နှစ်သက်သော စကားမျိုးကိုသာ ရွေးချယ်ပြောဆိုသင့်ကြောင်း ဆုံးမကြသည်။

ထိုကဲ့သို့ ရွေးချယ်ပြောဆိုတတ်စေရန်အတွက် ဆုံးမ၊ မှာကြားခဲ့သော်လည်း လူတစ်ကိုယ်စိတ် အမျိုးမျိုးဆိုသည့်အတိုင်း လူတို့သည် စိတ်အမျိုးမျိုးပြောင်းလဲ၍ ဖြစ်ပေါ်နေတတ်သည်။ အတ္တကြီးသူ၊ ပရမ္မတသူ၊ ရန်လိုစိတ် ကြီးမားသူ၊ ဘာသာတရားဆုံးမမှုနှင့်အညီ နေထိုင်သူ စသည် စသည်ဖြင့် များစွာရှိကြသည်။

မည်သို့ပင်ဖြစ်စေ ဆက်ဆံရေး နယ်ပယ်တွင် တစ်ဦးချင်းဖြစ်စေ၊ တစ်ဖွဲ့ချင်းဖြစ်စေ၊ နိုင်ငံအချင်းချင်းဖြစ်စေ ဆက်သွယ်ဆက်ဆံကြရာ၌ စကားပြောဆိုခြင်းနှင့် မကင်းနိုင်ပေ။ စကားသည် အရေးပါအရာရောက်ပြီး ကိစ္စကြီးငယ်များ ဖြစ်ပွားပါက အလွယ်တကူ ပြီးမြောက် အောင်မြင်နိုင်ပေသည်။ စကားပြော ကျွမ်းကျင်လိမ္မာပါးနပ်ပါက အောင်မြင်မှုများရနိုင်သော်လည်း လိမ္မာပါးနပ်မှုမရှိဘဲ ပြောဆိုပါက ဆိုးကျိုးများ ဖြစ်ပွားနိုင်ပါသည်။ အဆိုးဆုံးမှာ တိုးတက်ဖွံ့ဖြိုးလာသော ခေတ်နှင့်အညီ ပေါ်ပေါက်လာသော အီလက်ထရောနစ်ပစ္စည်း ကလေးကို ငွေမြောက်မြားစွာပေး၍ ဝယ်ယူကာ ဆဲဆို၊ ကြိမ်းမောင်း၊ ရန်တိုက်အမုန်းပွားမှုကိစ္စများကို လေထဲတွင် ငွေများကို လွှင့်ပစ်ကာ အရသာခံပြောဆိုနေကြခြင်းပင်ဖြစ်သည်။ အဆိုပါ ပစ္စည်းကလေး၏ အကျိုးရှိရန် တီထွင်ထားမှုကို တလွဲအသုံးချနေကြသည်။

ရှေးလူကြီးသူမများက အစာကိုလည်း "တန်ဆေး၊ လွန်ဘေး ဆိုသကဲ့သို့" ချင့်စားရမည်။ အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်မှ ကျန်းမာပျော်ရွှင်စွာနဲ့ သက်တမ်းစေ့ နေထိုင်နိုင်မယ်။ စကားကိုလည်း ပြောမည့်စကား၊ မပြောခင်စဉ်းစား၊ ပြောနေစဉ် စဉ်းစား၊ ပြောပြီးပါကလည်း ပြန်စဉ်းစားဟူ၍ စကားကို လွယ်လွယ်မပြောရေးမှာကြားခဲ့ကြတယ်။ သူတို့မှာကြားခဲ့သော စကားများသည် မှတ်တမ်းမှတ်ရာများအဖြစ် ကျန်ရစ်ချင် ကျန်ရစ်နေမည်။ လက်ဆင့်ကမ်းပြောကြားချက်များ ဖြစ်ချင်ဖြစ်မည်။ ဘဝနေထိုင်မှုတွင် လိုက်နာရမည့်ကျင့်စဉ်များ ဖြစ်မည်ကိုတော့ မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။

ထို့ကြောင့်ပင် မြန်မာမှုနယ်ပယ်၌ စကားပြောဆိုနည်းများ ဖြစ်သည့် စကားပြောနည်း ၁၀ မျိုး ကို အောက်ပါအတိုင်း မှတ်တမ်းပြုစုထားသည်ကို မှတ်သားဖွယ်တွေ့ရှိရပါသည်-

**ရေကူးညာတင်စကားပြောနည်း။** မြန်မာ့အသုံးအနှုန်းများတွင် အထက်ဘက်အရပ်ကို အညာ၊ အောက်ဘက် အရပ်ကို အကြေဟူ၍ ခေါ်သည်။ မြစ်များ၊ ချောင်းများသည် အထက်မှ အောက်သို့ စီးဆင်းမြဲဖြစ်သည်။ တစ်ဘက်ကမ်းမှ အခြားတစ်ဘက်ကမ်းသို့ ရောက်လိုသော သူသည် တည့်တည့်ကူးပါက လိုရာသို့ မရောက်နိုင်ပေ။ မိမိရောက်လိုသည့်နေရာ၏ အထက်ကျကျနေရာမှကူးခတ်မှာသာ လိုရာအရပ်သို့ဆိုက်ရောက်နိုင်မည်ဖြစ်သည်။ ထို့အတူပင် စကားပြောရာတွင်လည်း အခြေအနေကို သုံးသပ်၍ပြောခြင်းကို ရေကူးညာတင် စကားပြောနည်းဟု ဆိုကြသည်။

**ကောက်ပင်ရိတ်လှီးစကားပြောနည်း။** ကောက်ရိတ်သူသည် လက်တစ်ဖက်က ကောက်ပင်ကို မိမိရရကိုင်၍ ကျန်တစ်ဖက်မှ တံစဉ်ဖြင့်ပိုင်ပိုင်နိုင်နိုင် ဖြတ်သကဲ့သို့ စကားပြောရာတွင်လည်း မိမိပြောလိုသည်ကို လောလော မပြောဘဲ တစ်ဖက်က ပြောသူ၏ စကားများထဲမှ အချက်အလက်များကို မှတ်သား၍ အချက်ကျကျ တစ်ဖက်သူမငြင်းသာအောင်၊ ဝန်ခံလိုက်နာအောင် အပိုင်အနိုင် ပြောဆိုနည်းဖြစ်သည်။

**ရေစီးဖောင်ဆန် စကားပြောနည်း။** အောက်အရပ်မှ အထက်အရပ်သို့ ရေလမ်းခရီး သွားသူသည် ဖောင်ပေါ်တွင် မိမိအလိုရှိသော ပစ္စည်းများကို တင်ဆောင်၍ ရွက်အသုံးပြု၍ဖြစ်စေ၊ လှော်ခတ်၍ဖြစ်စေ၊ ရေလမ်းကို ကြည့်ရှုဆင်ခြင်ဆောင်ရွက်မှ လိုရာသို့ ရောက်နိုင်သည်။ ထို့အတူ စကားပြောရာ၌လည်း မိမိအလိုရှိရာ ရောက်အောင် ဥပမာများနှင့်တကွ ဆင်ခြင်ပြောဆို နည်းဖြစ်သည်။

**အိုးတန်ဆန်ခတ်ပြောစကားပြောနည်း။** ရှေးခေတ်က ထမင်းချက်ရာတွင် မြေအိုးများကို အသုံးပြုသည်။ အိုးငယ်ထဲဆန်များများ ထည့်ချက်ပါက မနူးမနပ် ဖြစ်သလို အိုးအကြီးထဲဆန်အနည်း အငယ် ထည့်ချက်လျှင်လည်း တူးသွားတတ်သည်။ အိုးနှင့်လိုက်ဖက်စွာ ဆန်ထည့်ချက်မှသာ ထမင်းကောင်းရရှိနိုင်သည်။ ထိုနည်းတူစွာ စကားပြောရာတွင်လည်း ဖြစ်ပေါ်လာသည့် အကြောင်းကိစ္စနှင့် လိုက်လျောညီထွေ ဖြစ်အောင် မယုတ်မလွန် ပြောဆိုနည်းဖြစ်သည်။

**ဆီပွတ်ကျည်ပွေ့စကားပြောနည်း။** ရှေးအခါက စားသုံးရန် ဆီကို သစ်သားဆုံ ဖြင့် အထပ်ထပ်အခါခါ ပွတ်ကြိတ်၍ ရယူရ သည်။ ထို့အတူပင် စကားပြောရာ၌ မိမိလိုအင်ပြည့်ဝစေရန် အကြိမ်ကြိမ်သိမ်းသွင်းပြောဆိုနည်းဖြစ်သည်။

**ဆင်ဌေ့ရန်ရှောင်စကားပြောနည်း။** ဆင်သည် အင်အားကြီး၍ ထိုးဌေ့ခံရလျှင် အသက်သေနိုင်သည်။ ရှောင်ရှားနိုင်ပါမှ လွတ်နိုင်သလို စကားပြောရာတွင်လည်း မိမိထံအပြစ်ဒဏ်မကျရောက်အောင် လွှဲဖယ်ပြောဆိုခြင်းဖြစ်သည်။

**တောင်သူယာလုပ်စကားပြောနည်း။** တောင်သူများမြေရှင်းရာတွင် ဦးစွာသစ်ပင်ငယ်၊ ခြုံပုတ်များကို ဦးစွာခုတ်ထွင်သည်။ ပြီးမှ အပင်ကြီးများကို ရှင်းသည်။ ထို့အတူပင် စကားပြောဆိုရာတွင် သေးငယ်သော အချက်အလက်များကို ဦးစွာပြောဆိုပြီးမှ ကြီးမားသော အချက်ကို သိမ်းချုပ်၍ ပြောဆိုနည်းဖြစ်သည်။

> **ရိုးသားဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း၊ ပေးဆပ်ခြင်းတို့ ဖြစ်ကြသည်။ အဂတိတရား ကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြမှသာ ရေရှည် ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံရှိ ပြည်သူ တစ်ဦးချင်းစီသည် ကိုယ်ကျိုးကို ပဓာနမထားဘဲ ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရမည်။**

**ကြက်ဆုတ်ခွပ်ပစ်စကားပြောနည်း။** ကြက်ခွပ်ရာတွင် အနိုင်အရှုံးရရှိရေးအတွက် နောက်သို့ဆုတ်ခြင်း၊ အရှိန်ဖြင့်ရှေ့သို့ပစ်ခွပ်ခြင်းများပြုကြသည်။ ထို့အတူပင် စကားပြောဆိုရာတွင်လည်း တစ်ဖက်သူပြောစကားကို မဆန့်ကျင်စေဘဲ၊ ထိုက်သင့်သလို လိုက်လျောရသည်။ မိမိလိုအပ်သည့် အကွက်ဆိုက်မှ အပိုင်အနိုင် ပြောဆိုနည်း ဖြစ်သည်။

**ရေစစ်ကရားစကားပြောနည်း။** ရေစစ်ကရားသည် ရေစစ်ခွက်ဖြစ်သည်။ အဝကျယ်မှရေလောင်းချ၍ ရေသန့်ရရှိရန်၊ ပိုးမွှား၊ ခဲ၊ သလဲများကျန်ရှိနေစေရန် အသုံးပြု သည်။ ထို့အတူပင် တစ်ဖက်သူပြောဆိုမှုကို မှတ်သား၍မပြောင်းလဲ၊ မငြင်းပယ် နိုင်အောင်၊ ဝန်ခံလာအောင် အပိုင်အနိုင် ပြောဆိုနည်းဖြစ်သည်။

**ခက်တင်မောင်းနင်းစကားပြောနည်း။** ခက်တင်သည် ရေပုံး၊ အခြားထည့်စရာတစ်ခုခုကို ကြိုးဖြင့် အပေါ်အောက် တင်/ချ ရာတွင်သုံးသည်။ ရှေးအခါက ဆန်ကိုမောင်းဖြင့် ထောင်း၍ သုံးရာ၌ မောင်းနင်းသူ နင်းလိုက်က မောင်းအပေါ်တက်ပြီး လွှတ်လိုက်ပါက ဆန်များကို ထောင်းသလို စကားပြောဆိုရာတွင်လည်း တစ်ဖက်သူ၏ စကားကို ဟုတ်သည်လည်းမပြော၊ မဟုတ်ဘူးဟူ၍လည်းမပြောဘဲ မတင်မကျပြောဆိုခြင်းဖြင့် လိုရာပြီး မြောက်စေသည့် နည်းဖြစ်သည်။

စကားများပြောဆိုကြရာတွင် စကား၊ စကားပြောပါများ၊ စကားထဲက ဇာတိပြဆို သကဲ့သို့ မဖြစ်စေရေး လွန်စွာအရေးကြီးသည်။ စကား၏ နောက်တွင် ဘာသာ၊ အယူဝါဒ၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးစံများစွာ ရှိသည်။ ဌာနအကြီးအကဲ တစ်ဦးကလည်း မိတ်ဆွေ၊ ရန်သူကို လျှာဖျားက ဆုံးဖြတ်ပေးတတ်သည်ဟုလည်း ဆုံးမခဲ့မှုကို နာခံခဲ့ရဖူးသည်။ မှတ်သားခဲ့ရဖူး သည်။ လွန်စွာအဖိုးတန်လှသော သွန်သင်ချက်တစ်ခုအဖြစ်ရင်၌ စွဲထင်အောင် ဘဝတစ်လျှောက်လုံး၏ လမ်းညွှန်ချက်အဖြစ် အသုံးချခဲ့သည်။

ပြည်သူလူထု၏ အခွန်အခဖြင့် လုပ်ခလစာများကို ရရှိခံစားနေကြသူများဖြစ်ကြသဖြင့် ပြည်သူများ၏တာဝန်၊ တိုင်းပြည်၏ တာဝန်များကို ထမ်းဆောင်နေကြသဖြင့် ဝန်ထမ်းများဟု အလွယ်ခေါ်ဆိုကြခြင်းဖြစ်သည်။ ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများကိုလည်း ခေတ်ကာလအလိုက်၊ တိုးတက်ဖွံ့ဖြိုးမှုအလိုက် အဆင့်ဆင့်ပြောင်းလဲ ပြဋ္ဌာန်းလိုက်နာဆောင်ရွက်စေလျက်ရှိသည်။

ကျွန်တော်တို့သည် ဝန်ထမ်းများဖြစ်ကြသည့်အတွက် နိုင်ငံတော်က ထုတ်ပြန်ထားသော၊ မိမိဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရပါမည်။ မိမိလုပ်ငန်းနှင့် ပတ်သက်၍တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရှိရပါမည်။ အစိုးရက ချမှတ်ထားသော မူဝါဒများကို လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်ရပါမည်။ ထို့သို့ လိုက်နာဆောင်ရွက် အကောင်အထည်ဖော်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ရမည်မှာ ဧကန်ပင်ဖြစ်သည်။ ပွင့်လင်းမြင်သာစွာဖြင့် ညှိနှိုင်းဆွေးနွေး အဖြေရှာသင့်ပါသည်။ ပူးပေါင်း၍ ဆောင်ရွက်သင့်သည်။ မီဒီယာနည်းလမ်းများ အသုံးပြု၍ အပျက်သဘောဆောင်သော အချက်များ ပုဂ္ဂိုလ်ရေးဆိုင်ရာ နစ်နာထိခိုက်စေသော၊ ဌာန၏ ဂုဏ်သိက္ခာ ထိခိုက်စေသောကိစ္စများ ရေးသားဖော်ပြခြင်း၊ စကားများပြောဆိုခြင်းများကိုမူ ရှောင်ကြဉ်သင့်ပါသည်။ ဝန်ထမ်းများလိုက်နာသင့်သည့် တားမြစ်ချက်များ၊ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သဖြင့်ရရှိမည့် ခံစားခွင့်များနှင့် ပတ်သက်၍လည်း ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများတွင် ပွင့်လင်းမြင်သာစွာ ဖော်ပြထားပါသည်။ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများကို လေ့လာကြည့်လျှင် ပြည်သူလူထု၏ စွမ်းဆောင်ရည် မြင့်မားကြသည်ကို တွေ့ရှိရသည်။ အဆိုပါ မြင့်မားသော စွမ်းဆောင်ရည်များကို သရုပ်ခွဲလိုက်ပါက ထိုနိုင်ငံရှိပြည်သူနှင့်ဝန်ထမ်းများအားလုံးသည် ယေဘုယျအားဖြင့် အချက်သုံးချက်ကို လိုက်နာကြကြောင်း ထူးခြားဖွယ် တွေ့ရှိရသည်။

ထိုအချက်သုံးချက်မှာ ရိုးသားဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း၊ ပေးဆပ်ခြင်းတို့ဖြစ်ကြသည်။ အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြမှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံရှိ ပြည်သူတစ်ဦးချင်းစီသည် ကိုယ်ကျိုးကို ပဓာနမထားဘဲ ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရမည်။ အတ္တစိတ်များကို ဘေးဖယ်ထား၍ ဆောင်ရွက်ရမည်။ ခံစားချက်များအတိုင်း မလိုက်ပါဘဲ တည်ကြည်လေးနက်စွာဖြင့် မှန်ကန် ဖြောင့်မတ်သော ယုံကြည်ချက်များအတိုင်း လျှောက်လှမ်းကြရမည်။ မိမိ၏ မိသားစု၊ မိမိ၏ နိုင်ငံအတွက် ကျရာနေရာမှ ပေးဆပ်ရန် အသင့်ရှိနေကြရမည်ဖြစ်သည်။ သို့မှသာ အခြားဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများကဲ့သို့ ဖြစ်လာပေမည်။ ဆိုလိုသည်မှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများရှိ နိုင်ငံသားများ၏ စိတ်ဓာတ်ခံယူချက်အတိုင်း လိုက်နာဆောင်ရွက်ကြပါမှ တစ်နွယ်ငင်၊ တစ်စင်ပါ ဆိုသကဲ့သို့ နိုင်ငံသည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဟုဆိုလိုပါသည်။

သို့ဖြစ်ပါ၍ ဝန်ထမ်းများသည်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး မိမိဌာန၏ နာမည်ဂုဏ်သတင်း မြင့်မားရေးတို့အတွက် ပြည်သူများနှင့် ဆက်ဆံပြောဆို၊ လုပ်ငန်းများ ဆောင်ရွက်ရာ၌ လိမ္မာပါးနပ်စွာ စကားပြောဆိုပါ။ အခက်အခဲရှိပါက သတ်မှတ် ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း အဂတိတရား ကင်းရှင်းစွာဆောင်ရွက်ပါ။ ဝန်ထမ်းအချင်းချင်း ပွင့်လင်းမြင်သာစွာ ဆွေးနွေးညှိနှိုင်းတိုင်ပင်၍ အဖြေရှာပါ။ မလိုလားအပ်သော အကျိုးမဲ့သည့်ကိစ္စများအား မီဒီယာနည်းလမ်းများအသုံးပြု၍ ရေးသား၊ ပြောဆိုခြင်းများကို အသိတရားလက်ကိုင်ထား၍ ဆင်ခြင် ဆောင်ရွက်ကြပါရန် စေတနာရှေ့ထားကာ တိုက်တွန်းအပ်ပါသည်။

# မြိတ်မြို့ အောင်မင်္ဂလာဈေးကြီးနှင့်အနီးရှိ စားသောက်ကုန်၊ အလှကုန်နှင့် ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး



တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန မြိတ်ခရိုင် ဦးစီးမှူးရုံးမှဝန်ထမ်းများသည် ဩဂုတ် ၁၇ ရက်တွင် မြိတ်ခရိုင် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များဖြစ်သော ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မြိတ်မြို့ တိုးချဲ့ရပ်၊ အောင်မင်္ဂလာဈေးကြီးနှင့် အနီးပတ်ဝန်းကျင်ရှိ စားသောက်ကုန်ဆိုင်များ၊ ဆေးဆိုင်များနှင့် အလှကုန်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အများပြည်သူသုံးစွဲရန်မသင့်ကြော်ငြာထားသောစားသောက်ကုန်၊အလှကုန်များနှင့်ဆေးများ၊ သက်တမ်းလွန် စားသောက်ကုန်၊ အလှကုန်များနှင့် ဆေးများ ရောင်းချနေမှုရှိ/ မရှိစစ်ဆေးခြင်းနှင့် ကုန်ပစ္စည်းတင်သွင်းဖြန့်ဖြူး ရောင်းချရာတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များအား ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

**ကျော်ဝင်းနိုင်(မြိတ်)**

# ကန့်ဘလူနှင့် ကျွန်းလှမြို့ပေါ်ရှိ ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များ ကျန်းမာရေးအထောက်ကူပြုပစ္စည်းများ ရောင်းချမှု ကွင်းဆင်းစစ်ဆေး

ကန့်ဘလူမြို့ပေါ်ရှိ ကုန်စုံဆိုင်နှင့် ဆေးဆိုင်များကို ကန့်ဘလူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ မိတ်ဖက်ဌာနများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနများ ပူးပေါင်း၍ ဩဂုတ် ၂၇ ရက်တွင် COVID-19 ရောဂါထိန်းချုပ်နိုင်ရေးအတွက် အရေးကြီးကုန်စည်များဖြစ်သည့် ကျန်းမာရေးအထောက်အကူပစ္စည်း Mask & Hand Gel များကို စုပြုံဝယ်ယူထားရှိပြီး စီးပွားရေးအမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်ဖြင့် ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရန်နှင့် မဖြစ်ပေါ်စေရေးအတွက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ပေါ်ရှိကုန်စုံဆိုင်နှင့် ဆေးဆိုင်များနှင့် နေ့ခင်းပိုင်းတွင် ကျွန်းလှမြို့ပေါ်ရှိ ကုန်စုံဆိုင်နှင့် ဆေးဆိုင်များသို့ ဌာနပေါင်းစုံဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

Mask & Hand Gel များကို မန္တလေးသို့မှာယူရကြောင်း၊ Mask အခု ၅၀ ပါ တစ်ထုပ်လျှင် ကျပ် ၂၈၀၀ နှင့် ကျပ် ၃၀၀၀ ဖြင့် ဝယ်ယူရကြောင်း၊ လက်ရှိမြို့ပေါ်တွင် Mask တစ်ခုလျှင် ကျပ် ၁၀၀ မှ ၂၀၀ ကျပ်ထိ ဈေးနှုန်းရှိကြောင်း၊ Hand Gel များအနေဖြင့် ထုတ်လုပ်မှု အရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းများကွဲပြားပြီး Hand Gel 500 ml ဘူး တစ်ဘူးလျှင် ကျပ် ၅၅၀၀ မှ ကျပ် ၆၅၀၀ အထိရှိကြောင်း၊ Hand Gel (250/100/50)ml ဘူးလတ်၊ ဘူးသေးများမှာလည်း ကျပ် ၅၀၀ မှ ကျပ် ၃၀၀၀ ထိရှိကြောင်း ကွင်းဆင်းမေးမြန်း သိရှိရပြီး စီးပွားရေးအမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်ဖြင့် ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေးအတွက် ဈေးဆိုင်နှင့် ဆေးဆိုင်များအား အသိပညာပေးကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**ရှဲဆာကဲ**

# ပုသိမ်မြို့၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၄ ရက်တွင်စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ရာမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးလုပ်ငန်းရှင်များအား အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၀ အရ ကုန်စည်များအပေါ် တားမြစ်ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲက အရ COVID - 19 ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း/ဖြန့်ဖြူးခြင်း သို့မဟုတ်ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများ ဆောင်ရွက်နေသည်ကိုစိစစ်တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ ပုဒ်မ ၅အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအား တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီမှ သတိပေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံကြည်က စားသုံးသူကာကွယ်ရေးဥပဒေအခန်း ၁၈၊ ပုဒ်မ ၄၁ ပါ ထုတ်ကုန်ပစ္စည်းများကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍မြန်မာဘာသာဖြင့်ဖော်ပြနိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့ပြီး မိမိ၏ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမည်ဆိုပါကအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းလိုင်စင် ပြုလုပ်ထားရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကာ ဟောပြောဆွေးနွေးပွဲသို့ စီးပွားရေးလုပ်ငန်းရှင်စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ၊ ဥပဒေဆိုင်ရာစာစောင်များအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

# တောင်ငူမြို့မှ စီးပွားရေးလုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန တောင်ငူခရိုင် ဦးစီးမှူးရုံးမှ တောင်ငူမြို့ပေါ်ရှိ Shopping Centerများ၊ Mini-market များနှင့် ကုန်စုံဆိုင်ကြီးများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ကုန်စည်များတွင်ကုန်အညွှန်းအမှတ်အသားများ ဖော်ပြခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တောင်ငူမြို့ရှိ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ ခရိုင်ဦးစီးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က တိုင်းရင်းဆေးများတွင် ကုန်အညွှန်းအမှတ်အသားများ ဖော်ပြခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန တောင်ငူမြို့နယ်တာဝန်ခံ ဦးမြင့်သူက စားသုံးသူကာကွယ်ရေး ဥပဒေပါ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်း၊ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ညွှန်ကြားလွှာအမှတ် ၂/၂၀၁၉၊ စားသုံးသူကာကွယ်ရေး ဥပဒေပါစီးပွားရေးလုပ်ငန်းရှင်များအတွက်တားမြစ်ချက်များ၊ စီမံခန့်ခွဲရေးအရ အရေးယူဆောင်ရွက်ခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို Power Point ဖြင့် ရှင်းလင်း ဆွေးနွေးခဲ့သည်။ အခမ်းအနားသို့ စီးပွားရေးလုပ်ငန်းရှင် ၂၀ တက်ရောက်ကြောင်း သိရသည်။

**စောသန်းထိုက်ကျော်**

# ထားဝယ်မြို့ပေါ်ရှိ စားသောက်ကုန်နှင့် သနပ်ခါးအမည်ခံ အလှကုန်များအား ကွင်းဆင်းစစ်ဆေး



တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဩဂုတ် ၂၅ရက်တွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေး၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးတို့နှင့်ပူးပေါင်း၍ ထားဝယ်မြို့ပေါ်ရှိကုန်စုံဆိုင်များနှင့် Shopping Centerများတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည်။

ထိုသို့ဈေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် ကုန်စုံဆိုင်များ၊ Shopping Centerများ၌ Nestle Myanmar (Trading) Limited မှ တင်သွင်းသော Nestleမိခင်အစားထိုးစားသောက်ကုန်များတွင် FDA၏ညွှန်ကြားချက်အတိုင်း အမှတ်တံဆိပ်များအား sticker ကပ်ထားမှု လိုက်နာမှုရှိ/မရှိစစ်ဆေးခဲ့သည်။ ထို့နောက် သနပ်ခါးအမည်ခံ အလှကုန်ပစ္စည်းများ၌ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစားသုံးသူကော်မရှင်က ထုတ်ပြန်ထားသော (၂/၂၀၁၉) ညွှန်ကြားချက်ပါ အလှကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍၁၀၀ ရမ်နှင့်အထက် အလှကုန်ပစ္စည်းများတွင် ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်းတို့ ပါဝင်ရမည်ဖြစ်ပြီး ၁၀၀ရမ်နှင့် အောက်တွင် ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ သုံးစွဲပုံနည်းလမ်းတို့ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာ(သို့)အခြားဘာသာ ယှဉ်တွဲဖော်ပြထားခြင်းရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရွှေဝယ်သား**

# မူဆယ်(၁၀၅)မိုင်၏ ဩဂုတ်လ တတိယပတ် ကုန်သွယ်မှုအခြေအနေ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည် ပို့ကုန်ပမာဏတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပို့ကုန်အမယ်သစ်များ ရှာဖွေတင်ပို့နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ နယ်စပ်ကုန်သွယ်ရေးစခန်း၊ မူဆယ်(၁၀၅)မိုင်၏ ဩဂုတ်လ တတိယပတ်အတွင်း ကုန်သွယ်မှုအခြေအနေများမှာ ဆန် ၃၈၈၁ တန် တင်ပို့နိုင်ခဲ့ပြီး ဆန်တစ်တင်းလျှင် ငွေကျပ်၁၅၄၉၅ မှ ၁၆၁၇၀ စျေးနှုန်းဖြင့် လည်း ကောင်း၊ ပဲတီစိမ်း ၆၈၇ ဒသမ ၉ တန်တင်ပို့နိုင်ခဲ့သည်။

ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၃၁၂၄၀ မှ ၃၃၅၁၀ စျေးနှုန်းဖြင့် လည်းကောင်း၊ ဆန်ကွဲ ၂၇၄၉ ဒသမ ၇၅ တန်တင်ပို့နိုင်ခဲ့ပြီး ဆန်ကွဲတစ်တင်းလျှင် ငွေကျပ် ၁၃၅၈၅ မှ ၁၄၂၃၀ စျေးနှုန်းဖြင့်လည်းကောင်း၊ မြေပဲဆန် ၉၁ တန် တင်ပို့နိုင်ခဲ့ပြီး မြေပဲဆန်တစ်တင်းလျှင် ငွေကျပ် ၄၂၃၂၅ မှ ၄၃၈၇၀ စျေးနှုန်းဖြင့်လည်းကောင်း၊ ပဲယင်း တန် ၄၁၀ တင်ပို့နိုင်ခဲ့ပြီး တစ်တင်းလျှင် ငွေကျပ် ၂၂၃၁၅ မှ ၂၃၂၂၀ စျေးနှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ ၂၂၀ ဒသမ ၇၅ တန် တင်ပို့နိုင်ခဲ့ပြီး တစ်တင်းလျှင်ငွေကျပ် ၂၅၆၆၅ မှ ၂၇၈၃၅ စျေးနှုန်းဖြင့်လည်းကောင်း၊ ကြက်သွန်နီ ၂၃၀၀ ဒသမ ၆၅ တန် တင်ပို့နိုင် ခဲ့ပြီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ မှ ၆၀၀ စျေးနှုန်းဖြင့် လည်းကောင်း၊ နှမ်း ၁၂၅၄ ဒသမ ၂၇ တန် တင်ပို့နိုင်ခဲ့ပြီး တစ်တင်းလျှင် ငွေကျပ် ၄၀၁၇၅ မှ ၄၆၈၇၀ စျေးနှုန်းဖြင့်လည်းကောင်း၊ ပဲနီကျား ၉၆ ဒသမ ၇၅ တန် တင်ပို့နိုင်ခဲ့ပြီး တစ်တင်းလျှင် ငွေကျပ် ၂၀၀၈၅ မှ ၂၁၃၉၀ စျေးနှုန်းဖြင့်လည်းကောင်း၊ ပဲကြီး ၁၅၅ ဒသမ ၅ တန်တင်ပို့နိုင်ခဲ့ပြီး တစ်တင်းလျှင် ငွေကျပ် ၂၅၆၆၅ မှ ၂၇၈၃၅ စျေးနှုန်းဖြင့်လည်းကောင်း၊ သကြား ၁၄၇၃ တန် တင်ပို့နိုင်ခဲ့ပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၁၃၀ မှ ၁၁၄၀ စျေးနှုန်းဖြင့်လည်းကောင်း၊ ပဲပုပ် ၁၇ တန် တင်ပို့နိုင်ခဲ့ပြီး တစ်တင်းလျှင်ငွေကျပ် ၂၂၆၄၀ မှ ၂၂၉၀၅ စျေးနှုန်းဖြင့်လည်းကောင်း၊ မြေထောက်ပဲ ၃၇၅ တန် တင်ပို့နိုင်ခဲ့ပြီး တစ်တင်းလျှင်ငွေကျပ် ၂၉၀၇၅ မှ ၂၉၉၄၀ စျေးနှုန်းဖြင့်လည်းကောင်း၊ ပြောင်းဖူးစေ့ ၁၀၃ ဒသမ ၇၅ တန် တင်ပို့နိုင်ခဲ့ပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၈၀ မှ ၃၀၀ စျေးနှုန်းဖြင့်လည်းကောင်း၊ ပဲလွန်းဖြူ ၁၆ ဒသမ ၅ တန် တင်ပို့နိုင်ခဲ့ပြီး ငွေကျပ် ၁၂၉၀ မှ ၁၃၉၅ စျေးနှုန်းဖြင့်လည်းကောင်း၊ ရော်ဘာ ၇၃၅တန် တင်ပို့နိုင်ခဲ့ပြီး တစ်ပေါင်လျှင် ငွေကျပ် ၅၉၀မှ ၆၂၀ စျေးနှုန်းဖြင့်လည်းကောင်း၊ ဖရဲသီး ၆၀၅ ဒသမ ၂၅ တန် တင်ပို့နိုင်ခဲ့ပြီး တစ်ပေါင်လျှင် ငွေကျပ် ၈၁ မှ ၉၀ ထိ စျေးနှုန်းဖြင့်လည်းကောင်း၊ နွား ၅၁၁၁ ကောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ကောင်လျှင် ငွေကျပ်သိန်း ၂၀ မှ ၂၂ ထိ စျေးနှုန်းဖြင့်လည်းကောင်း၊ ဆိတ် ၅၀၀ ကောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဆိတ်တစ်ကီလိုလျှင် ငွေကျပ် ၄၅၅၅ မှ ၄၇၅၀ ထိ စျေးနှုန်းဖြင့်လည်းကောင်း အသီးသီးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**စောမောင်**




# ယင်းမာပင်ခရိုင်အတွင်းရှိ စားသောက်ဆိုင်နှင့် Bar ဆိုင်များအား ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ယင်းမာပင်ခရိုင်၊ စားသုံးသူ ရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဒုတိယခရိုင်ဦးစီးမှူးတို့ဦးဆောင်၍ မြို့နယ်တာဝန်ခံများသည် သက်ဆိုင်ရာ မြို့နယ်အလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်းပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်၏ညွှန်ကြားချက်၊ တိုင်းဒေသကြီးဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ယင်းမာပင်ခရိုင်အတွင်းရှိ ကနီ၊ ဆားလင်းကြီး၊ ပုလဲ၊ ယင်းမာပင်မြို့နယ်တို့ရှိ Bar ဆိုင်နှင့် စားသောက်ဆိုင်များတွဲလျက်ဖွင့်လှစ်ထားရှိမှု ရှိ/မရှိ တင်ပြနိုင်ရန် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် စင်တင်ဘာ ၁ ရက်တွင် ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်သို့လည်းကောင်း၊ စက်တင်ဘာ ၂ ရက်တွင် ကနီမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်သို့ စားသောက်ဆိုင်နှင့် တွဲထားသော Bar ဆိုင်များနှင့် သီးခြားနေရာများတွင် ဖွင့်လှစ်ထားသော Bar ဆိုင်များအား ရောင်းချနေသောဆိုင်ရှင်များကို D 614 မှ G 614 အသွင်ပြောင်း COVID-19 ကာကွယ် ထိန်းချုပ်ရေးကာလအတွင်း ကျန်းမာရေးဌာန၏ စည်းကမ်းချက်များအား အထူးစီမံချက်ဖြင့် တိကျလိုက်နာဆောင်ရွက်ရန်၊ မြို့ပေါ်ကုန်မျိုးစုံဆိုင်များရှိ သနပ်ခါးအမည်အလှကုန်များ၊ Misitine အလှကုန်ပစ္စည်းများ ရောင်းချရာတွင် စားသုံးသူကာကွယ်ပေးရေး ဥပဒေနှင့်အညီ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံပါဝင်မှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် ရောင်းချသည်ဆိုပါက ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှုရှိမှသာ ရောင်းချစေလိုကြောင်း ရှင်းလင်းပြောကြား၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခိုင်မို့မို့(မြင်းမူ)**

# စားသုံးဆီများတွင် သတ်မှတ်ထားသည့် ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များ ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်နေ့တို့တွင် အရှေ့ပိုင်းခရိုင်အတွင်း ပုဇွန်တောင်မြို့နယ်ရှိ ပုဇွန်တောင်စျေး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ Makro Myanmar Whole Sale and Supply Shop ၊ သဃ်န်းကျွန်းမြို့နယ်ရှိ စံပြငမိုးရိပ်စျေးနှင့် ဒေါပုံမြို့နယ်ရှိCAPITAL HYPER MARKET တို့တွင် ရောင်းချလျက်ရှိသော စားသုံးဆီ အမျိုးမျိုးတို့အား သတ်မှတ်ထားသည့် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များနှင့် ကိုက်ညီမှုရှိ/မရှိ သက်ဆိုင်ရာ စည်ပင်စျေးတာဝန်ခံများ၊ အရောင်းမန်နေဂျာများနှင့်အတူ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်း စစ်ဆေးရာတွင် စားသုံးဆီ ရောင်းချနေသူများအား (၁/၂၀၁၉) စားသုံးသူ ကာကွယ်ရေး ဥပဒေပါ အခန်း (၁၈) ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းနှင့် ပတ်သက်၍ ကုန်စည်များတွင် မဖြစ်မနေ ပါဝင်ရမည့်အချက်များဖြစ်သည့် ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား (အသားတင်ပမာဏ)၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်းနှင့် ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး၊ ခာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်များအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု (သို့) တစ်ခုထက်ပို၍တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဖြစ်ကြောင်းနှင့် စားသုံးဆီရောင်းချနေသူများအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေများအား သိရှိလိုက်နာပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်း**

# စစ်ကိုင်းမြို့ပေါ်ရှိ ဆေးပစ္စည်းအရောင်းဆိုင်များအား ရှောင်တခင် စစ်ဆေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စစ်ကိုင်းခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး စစ်ဆေးရေးအရာရှိ ဒေါ်ခင်မြတ်မူ ဦးဆောင်သော အဖွဲ့သည် ဩဂုတ် ၂၅ရက်တွင် စစ်ကိုင်းမြို့ပေါ်ရှိ ဆေးပစ္စည်းဆိုင် ၁၄ ဆိုင်အား မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်စည်ပင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ရပ်ကွက်အုပ်ချုပ်ရေးမှူး၊နှင့်ပူးပေါင်း၍ ရှောင်တခင် စစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူကာကွယ်ရေး ဥပဒေအခန်း(၁၈) ပါကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်၍ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ်တွင် ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုရှိမရှိနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော(၃၀. ၃. ၂၀၂၀)ရက်၊ အမိန့်ကြော်ငြာအမှတ်(၂၁/၂၀၂၀)ကိုအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးကြီး ကုန်စည်များအဖြစ် (Coronavius Disease 2020 COVID-19) ကာကွယ် ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ဆေးဝါးများ၊ စားသုံးကုန်များ၊Maskနှင့် HandGelများ စျေးကွက်အတွင်း စျေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း(သို့မဟုတ်) စျေးကစားရန်ရည်ရွယ်၍ သိုလှောင်ခြင်းများမရှိစေရေးရှောင်တခင် စစ်ဆေးခဲ့ပြီးစစ်ဆေးတွေ့ရှိပါကအရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ-၅ ဖြင့်အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပညာပေးစစ်ဆေးခဲ့ပြီး အမိန့်ကြော်ငြာအမှတ်(၂၁/၂၀၂၀)အား ဖြန့်ဝေခဲ့ကြောင်း သိရသည်။




**အောင်လင်း**
**(DOCA ၊ စစ်ကိုင်း)**

# ကယားပြည်နယ် စားသုံးသူရေးရာ ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်စားသုံးသူရေးရာကော်မတီ(၅/၂၀၂၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ရာ ပြည်နယ်စားသုံး သူရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်စားသုံးသူရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက အစည်းအဝေးတွင် သနပ်ခါးအမည် ခံအလှကုန်ပစ္စည်းများအား စျေးကွက်စောင့်ကြည့် စစ်ဆေးဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ တင်ပြထားသည့် အမှာစာများအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာသော အဖွဲ့ဝင်များက အသီးသီးပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်မိုး (စားသုံးသူ၊ ကယား)**

Vol: 20, No.29 Monday September 7 2020

# မက်ဆီကို ယူရိုသန်း ၇၀၀ ဖြင့်ခေါ်ယူရန် မန်စီးတီး ဆန္ဒရှိနေ

မန်စီးတီးအသင်းသည် ဘာစီလိုနာအသင်းနှင့် အဆင်မပြေမှုများ ဖြစ်ပေါ်နေသည့် မက်ဆီကို ယူရိုသန်း ၇၀၀ အထိပေးပြီး ခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှု ရရှိထားပြီး ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုသွားမည်ဟု ကနဦးသတင်းများအရ သိရသည်။




သို့သော် လက်ရှိအချိန်တွင် မက်ဆီ၏ ဖခင်လည်းဖြစ်၊ အေးဂျင့်လည်းဖြစ်သူ ဂျော်ဂျီမက်ဆီအနေဖြင့် ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသည့် မက်ဆီသည် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်ထားသော်လည်း ဘာစီလိုနာအသင်းတွင်သာ ဆက်နေရန် ရာနှုန်းများနေကြောင်း ပြောဆိုထားသည်။

မန်စီးတီးအသင်းသည် အသက်(၃၃)နှစ်ရှိ မက်ဆီကို ခေါ်ယူနိုင်ရေးအတွက် ပီအက်စ်ဂျီအသင်းနှင့် အားပြိုင်မှုများရှိနေပြီး မက်ဆီကိုယ်တိုင်က မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောဆိုထားသည်။

မန်စီးတီးအသင်းသည် မက်ဆီကို ခေါ်ယူနိုင်ခဲ့မည်ဆိုပါက တစ်ပတ်လစာ ပေါင် ၂ ဒသမ ၄ သန်းအထိပေးရန် ရည်ရွယ်ထားကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် မန်စီးတီးအသင်းသည် ငါးနှစ်ဆိုလျှင် မက်ဆီကို လစာပေါင် ၆၂၃ သန်းအထိ ပေးချေရမည်ဖြစ်သည်။



အဆိုပါလစာနှုန်းထားအတိုင်းဆိုလျှင် မက်ဆီသည် တစ်နာရီလျှင် ပေါင် ၁၄၂၀၀၊ တစ်ရက်လျှင် ပေါင် ၃၄၁၀၀၀၊ တစ်ပတ်လျှင် ပေါင် ၂ ဒသမ ၄ သန်းနှင့် တစ်လလျှင် ပေါင် ၁၀ ဒသမ ၄ သန်းနှုန်းအထိ ရရှိမည်ဖြစ်သည်။ သို့သော် မက်ဆီနှင့် ဘာစီလိုနာတို့အကြား အပြောင်းအရွှေ့ကိစ္စမှာ ရှုပ်ထွေးနေဆဲပင်ဖြစ်သည်။




## ဗန်ဒီဘိခ်ကို ပေါင် ၃၉ သန်းဖြင့် မန်ယူအသင်း ခေါ်ယူ

မန်ယူအသင်းသည် အေဂျက်အသင်းမှ နယ်သာလန် ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်ကို ပေါင် ၃၉ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်လိုက်သည်။

မန်ယူအသင်းသည် အဆိုပါ အသက်(၂၃) နှစ်ရှိကွင်းလယ်ကစားသမားကို ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်း ဖြစ်သည်။


'အေဂျက်အသင်းက ကစားသမား တစ်ဦးချင်းစီကို ကျေးဇူးတင်ပါတယ်။ အေဂျက်အသင်းမှာ ကစားခဲ့ရတာကို ကျွန်တော် ကျေနပ်ပျော်ရွှင်ခဲ့ရပါတယ်။ ပြီးတော့ အေဂျက်အသင်းမှာ အမှတ်တရ အဖြစ်အပျက်တွေလည်း ရှိခဲ့ပါတယ်။ အခုတော့ အသင်းသစ်၊ နယ်မြေသစ်မှာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ ကျွန်တော် အဆင်သင့်ဖြစ်နေပါပြီ။ မန်ယူအသင်းရဲ့ ကွင်းလယ်မှာ ဖာနန်ဒက်စ်နဲ့ ပေါ့ဂ်ဘာတို့လို ကစားသမားတွေနဲ့ တွဲကစားရမှာကို မစောင့်နိုင်အောင်ဖြစ်နေရပါပြီ'ဟု မန်ယူအသင်း၏ ကွင်းလယ်ကစားသမားသစ်ဖြစ်လာသူ ဗန်ဒီဘိခ်က ပြောဆိုခဲ့သည်။

ဗန်ဒီဘိခ်သည် နယ်သာလန်လက်ရွေးစင် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပြီး အေဂျက်အသင်းတွင် ၂၀၁၅ ခုနှစ်က စတင်ကစားခဲ့သူဖြစ်သည်။ ၎င်းကစားသမားသည် အေဂျက်အသင်းအတွက် ၁၁၈ ပွဲ ကစားပေးခဲ့ပြီး ၂၈ ဂိုး သွင်းပေးနိုင်ခဲ့သည်။ ဗန်ဒီဘိခ်သည် မန်ယူအသင်းတွင် ကျောနံပါတ်(၃၄) ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

# ဂါဘရီရယ်မာဂယ်ဟေးစ်ကို အာဆင်နယ်အသင်း ခေါ်ယူ

အာဆင်နယ်အသင်းသည် လိုင်လီအသင်းမှ ဘရာဇီးနောက်ခံကစားသမား ဂါဘရီရယ်မာဂယ်ဟေးစ်ကို အပြီးသတ် ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် ယင်းကစားသမားကို ပေါင် ၂၃ ဒသမ ၁၄ သန်းဖြင့်ခေါ်ယူပြီး ကာလရှည် စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက်(၂၂)နှစ်ရှိ ဂါဘရီရယ်မာဂယ်ဟေးစ်သည် ဗဟိုခံစစ်ကစားသမားဖြစ်သလို ဘယ်နောက်ခံနေရာတွင်လည်း ကောင်းကောင်း ကစားနိုင်သူဖြစ်သည်။




'ကျွန်တော်တို့ ဂါဘရီရယ်မာဂယ်ဟေးစ်ကို ခေါ်ယူဖို့အတွက် ကာလအတော်ကြာ လေ့လာစောင့်ကြည့်ခဲ့ရပါတယ်။ သူ့ရဲ့ခြေစွမ်းကို လက်ခံနိုင်လောက်တဲ့ အခြေအနေမျိုးရှိလို့ ခေါ်ယူဖို့ဆုံးဖြတ်ခဲ့တာပါ'ဟု အာဆင်နယ်အသင်း၏ နည်းစနစ်ဒါရိုက်တာ အီဒူးက ပြောဆိုသည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာကလည်း 'ဂါဘရီရယ်မာဂယ်ဟေးစ်ကို ရလိုက်တာက ကျွန်တော်တို့အသင်း ခံစစ်ပိုင်းက ယိုပေါက်တစ်ပေါက်ကို ဖာထေးနိုင်ခဲ့တာနဲ့ အတူတူပါပဲ။ ဂါဘရီရယ်မာဂယ်ဟေးစ်ဟာ အာဆင်နယ်အသင်းအတွက် အရေးပါတဲ့ ကစားသမားတစ်ဦးဖြစ်လာမယ်ဆိုတာ ယုံကြည်ထားပါတယ်'ဟု ပြောခဲ့သည်။

ထို့ပြင် အာဆင်နယ်အသင်း၏ ကစားသမားသစ်ဖြစ်လာသည့် ဂါဘရီရယ်မာဂယ်ဟေးစ်က မိမိအနေဖြင့် အာဆင်နယ်အသင်းတွင် ကစားခွင့်ရရှိခြင်းကြောင့် အတိုင်းမသိ ဝမ်းသာကြည်နူးမိကြောင်း၊ အာဆင်နယ်အသင်းတွင် ကစားခွင့်ရရှိရေးမှာ မိမိ၏ ငယ်ဘဝအိပ်မက်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိမှာ အာဆင်နယ်အသင်းဂျာစီကို ဝတ်ဆင်ခွင့်ရရှိပြီဖြစ်ကြောင်း၊ အာဆင်နယ်အသင်းနှင့်အတူ အောင်မြင်မှုများကို ရယူသွားရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောဆိုခဲ့သည်။

ဟန်နေသစ် စုစည်းသည်

# ပူလီဆစ်အနေဖြင့် အသင်းက ထွက်ခွာလိုက ထွက်ခွာနိုင်ဟုဆို



ချယ်လ်ဆီးအသင်း၏ ကွင်းလယ်ကစားသမား ပူလီဆစ်အနေဖြင့် အသင်းမှ ထွက်ခွာလိုက ထွက်ခွာနိုင်ကြောင်း နည်းပြ လမ်းပတ်က ပြောဆိုလိုက်သည်။

ပူလီဆစ်သည် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းတွင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ချယ်လ်ဆီးအသင်းက ခေါ်ယူခဲ့ပြီး ဒေါ့မွန်အသင်းသို့ပင် ပြန်လည် အငှားချထားခဲ့သည်။ သို့သော် ပူလီဆစ်သည် ဒေါ့မွန်အသင်းတွင် ခြေစွမ်းကောင်းများကို ပြသနိုင်ခဲ့သလို ချယ်လ်ဆီးအသင်းတွင်လည်း ကွင်းလယ်ပိုင်း လိုအပ်ချက်များရှိနေခြင်းကြောင့် နည်းပြ လမ်းပတ်အနေဖြင့် ပူလီဆစ်ကို အသင်းသို့ ပြန်လည်ခေါ်ယူခဲ့သည်။

လက်ရှိအချိန်တွင် ချယ်လ်ဆီးအသင်းသည် နေရာစုံအတွက် ကစားသမား အများအပြားကို ခေါ်ယူနေရာ ပူလီဆစ်အနေဖြင့် ဘွန်ဒက်စ်လီဂါသို့ ပြောင်းရွှေ့ကစားလိုကြောင်း အရိပ်အမြွက်ပြောဆိုလာသည်။ ပူလီဆစ်က မိမိအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း၊ ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်တို့ကလည်း မိမိကို ခေါ်ယူလိုသည်ဟု ကြားသိရကြောင်း၊ နည်းပြ လမ်းပတ်ကလည်း မိမိကို အသင်းက ထွက်ခွာလိုက ထွက်ခွာနိုင်သည်ဟု ပြောဆိုထားကြောင်း အသက်(၂၁)နှစ်ရှိ ပူလီဆစ်က ပြောသည်။

လက်ရှိအချိန်တွင် ချယ်လ်ဆီးအသင်းသည် ပီအက်စ်ဂျီအသင်းမှ ဘရာဇီး နောက်ခံကစားသမား သီယာဂိုဆေးလ်ဗား၊ လက်စတာအသင်းမှ အင်္ဂလန် နောက်ခံကစားသမား ဘင်ချီဝဲလ်၊ အေဂျက်အသင်းမှ မော်ရိုကိုကွင်းလယ်ကစားသမား ဇီယက်၊ လိုက်ဇစ်အသင်းမှ ဂျာမနီတိုက်စစ်မှူး တီမိုဝါနာတို့ကို ခေါ်ယူထားပြီးဖြစ်သည်။

# ကိုရီးယားနှင့် ကမ္ဘောဒီးယားတို့အကြား လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ဒုတိယအကြိမ် ဆွေးနွေး

ကိုရီးယားသမ္မတနိုင်ငံသည် COVID-19 ကြောင့်ထိခိုက်ရသည့် နိုင်ငံ၏ စီးပွားရေးကိုပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့ခြင်းမှတစ်ဆင့် ပြန်လည်နာလန်ထူစေရန် ဆောင်ရွက်နိုင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်အားလျော်စွာ ကမ္ဘောဒီးယားနိုင်ငံနှင့် ဆွေးနွေးဆဲဖြစ်သော လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ဆိုင်ရာ FTA ဆွေးနွေးပွဲ၏ ဒုတိယအကြိမ် (Second Round) ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ပထမပတ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိုးလ်မြို့တော်နှင့် ဖနွမ်ပင်မြို့တော်တို့ အကြား Virtual Meeting ကို Online မှတစ်ဆင့်လေးရက်တာဆွေးနွေးရန် စီစဉ်ထားကြောင်း ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၏ ဩဂုတ် ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားချက်အရ သိရှိရသည်။

တောင်ကိုရီးယားနှင့်ကမ္ဘောဒီးယားတို့ နှစ်နိုင်ငံအကြား ပထမအကြိမ်ဆွေးနွေးပွဲကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လနှောင်းပိုင်းတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် မတ်လတွင် တောင်ကိုရီးယားနိုင်ငံ သမ္မတမွန်ဂျေအင်း၏ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်မြို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေး၌ နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေးသဘော တူညီချက်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် ကမ္ဘောဒီးယား ဝန်ကြီးချုပ်၏အဆိုပြုချက်အပြီးတစ်နှစ်အကြာတွင် ဤကဲ့သို့ နှစ်နိုင်ငံအကြား FTA ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုအားဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။

ယခုတစ်ပတ်အစည်းအဝေးတွင် တောင်ကိုရီးယားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံအကြားဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ FTA ဆိုင်ရာ ကုန်စည်အုပ်စုများကို သတ်မှတ်ရေးတို့အတွက် အမြင်ချင်းဖလှယ်၍ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့်အာဆီယံနှင့် လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကိုချုပ်ဆိုဆောင်ရွက်ထားပြီးဖြစ်သော်လည်း၊ သက်ဆိုင်ရာ အာဆီယံနိုင်ငံတစ်ခုချင်းစီနှင့်နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာအခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေရေးအတွက် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကို ထပ်မံညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အပေါ်တွင် ပို့ကုန်ကဏ္ဍ၌ ၄၀ ရာခိုင်နှုန်းခန့် မှီခိုအားထားနေရခြင်းကို လျှော့ချရန် ကြိုးပမ်းဆောင်ရွက်လိုခြင်းကလည်း အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် အာရှ၏ စတုတ္ထစီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံအတွက် အဆင့် ၅၈ ရှိပို့ကုန် အများဆုံးတင်ပို့ရာဒေသဖြစ်ပြီး Korea International Trade Association (KITA) ၏ စာရင်းများအရ ၂၀၁၉ ခုနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည်အမေရိကန်ဒေါ်လာ ၁ ဘီလီယံသို့ ရောက်ရှိခဲ့ကာ ၂၀၁၈ ခုနှစ်ကထက် ခြောက်ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အဓိကအားဖြင့် တောင်ကိုရီးယားနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ကုန်တင်ယာဉ်၊ အချိုရည်နှင့် ချည်မျှင်/ အဝတ်အထည်များကို တင်ပို့လျက်ရှိကြောင်းသိရှိရသည်။ ၂၀၁၉ ခုနှစ်တွင် အာဆီယံနိုင်ငံများသို့ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၆၉၇ သန်းရှိခဲ့ပြီး ၂၀၁၈ ခုနှစ်ကထက် ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရှိရသည်။

ကိုရီးယားသမ္မတနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ် မှုသဘောတူညီချက်စာချုပ်များကို ဗီယက်နမ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့နှင့်ချုပ်ဆိုခဲ့ပြီးဖြစ်ရာ ယခုဆွေးနွေးညှိနှိုင်းမှုပြီးမြောက်၍ သဘောတူညီချက်စာချုပ်အား လက်မှတ်ရေးထိုးပြီးပါက ကမ္ဘောဒီးယားနိုင်ငံသည်လည်း တောင်ကိုရီးယားနိုင်ငံ၏အရှေ့တောင်အာရှဒေသရှိ FTA ကုန်သွယ်ဖက်နိုင်ငံစာရင်းဝင်ဖြစ်လာမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယား ပို့ကုန်လုပ်ငန်းရှင်များအတွက် အဆင်ပြေစေမည့် စီးပွားရေးဝန်းကျင်တစ်ခုကို ဖန်တီးပေးလျက် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဟုယုံကြည်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံနှင့် FTA ဆိုင်ရာ တရားဝင် ဆွေးနွေးညှိနှိုင်းခြင်းများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် (၅)ကြိမ်မြောက်ဆောင်ရွက်ခဲ့ပြီးဖြစ်ပြီး မလေးရှားနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုများမှာလည်း တိုးတက်မှုရှိကြောင်း သိရသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံနှင့်လည်း The Comprehensive Economic Partnership Agreement (CEPA) ကို အတည်ပြုလက်မှတ်ရေးထိုးပွဲ ကျင်းပနိုင်ရန် စောင့်ဆိုင်းလျက်ရှိကြောင်း ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ဖော်ပြောကြားချက်များအရ သိရှိရသည်။

**Source: The Korea Times**

**ဝင်းပပသူ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်မှုစာချုပ် ပြန်လည်သုံးသပ်မှုအား ဆောလျင်စွာဆောင်ရွက်ရေး တိုက်တွန်း

(၁၇) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၉ ရက်က ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပရာတွင် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Piyush Goyal က အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်အား ပြန်လည်သုံးသပ်ခြင်းကို ဆောလျင်စွာဆောင်ရွက်ရေး တိုက်တွန်းပြောကြားခဲ့သည်။



အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဩဂုတ် ၃၀ ရက် သတင်းထုတ်ပြန်ချက်တွင် အိန္ဒိယဝန်ကြီး Mr. Piyush Goyal သည် ဗီယက်နမ် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Tran Tuan Anh နှင့်အတူ ပူးတွဲသဘာပတိဥက္ကဋ္ဌအဖြစ် အဆိုပါအစည်းအဝေး၌ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှကုန်သွယ်ရေးဝန်ကြီးများ တက်ရောက်ခဲ့ကြပြီးCOVID-19 ကပ်ရောဂါ၏ စီးပွားရေးအပေါ် သက်ရောက်မှုအား လျော့ပါးသက်သာစေရေး ပူးပေါင်းဆောင်ရွက်မှုများ၊ မေခရိုစီးပွားရေး၊ ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် ကုန်ထုတ်လုပ်မှုကွင်းဆက် ချိတ်ဆက်မှု ခိုင်မာရေးလုပ်ငန်းများ၊ အထူးသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စည်းမျဉ်းများနှင့်အညီ အရေးကြီးကုန်စည်များနှင့် ဆေးဝါးများအား ဒေသတွင်း၌ လွတ်လပ်စွာ စီးဆင်းမှုရှိစေရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကတိကဝတ်ထားရှိမှုများအပေါ် ထပ်လောင်းအတည်ပြုခဲ့ကြကြောင်း၊ လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက် (FTA) များသည် ပါဝင်သည့်နိုင်ငံများအားလုံးအတွက် အပြန်အလှန်အားဖြင့် အကျိုးဖြစ်ထွန်းရန်လိုအပ်မှု၊ ပင်ရင်းနိုင်ငံ စည်းမျဉ်းသတ်မှတ်ချက်များ ခိုင်မာအားကောင်းရန် လိုအပ်မှုနှင့် ဈေးကွက်ဝင်ရောက်နိုင်မှုကို အထောက်အကူပြုရန်အတွက် အကောက်ခွန်မဟုတ်သော ကုန်သွယ်ရေးအတားအဆီးများအား ဖယ်ရှားရန်လိုအပ်မှုစသည်တို့အပေါ် ဝန်ကြီး Mr. Goyal က အလေးပေးဆွေးနွေးကြောင်း၊ ထို့ပြင် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (AITIGA) အား ပြန်လည် သုံးသပ်ရေး အိန္ဒိယ၏ စွဲမြဲသည့်ရပ်တည်ချက်အား ထပ်လောင်း အတည်ပြုလျက် သုံးသပ်မည့် နယ်ပယ်များ ညှိနှိုင်းသတ်မှတ်ခြင်းကို ၂၀၂၀ ပြည့်နှစ်နိုဝင်ဘာလ၌ ကျင်းပမည့် အာဆီယံ-အိန္ဒိယ ထိပ်သီးဆွေးနွေးပွဲမတိုင်မီ အပြီးဆောင်ရွက်ရေး၊ ယခုနှစ်ကုန်တွင် AITIGA ပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ်အား အပြည့်အဝ စတင်ဆောင်ရွက်နိုင်စေရေး တိုက်တွန်းပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (FICCI) က ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် အာဆီယံ-အိန္ဒိယ စီးပွားရေးကောင်စီ (AIBC) သည် နှစ်ဦးနှစ်ဘက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရန်အတွက် AITIGA သဘောတူညီချက်အား ပြန်လည်သုံးသပ်ရန် ထောက်ခံတင်ပြထားသည့်အစီရင်ခံစာကိုအာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေးမစတင်မီ တင်သွင်းခဲ့ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက AITIGA ကို ပြန်လည်သုံးသပ်ရန် သဘောတူညီခဲ့ကြပြီး ၎င်းတို့၏ အဆင့်မြင့် အရာရှိများအား သုံးသပ်မည့်နယ်ပယ်များသတ်မှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှုများကို စတင်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ကြသည်။

အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (AITIGA) အား ၂၀၀၉ ခုနှစ်တွင် လက်မှတ်ရေးထိုးလျက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် နောက်ပိုင်းတွင် နှစ်ဖက်ကုန်သွယ်မှုမှာ ပိုမိုတိုးတက်လာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အိန္ဒိယ၏အာဆီယံနိုင်ငံများသို့ ပို့ကုန်တန်ဖိုး နှစ်စဉ်ထပ်ဆင့်တိုးတက်နှုန်း ငါးရာခိုင်နှုန်းရှိပြီး အာဆီယံနိုင်ငံများထံမှ သွင်းကုန်တန်ဖိုး နှစ်စဉ်ထပ်ဆင့် တိုးတက်နှုန်းရှစ်ရာခိုင်နှုန်းရှိကြောင်း အိန္ဒိယနိုင်ငံရှိ PHDCCI ကုန်သည်အသင်းက ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်သည့် အိန္ဒိယ၏ အာဆီယံဒေသ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအစီရင်ခံစာတွင် ဖော်ပြထားသည်။ အိန္ဒိယ ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာန၏ စာရင်းများအရ အိန္ဒိယ၏ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုမှာ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်၌ ပို့ကုန်တန်ဖိုး ဒေါ်လာ ၂၄ ဒသမ ၉၈ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး ဒေါ်လာ ၃၆ ဒသမ ၉၇ ဘီလီယံရှိရာမှ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၃၇ ဒသမ ၄၇ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး ဒေါ်လာ ၅၉ ဒသမ ၃၂ ဘီလီယံအထိ တိုးတက်လာခဲ့သော်လည်းကုန်သွယ်မှု လိုငွေပမာဏမှာ ကြီးမားစွာဖြစ်ပေါ်လျက်ရှိသည်။

ပင်ရင်းနိုင်ငံစည်းမျဉ်းသတ်မှတ်ချက်များကို မလျော်ကန်စွာအသုံးချမှုများက အိန္ဒိယနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်မှုဖြစ်ပေါ်စေလျက်ရှိရာ အစိုးရသည် AITIGA ကုန်သွယ်မှု သဘောတူညီချက်ကို ဆောလျင်စွာ ပြန်လည်သုံးသပ်မှုပြုနိုင်ရန် လိုလားလျက်ရှိကြောင်း၊ အမည်မဖော်လိုသူ ဌာနဆိုင်ရာအရာရှိတစ်ဦးက အိန္ဒိယနှင့် FTA လက်မှတ်ရေးထိုးထားသည့် တတိယနိုင်ငံ တစ်ခုကို ဖြတ်သန်း၍ မြောက်မြားစွာသော တရုတ်နိုင်ငံမှထုတ်လုပ်သည့်ကုန်ပစ္စည်းများသည် စုပုံဝင်ရောက်လျက်ရှိသည်ဟု ပြောဆိုကြောင်းဖြင့် Hindustan Times သတင်းဌာနမှ ဖော်ပြသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သည့်ကုန်စည်အပေါ် AITIGA သဘောတူညီချက်အရ အခွန်သက်သာခွင့်ရရှိရန်မှာ အဆိုပါနိုင်ငံ၌ အနည်းဆုံးထပ်ဆင့်တန်ဖိုးပါဝင်ထုတ်လုပ်မှု ၃၅ ရာခိုင်နှုန်း ရှိရမည်ဖြစ်သည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

Source: 1. 17th ASEAN-India Economic Ministers' Consultations held, 30 Aug 2020, Press Information Bureau of India

2. Goyal asks Asean to bolster rules, 30 Aug 2020, Hindustan Times

# ဂျပန်နိုင်ငံ၏ စားသောက်ကုန်နှင့်လယ်ယာထွက်ကုန်များ တင်သွင်းမှုဆိုင်ရာ စံချိန်စံညွှန်းနှင့် စည်းမျဉ်းစည်းကမ်းများကို လေ့လာတင်ပြခြင်း

(ယခင်တစ်ပတ်ကအဆက်)

Foodborne pathogens ဗိုင်းရပ်စ်များကို ရေဒီယိုဓာတ်ရောင်ခြည်ကိုအသုံးပြု၍ ဖယ်ရှားခြင်းကို နိုင်ငံအတော်များများတွင် ဆောင်ရွက်နေကြသော်လည်း ဂျပန်နိုင်ငံကမူ ထိုသို့ဆောင်ရွက်ခြင်းကို ခွင့်ပြုမထားပါ။ ခြွင်းချက်တစ်ခုအနေဖြင့် အာလူးများ အညှောက်ဖောက်ခြင်းတွင် ဓာတ်ရောင်ခြည် အသုံးပြုခြင်းကိုသာ ခွင့်ပြုထားသည်။ သို့သော် ထိုသို့ဆောင်ရွက်ထားကြောင်းကို အညွှန်းစာဖြင့် ဖော်ပြပေးထားရမည်။ စားသောက်ကုန်များတွင် ရေဒီယိုသတ္တိကြွပါဝင်မှုစစ်ဆေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေပြီး မွေးမြူရေးစားသောက်ကုန်များ (အသားများနှင့်နို့ထွက်ပစ္စည်းများ)၊ ပင်လယ်စာ(ငါးများနှင့် အခွံပါရေသတ္တဝါများ)၊ စိုက်ပျိုးရေးထွက်ကုန်များ (ဟင်းသီးဟင်းရွက်များ၊အသီးများနှင့်အစေ့အဆန်များ)၊ မွေးမြူရေးစားသောက်ကုန်၊ပင်လယ်စာနှင့်လယ်ယာထွက်ကုန်တို့ကို အသုံးပြု၍ ထုတ်လုပ်ပြုပြင်ထားသည့် စားသောက်ကုန်များနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်နေသည်။

### ထုပ်ပိုးခြင်းနှင့် ထည့်သိုသည့်ပစ္စည်းဆိုင်ရာ စည်းမျဉ်းများ

MHLW ၏ စားသောက်ကုန်သန့်ရှင်းရေးအက်ဥပဒေ၊ အပိုဒ် ၁၆ တွင် စားသောက်ကုန်ထုပ်ပိုးခြင်းနှင့် ထည့်သိုသည့် အရာများတွင် အဆိပ်၊ ဘေးဥပဒ်ဖြစ်စေသည့်အရာများ၊ လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် ထုပ်ပိုးမှုများဖြင့် ရောင်းချခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းကို မည်သူမျှ ဆောင်ရွက်ခြင်းမပြုရန် ဖော်ပြထားသည့် အချက်နှင့်အညီ MHLW သည် synthetic resins အသုံးပြုထားသည့် ဘူးခွံများ၊ သတ္တုဘူးခွံများ၊ ဖန်၊ ကြွေထည်၊ မြေထည်နှင့် ရော်ဘာတို့ကို အသုံးပြုသည့် ထုပ်ပိုးပစ္စည်းများနှင့်သက်ဆိုင်သည့် စံသတ်မှတ်ချက်များ ချမှတ်ကာ စစ်ဆေးဆောင်ရွက်နေသည်။

ပုဂ္ဂလိကလုပ်ငန်းများဆောင်ရွက်သူများအနေဖြင့် Recycling ပြုလုပ်ဆောင်ရွက်သည့် ကုန်ကျစရိတ်အားလုံးကို ကျခံရန် လိုအပ်သည်။ တင်သွင်းလာသည့် ထုတ်ကုန်များအတွက် recycling ဆောင်ရွက်မှုကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်းကို တင်သွင်းသူက ကျခံရမည်ဖြစ်ပြီး တင်သွင်းသည့်ကုန်ပစ္စည်းအတွက် အသုံးပြုထားသည့် ထုပ်ပိုးမှု၊ ထည့်သိုသည့် ပစ္စည်းများအားလုံးအတွက် သင့်လျော်သည့် recycling အညွှန်းစာများဖြင့် ဖော်ပြပေးရပါမည်။ အဆိုပါ ထုတ်ကုန်များ တင်သွင်းမှုနှင့်ပတ်သက်၍ သတ်မှတ်ချက် အသေးစိတ်ကို METI ၏ အင်တာနက်စာမျက်နှာရှိ Containers and Packaging Recycling Law ခေါင်းစဉ်အောက်တွင် အသေးစိတ်ဖော်ပြထားသည်။

### အညွှန်းစာတပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် စားသောက်ကုန် အညွှန်းတပ်ခြင်းဥပဒေအရ ဂျပန်နိုင်ငံသို့ တင်သွင်းမည့် ထုတ်လုပ်ပြုပြင်ထားသည့် စားသောက်ကုန်ပစ္စည်းများအတွက် မဖြစ်မနေဆောင်ရွက်ရမည့် စားသောက်ကုန်ဆိုင်ရာ အညွှန်းစာတပ်ခြင်း၊ Fresh Food များအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် အညွှန်းစာ တပ်ခြင်း၊ စားသောက်ကုန်၌ ဖြည့်စွက်သည့် ပစ္စည်းများအတွက် အညွှန်းစာတပ်ခြင်း၊ ဇီဝနည်းပညာဆိုင်ရာ အညွှန်းစာတပ်ခြင်း၊ ပင်ရင်းဒေသထုတ်ကုန်ဆိုင်ရာ အညွှန်းစာတပ်ခြင်း၊ အရက်နှင့် အဖျော်ယမကာများအတွက် အညွှန်းစာတပ်ခြင်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများအတွက် အညွှန်းစာတပ်ခြင်း၊ အာဟာရတန်ဖိုးဆိုင်ရာ အညွှန်းစာတပ်ခြင်းများ၊ ဒေသဆိုင်ရာ အညွှန်းတပ်ခြင်းစသည်ဖြင့် အမျိုးအစားအသီးသီးအတွက် အညွှန်းစာတပ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်နေသည်။

### အခြားသော စံသတ်မှတ်ချက်များ

အခြားသောစံသတ်မှတ်ချက်များအနေဖြင့် ဇီဝနည်းပညာအသုံးပြုစားသောက်ကုန်များ တင်သွင်းခြင်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် စားသောက်ကုန်ဘေးကင်းရေးအကြောင်းအရာ နှစ်ခုစလုံးအပေါ် အကဲဖြတ်မှုစစ်ဆေးမှုပြုလုပ်ပြီးမှ ဂျပန်နိုင်ငံသို့ တင်ပို့ရန် သတ်မှတ်ထားသည်။ အော်ဂဲနစ်စားသောက်ကုန်များအတွက် MAFF က ဂျပန်နိုင်ငံ စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ စံချိန်စံညွှန်းများ ဥပဒေနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နေသည်။

**နန္ဒာဝင်း (စီးပွားရေးသံမှူး)**

စိုက်ပျိုးရေးထွက်ကုန်များနှင့် ပတ်သက်၍ မက်မွန်သီး၊ငရုတ်ပွ၊ ငရုတ်သီး၊ ခရမ်းသီး၊ သစ်တော်သီး၊ မုန်လာဥ၊ ကန်စွန်းဥနှင့် ဝဉ စသည့် သစ်သီးအစိုများနှင့် ဟင်းသီးဟင်းရွက်အစိမ်းများကို ဂျပန်နိုင်ငံ၏ Quarantine law အရ လက်ရှိတွင် ဂျပန်နိုင်ငံအတွင်းသို့ တင်သွင်းခွင့်ကို ပိတ်ပင်ထားသည်။ အေးခဲသစ်သီးများနှင့် ဟင်းသီးဟင်းရွက် များကို (အစိမ်းအတိုင်း အေးခဲထားသည့်ပုံစံ)ဖြင့် တင်သွင်းခွင့်ပြုထားသည်။ သို့သော် ကုန်ပစ္စည်းတင်ပို့သူ၏ invoice တွင် အောက်ပါအချက်များကို ဖော်ပြထားရပါမည် -

(က) ကုန်ပစ္စည်းကို အေးခဲထားသည့် နေ့စွဲ

(ခ) အေးခဲထားသည့် အပူချိန် ( အနည်းဆုံး သုညဒီဂရီ ဖာရင်ဟိုက် ဖြစ်ရမည်)

(ဂ) တင်ပို့သည့် ကုမ္ပဏီမှ ကိုယ်စားလှယ်/တာဝန်ခံအမည်နှင့် လက်မှတ်

(ဃ) ကုမ္ပဏီအမျိုးအစားနှင့် အမည်

(င) တင်ပို့သည့်နေ့ရက်လက်မှတ်

(စ) ကုန်ပစ္စည်း အဓိပ္ပာယ်ဖွင့်ဆိုချက်/သတ်မှတ်ချက်

(ဆ) တင်ပို့မည့် ကုန်ပစ္စည်းပမာဏ

သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံ စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ စံချိန်စံညွှန်းများ (JAS) အရ MAFF က ကြီးကြပ်ဆောင်ရွက်နေပြီး ဆောက်လုပ်ရေးလုပ်ငန်း အသုံးပြုရန်အတွက်ဖြစ်ပါက Building Standards Law (BSL) နှင့်အညီ ထိုသစ်တောထွက်ထုတ်ကုန်များသည် JAS အရ အတည်ပြုပြီးဖြစ်ကြောင်း သက်သေပြရန် လိုအပ်ပါသည်။ အလားတူမြေယာ၊ အခြေခံအဆောက်အဦ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားဝန်ကြီးဌာန MLIT ၏ ခွင့်ပြုမိန့်ကိုလည်း တောင်းခံရန် လိုအပ်ပါသည်။ ထို့အပြင် အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများအတွက် အသုံးပြုမည့် သစ်သားနှင့် ပြုလုပ်သည့် ထုတ်ကုန်များ တရားဝင်ဝယ်ယူခြင်းဖြစ်ကြောင်း သက်သေခံမှုများအတွက် ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနက Green Purchasing Act နှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးပါသည်။

### အခြားစစ်ဆေးမှုများဆိုင်ရာ လိုအပ်ချက်များ

ဂျပန်နိုင်ငံအစိုးရသည် စစ်ဆေးမှုများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံအတွင်းသို့ သွင်းကုန်များ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရန် စီမံဆောင်ရွက်ပေးနေပါသည်။ Pre-export testing ဆောင်ရွက်ရန် မလိုတော့သော်လည်း ထုတ်ကုန်အသစ်အား ဂျပန်နိုင်ငံသို့ တင်ပို့မည်ဆိုပါက Pre-export testing ဆောင်ရွက်ခြင်းသည် များစွာ အထောက်အကူ ဖြစ်စေနိုင်ပါမည်။ MHLW က ဂျပန်နိုင်ငံမှ တင်သွင်းသူအား တင်သွင်းလိုသည့် ကုန်ပစ္စည်းနမူနာ အနည်းငယ်ကို ဂျပန်နိုင်ငံ အကောက်ခွန်ဌာနနှင့် ဆိပ်ကမ်းများရှိ MHLW မှ တာဝန်ခံ စစ်ဆေးသူများထံ ပေးပို့၍ သတ်မှတ်စည်းမျဉ်းများနှင့်အညီ ဖြစ်ကြောင်း အာမခံနိုင်ရေးစစ်ဆေးရန် တိုက်တွန်းထားသည်။

ဂျပန်နိုင်ငံရှိ စီရင်စုဒေသများရှိ ကျန်းမာရေးအာဏာပိုင်များ (စစ်ဆေးသူပေါင်း ၇၀၀၀ ကျော်)သည် ပြည်တွင်းရှိကုန်ပစ္စည်းများနှင့် ဒေသခံလက်လီရောင်းချသူများက ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို နမူနာယူကာ အလျဉ်းသင့်သလို စစ်ဆေးဆောင်ရွက်နေကြသည်။ အဆိုပါ စစ်ဆေးမှုနည်းလမ်းအသေးစိတ်အား MHLW ၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ တစ်ခါတစ်ရံ၌ ဂျပန်အစိုးရ (ဆိပ်ကမ်းစစ်ဆေးရေးအာဏာပိုင်) များနှင့် တင်သွင်း/ဖြန့်ချိသူများအကြား ဂျပန်အစိုးရ၏ သတ်မှတ်ထားသည့် စံနှုန်းနှင့် အညီဖြစ်စေရေးစစ်ဆေးရာတွင် အယူအဆကွဲလွဲမှုများ ရှိနိုင်သည်။ သို့အတွက် ဂျပန်သို့ပို့ကုန်တင်ပို့လိုသူများအနေဖြင့် ဂျပန်အစိုးရ၏ ချမှတ်ထားသည့် မဖြစ်မနေ လိုက်နာစစ်ဆေးခံရန် သတ်မှတ်ချက်များနှင့် တင်သွင်းသူများက ၎င်းတို့၏ စီးပွားရေးလုပ်ငန်းအတွက် ကရိကထ နည်းပါးစေရန် ဆောင်ရွက်လိုမှု သဘောထားများအကြား သတိပြုကာ ဆောင်ရွက်ရမည်ဖြစ်သည်။

### တင်သွင်းမှုနည်းလမ်းများ

ဂျပန်နိုင်ငံအတွင်းသို့ စားသောက်ကုန်များနှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များ တင်သွင်းလိုသည့် ကုမ္ပဏီများအနေဖြင့် MHLW ၏ ပိုးမွှားစစ်ဆေးရေးဌာနများအနက်တစ်ခုဖြစ်သည့် စားသောက်ကုန်သန့်ရှင်းမှုစစ်ဆေးရေးဌာနခွဲသို့ အသိပေးတင်ပြစာ တင်ပြရမည်။ အဆိုပါ ဌာနခွဲက စားသောက်ကုန်သန့်ရှင်းရေးအက်ဥပဒေအရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်ပြီး ကုန်ပစ္စည်းနမူနာများအား သက်ဆိုင်ရာ ဓာတ်ခွဲခန်းများသို့ ပေးပို့စစ်ဆေးစေပြီး စည်းမျဉ်းနှင့်ညီညွတ်ပါက ဂျပန်နိုင်ငံသို့ တင်သွင်းခွင့်ရရှိမည်ဖြစ်သည်။ နမူနာအဖြစ် တင်သွင်းလာသည့် ကုန်ပစ္စည်းများ သို့မဟုတ် "internal company consideration" အနေဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အသိပေးတင်ပြစာ တင်ပြရန်မလိုပါ။ သို့သော် ကုန်ပစ္စည်းအပေါ် မူတည်၍ အကောက်ခွန်အရာရှိများအား ထိုကုန်ပစ္စည်းသည် "internal company consideration" အနေဖြင့်သာ နမူနာတင်သွင်းလာခြင်းဖြစ်ကြောင်း အထောက်အထားပြသရန်လိုအပ်သည်။ နမူနာတင်သွင်းလာသည့်ပစ္စည်းများအတွက် ပမာဏကို ကန့်သတ်မထားသော်လည်း နမူနာဟူသည့် ဆိုလိုချက်နှင့်အညီ ယုတ္တိတန်သည့် ပမာဏကိုသာ တင်သွင်းခွင့်ပြုပါမည်။ ဂျပန်နိုင်ငံသို့ ကုန်ပစ္စည်းတင်သွင်းရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများ တင်ပြရန် လိုအပ်သည်-

(က) သွင်းကုန်ကြေငြာလွှာ (နှစ်စောင်)

(ခ) ပို့ကုန်သက်သေခံလက်မှတ် (လိုအပ်ပါက)

(ဂ) စစ်ဆေးမှုရလဒ်( လိုအပ်ပါက)

(ဃ) ပါဝင်သည့်ပစ္စည်းများ၊ဖြည့်စွက်ပစ္စည်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ် (ကုန်ထုတ်လုပ်သူ သက်သေခံလက်မှတ်)

(ဆက်လက်ဖော်ပြပါမည်။)

## ဩဂုတ်လတွင် ယူရိုဇုန်၏ငွေကြေးဖောင်းပွမှုနှုန်း သုညအောက်သို့ ကျဆင်း

ယူရိုဇုန်၏ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် သုညအောက်သို့ ကျဆင်းခဲ့ကြောင်း အီးယူ၏ စာရင်းအင်းရုံး (Eurostat) ၏ခန့်မှန်းချက်များအရသိရသည်။ ဩဂုတ်လတွင် ယူရိုဇုန်၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ(- သုည ဒသမ ၂) ရာခိုင်နှုန်းရှိခဲ့သည်ဟု ခန့်မှန်းထားပြီး ဇူလိုင်လ၏ငွေကြေးဖောင်းပွမှုနှုန်း သုည ဒသမ ၄ ရာခိုင်နှုန်းမှ ကျဆင်းခဲ့ခြင်းဖြစ်သည်။ Eurostat အရ ဘယ်လ်ဂျီယံနိုင်ငံ၏ ဩဂုတ်လငွေကြေးဖောင်းပွမှုနှုန်းထားမှာ (-သုည ဒသမ ၉) ရာခိုင်နှုန်းရှိခဲ့သည်။

ဩဂုတ်လတွင် ယူရိုဇုန်၏ငွေကြေးဖောင်းပွမှုနှုန်းထား ယင်းသို့ဖြစ်ပေါ်ခဲ့ရခြင်းမှာ ဘယ်လ်ဂျီယံနိုင်ငံအပါအဝင် ဥရောပရှိ နိုင်ငံအများအပြားသည် ၎င်းတို့၏ sales periods များကို ဩဂုတ်လသို့ပြောင်းလဲ၍ ရောင်းချခဲ့ခြင်းကြောင့်ဖြစ်သည်ဟု Eurostat ကထောက်ပြခဲ့သည်။ အစားအစာ၊ အယ်လ်ကိုဟောနှင့် ဆေးရွက်ကြီး ကုန်စည်များသည် ဩဂုတ်လတွင် နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်း ၁ ဒသမ ၇ ရာခိုင် နှုန်းဖြင့် အမြင့်ဆုံးဖြစ်သည်ဟုခန့်မှန်းထားပြီး ဇူလိုင်လတွင် ၂ ဒသမ သုည ရာခိုင် နှုန်းရှိခဲ့သည်။ ဝန်ဆောင်မှုများ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ သုည ဒသမ ၇ ရာခိုင်နှုန်း၊ စွမ်းအင်မှအပ စက်မှုလုပ်ငန်းကုန်စည်များ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် (-သုည ဒသမ ၁) ရာခိုင်နှုန်းနှင့် စွမ်းအင် (-၇ ဒသမ ၈) ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ရင်းမြစ်-ဘရပ်ဆဲလ်တိုင်းမ်

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့။

# စင်ကာပူနိုင်ငံသည် စီးပွားရေးတံခါး ဖွင့်လှစ်ထားသည်ဟူသော ဂုဏ်သတင်းကို ဆက်လက် ထိန်းသိမ်းထားရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် ပြောကြား

ကိုဗစ်(၁၉)ကြောင့် ပြည်တွင်းလုပ်သားများ၏ အလုပ်အကိုင်ရရှိမှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်နေသည့်အတွက် စင်ကာပူနိုင်ငံ၏ နိုင်ငံခြားလုပ်သားခန့်ထားခြင်းဆိုင်ရာ မူဝါဒများကို ညှိနှိုင်းဆောင်ရွက်နေရသော်လည်း စင်ကာပူသည် နိုင်ငံခြားသားများကို ကြိုဆိုလိုခြင်းမရှိတော့ဘဲ တားမြစ်ပိတ်ပင်မှုများ ပြုလုပ်နေပြီဟု ထင်မှတ်သွားနိုင်သဖြင့် အထူးသတိပြု၍ ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြည်သူများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်ပြည့်ဝသည့် နိုင်ငံခြားလုပ်သားများကို ဆက်လက်ကြိုဆိုလျက် စင်ကာပူနိုင်ငံ၏ စီးပွားရေးတံခါးကို အမြဲဖွင့်လှစ်ထားသည်ဟူသော ဂုဏ်သတင်းကို ထိန်းသိမ်းထားရမည်ဖြစ်ကြောင်းနှင့် ထိုသို့ မထိန်းသိမ်းနိုင်ပါက စင်ကာပူနိုင်ငံ၏ဂုဏ်သတင်းအပေါ် ကြီးမားသော ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဝန်ကြီးချုပ် လီရှန်လွန်းက စက်တင်ဘာ ၂ ရက်တွင် ပါလီမန်၌ မိန့်ခွန်းပြောကြားစဉ် သတိပေးခဲ့သည်။

ဆေးဝါးကုမ္ပဏီတစ်ခုသည် စင်ကာပူတွင် ဆေးဝါးထုတ်လုပ်သော စက်ရုံတစ်ရုံတည်ဆောက်ရန် စီစဉ်နေခြင်း၊ ကပ်ရောဂါဆိုင်ရာ အာမခံလုပ်ငန်းကို အထူးပြုဆောင်ရွက်မည့် ကုမ္ပဏီတစ်ခုက စင်ကာပူတွင် လုပ်ငန်းစတင်ဆောင်ရွက်လိုခြင်း၊ နိုင်ငံအချို့တွင် နိုင်ငံရေးမတည်ငြိမ်မှုအခြေအနေများကြောင့် အမေရိကန်နိုင်ငံရှိFortune ၅၀၀ စာရင်းဝင် ကုမ္ပဏီကြီးများက ၎င်းတို့၏ ဒေသဆိုင်ရာရုံးချုပ်များကို စင်ကာပူသို့ ရွှေ့ပြောင်းဆောင်ရွက်သွားရန် စဉ်းစားသုံးသပ်နေခြင်းနှင့် ထိပ်တန်းငွေရေးကြေးရေးအဖွဲ့အစည်းများကလည်းစင်ကာပူတွင်လုပ်ငန်းများ ဆက်လက်



တိုးချဲ့ဆောင်ရွက်လိုကြခြင်း စသည်တို့သည် လက်ရှိအကျပ်အတည်းကာလအတွင်းမှ ပေါ်ပေါက်လာသော အခွင့်အလမ်းများဟု ပြောဆိုနိုင်ကြောင်း၊ နိုင်ငံအချို့တွင် ဖိအားများနှင့် နိုင်ငံရေး မတည်ငြိမ်မှုများ ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် နိုင်ငံတကာ စီမံကိန်းများဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ၎င်းတို့၏ စီမံကိန်းများကို ပြန်လည်နေရာချထားရန် ဆောင်ရွက်ကြမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများအတွက် မှန်ကန်သောနေရာကို ရှာဖွေနေကြကြောင်း၊ နိုင်ငံရေးတည်ငြိမ်သော၊ တရားဥပဒေစိုးမိုးသော၊ စည်းလုံးညီညွတ်၍ ကြိုးစားအားထုတ်မှုရှိသော နိုင်ငံများကို ရှာဖွေနေကြပြီး စင်ကာပူသည် ၎င်းတို့ ယုံကြည်စိတ်ချရသော နိုင်ငံများတွင် ပါဝင်ကြောင်း၊ ကိုရီးယားမော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီ Hyundai Motor သည် စင်ကာပူတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာကို တည်ထောင်၍ လျှပ်စစ်ကားအပါအဝင် အခြား နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု ကြေညာထားကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဤသို့ ကပ်ရောဂါကာလအတွင်းမှာပင် စင်ကာပူ၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် စိတ်ဝင်စားမှု ဖော်ပြလာကြသောအချိန်တွင် နိုင်ငံခြားလုပ်သားမူဝါဒများကို အထူးဂရုပြုဆောင်ရွက်ရန် အရေးကြီးကြောင်းနှင့် အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စင်ကာပူသို့ ဝင်ရောက်လာစေရေးမှာ ၎င်းတို့အား ကြိုဆိုမှုရှိကြောင်း သေချာစေရန်နှင့် ၎င်းတို့လိုအပ်သော စွမ်းရည်ပြည့်ဝသည့် လုပ်သားများကို ခေါ်ဆောင် ခန့်ထားခွင့်ပြုပေးရမည်ဖြစ်သည်။ ဒေသဆိုင်ရာနှင့် နိုင်ငံတကာရုံးချုပ်များသည် လုပ်ငန်းသဘောသဘာဝအရ နိုင်ငံတကာလုပ်သားများကို စုဖွဲ့ခန့်အပ်ထားရန် လိုအပ်သည့်အတွက် စင်ကာပူနိုင်ငံသားများကိုသာ ခန့်ထားနိုင်မည်မဟုတ်ကြောင်း၊ ၎င်းကုမ္ပဏီများစင်ကာပူတွင် တည်ထောင်လာခြင်းနှင့်အတူ စင်ကာပူနိုင်ငံသားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ လုပ်သားဈေးကွက်အတွင်း နိုင်ငံခြားလုပ်သားများ၏ ယှဉ်ပြိုင်မှုများအပေါ် စင်ကာပူနိုင်ငံသားများ၏ စိုးရိမ်ပူပန်မှုများကိုလည်း နားလည်နိုင်ကြောင်း၊ နိုင်ငံခြားလုပ်သားခန့်အပ်မှုအတွက် လုပ်ခလစာသတ်မှတ်ချက်များကို တင်းကျပ်ထားသောကြောင့် ပညာရှင်၊ မန်နေဂျာ၊ အမှုဆောင်အရာရှိ နှင့် နည်းပညာရှင်အဆင့် အလုပ်အကိုင်နေရာများတွင် စင်ကာပူနိုင်ငံသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိမည်ဖြစ်သည်။

သို့သော် နိုင်ငံတကာမှလည်း ပြောင်းလဲမှုအခြေအနေကို စောင့်ကြည့်နေကြပြီး နိုင်ငံခြားမီဒီယာတစ်ခုက လတ်တလောရေးသားဖော်ပြခဲ့သည့် ဆောင်းပါးများတွင် စင်ကာပူသည် အတွင်းသို့ လှည့်လာသောအခြေအနေတွင်ရှိကြောင်း ရေးသားလာကြသည်ကို သတိပြုမိကြောင်း၊ မူဝါဒများချမှတ်ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များက နိုင်ငံခြားလုပ်သားများ၏ အလုပ်အကိုင်လျှောက်ထားမှုများအပေါ် အကဲဖြတ်ရွေးချယ်ရာ၌ အရည်အသွေးပြည့်မီသော စင်ကာပူနိုင်ငံသားများအား ခွဲခြားဆက်ဆံမှုရှိ၊ မရှိကိုလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်ပြီး ဤသို့ ခက်ခဲသောကာလအတွင်း စင်ကာပူလုပ်သားအင်အားကို တိုးမြှင့်ခန့်ထားကြရန် လုပ်ငန်းရှင်များကိုလည်း နှိုးဆော်တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

စင်ကာပူ၏ ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း အစိုးရ၏ မူဝါဒများအပေါ် ထောက်ခံကြောင်းနှင့် နိုင်ငံခြားလုပ်သားခန့်ထားခြင်းဆိုင်ရာမူဝါဒများကို လွန်ကဲစွာတင်းကြပ်ခြင်းဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ် သက်ရောက်မှုများဖြစ်ပေါ်ကာ စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ထိခိုက်လာမည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များကလည်း ပြောကြားကြသည်။

**သတင်းရင်းမြစ်။ ။ The Business Times/ Today News**

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# အာရှထိပ်တန်းကုန်သွယ်မှုနိုင်ငံ အဆင့်(၅)သို့ရောက်ရှိရေး ထိုင်းနိုင်ငံ မျှော်မှန်း

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပမာဏအား ၂၀၁၉ ခုနှစ်တွင် အဆင့်(၈)နေရာတွင်ရှိနေခဲ့ရာမှ ၂၀၂၇ ခုနှစ်တွင် အာရှထိပ်တန်း ကုန်သွယ်မှုအဆင့်(၅)နေရာသို့ရောက်ရှိ မြှင့်တင်စေနိုင်ရေးအတွက် ဒစ်ဂျယ်တယ်လုပ်ငန်း၊ အစားအစာနှင့် ကျန်းမာရေး စသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းများအား အထူးအာရုံစိုက်ဆောင်ရွက်သွားရန် ရည်မှန်းချက် ချမှတ်ထားခဲ့သည်။

အဆိုပါရည်မှန်းချက်အောင်မြင်စေရန် ထိုင်းနိုင်ငံအနေဖြင့် တစ်နှစ်လျှင် ပို့ကုန်တန်ဖိုးအားအနည်းဆုံး ၁၂ ဘီလီယံ မြှင့်တင်ဆောင်ရွက်သွားရန် သို့မဟုတ် လစဉ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် SomdetSusomboon ကပြောကြားခဲ့သည်။ မိမိတို့အနေဖြင့် အဓိကအားဖြင့် အာရှဒေသကိုအထူးအာရုံစိုက်ကြောင်း၊ အကြောင်းမှာ ဒေသတွင်းရှိ ပို့ကုန်တင်ပို့သူများမှာကမ္ဘာ့ဈေးကွက်အတွက် အဓိကထောက်ပံ့တင်ပို့သူ (Suppliers) များဖြစ်နေခြင်းကြောင့်ဖြစ်သည်ဟု Mr. Somdet က ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ (ဟောင်ကောင်အပါအဝင်) အနေဖြင့် အာရှ၌နိုင်ငံတကာ ကုန်သွယ်မှုတန်ဖိုး အပေါ်အခြေခံ၍ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ထရီလီယံဖြင့်ထိပ်ဆုံးက အဆင့်(၁) ဖြင့် ဦးဆောင်လျက်ရှိကြောင်း၊ ၎င်းနောက်တွင် ဂျပန်က အမေရိကန်ဒေါ်လာ ၇၀၅ ဒသမ ၅၆ ဘီလီယံဖြင့် အဆင့်(၂)နေရာက လိုက်ပါလျက်ရှိနေကြောင်း၊ ထို့နောက် တောင်ကိုရီးယားက အမေရိကန်ဒေါ်လာ ၅၄၂ ဒသမ ၂၃ဘီလီယံဖြင့် အဆင့်(၃)ဖြင့် ဆက်လိုက်နေပြီး စင်ကာပူက အမေရိကန်ဒေါ်လာ ၃၉၀ ဒသမ ၄၂ဘီလီယံဖြင့် အဆင့်(၄)၊ အိန္ဒိယက အမေရိကန်ဒေါ်လာ ၃၂၄ ဒသမ ၂၀ ဘီလီယံဖြင့် အဆင့်(၅)၊ ထိုင်ဝမ်က အမေရိကန်ဒေါ်လာ(၃၀၅ ဒသမ ၀၆ ဘီလီယံဖြင့် အဆင့်(၆) နေရာ၌ ရပ်တည်လျက်ရှိပြီး ဗီယက်နမ်က အမေရိကန်ဒေါ်လာ ၂၆၄ ဒသမ ၂၆ ဘီလီယံ ဖြင့် အဆင့်(၇) နေရာတွင် ရှိကာ ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၂၄၅ ဒသမ ၂၄ဘီလီယံဖြင့် အဆင့်(၈)နေရာတွင် ရှိခဲ့ကြောင်း၊ ၎င်း မှာယမန်နှစ်က ကမ္ဘာ့ပို့ကုန်တင်ပို့သူများအဆင့်တွင် ၂၃ နေရာ၌ ရှိခဲ့ခြင်းဖြစ်သည်။

Mr. Somdet က ထိုသို့ဖြစ်ရခြင်းအတွက်အဓိက ပံ့ပိုးပေးသည့်အချက်များမှာအရှေ့ပိုင်းစီးပွားရေးစင်္ကြံရှိ S-curved စက်မှုလုပ်ငန်းများကို အထောက်အပံ့ပြုပေးသည့် အစိုးရ၏ မူဝါဒများနှင့် COVID-19ဖြစ်ပွားမှု အပေါ်တားဆီးနိုင်သည့်အစိုးရ၏ စွမ်းဆောင်ရည်များကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရမှ Target ထားရှိသည့် S-curved စက်မှုလုပ်ငန်းများမှာ မော်တော်ကား၊ စမတ်အီလက်ထရွန်နစ်၊ Medical and wellness ခရီးသွားလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေး၊ ဇီဝနည်းပညာ၊ အစားအစာ၊ စက်မှုလုပ်ငန်းသုံးအတွက် စက်ရုပ်များ (Robotics for Industry)၊ ဇီဝလောင်စာဆီနှင့် ဇီဝဓာတုဗေဒ၊ ဒစ်ဂျစ်တယ်ဆေးဝါးကုသမှုဝန်ဆောင်မှုလုပ်ငန်းများနှင့် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတို့ဖြစ်သည်။

Mr. Somdet ၏ ပြောကြားချက်အရ ဦးစီးဌာနအနေဖြင့် ဈေးကွက် သစ်များရရှိရေးနှင့် ထုတ်ကုန်အမျိုးအစား ကွဲပြားခြားနားတိုးတက်ရေး (Production Diversification)တို့အတွက် ရေတို၊ အလယ်အလတ်နှင့် ရေရှည်စီမံချက်များချမှတ်၍ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ မဟာဗျူဟာစီမံချက်အသစ် များတွင် Online Channels များအသုံးပြု၍ ထုတ်ကုန်များအားပိုမို တင်ပို့ဆောင်ရွက်သွားခြင်းဖြင့် လုပ်ငန်းရှင်များအား ကူညီသွားရန်လည်း ပါဝင်ပါသည်။

အလယ်အလတ်နှင့် ရေရှည် စီမံကိန်းများတွင် Trade.com website အား အသုံးပြု၍ ပြည်ပပို့ကုန်အား မြှင့်တင်ဆောင်ရွက်သွားရန်နှင့်အွန်လိုင်း စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများ(Online Business Matching) များအား တိုးချဲ့ဆောင်ရွက်သွားရန်၊ ဈေးကွက်ဦးဆောင်သည့် ထုတ်လုပ်မှုမဟာဗျူဟာ (Marketing-led Production Strategy) အရ ချန်ပီယံထုတ်ကုန်များအား ရွေးချယ်၍ Virtual Trade Fair လှုပ်ရှားမှုများနှင့် Overseas online platform များပြုလုပ်ဆောင်ရွက်သွားရန်တို့ပါဝင်သည်။

ထပ်မံ၍ ကမ္ဘာတစ်ဝန်း၌ရှိနေသော ထိုင်းကုန်သွယ်မှုစင်တာ (58 World wide Thai Trade Centres) ပေါင်း ၅၈ ခုတို့ အနေဖြင့် ပုဂ္ဂလိကများနှင့်အတူ ပူးပေါင်း၍ ဈေးကွက်သစ်များ ရရှိရေးအတွက် တိုင်းပြည်၏အရောင်းဌာနတာဝန်ခံကိုယ်စားလှယ်များအဖြစ်အဓိကလှုပ်ရှားဆောင်ရွက်သွားကြလိမ့်မည်ဖြစ်သည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဗန်ကောက်မြို့**

# ဂျပန်နိုင်ငံတွင် ကားပျံ လက်တွေ့စမ်းသပ်ပျံသန်းခဲ့

ဂျပန်နိုင်ငံရှိစွန့်ဦးကုမ္ပဏီတစ်ခုဖြစ်သည့် Sky Drive သည် လူလိုက်ပါ၍ ပျံသန်းမောင်းနှင်နိုင်သည့် ကားပျံစမ်းသပ်ပျံသန်းမှုကိုသတင်းထောက်များ၏ ရှေ့မှောက်တွင် လက်တွေ့ပျံသန်းပြသခဲ့သည်။

အဆိုပါယာဉ်သည် ဒရုန်းကဲ့သို့တွန်းအားပေးသည့် ပန်ကာများကိုအသုံးပြု ပျံသန်းခြင်းဖြစ်သည်။ တိုကျိုအခြေစိုက် ကုမ္ပဏီဖြစ်သည့် Sky Drive သည် ၎င်းတို့ တီထွင်ထုတ်လုပ်ထားသော ကားပျံနှင့်ပတ်သက်သည့် ကနဦး စမ်းသပ်ပျံသန်းမှုများကို ပြီးခဲ့သည့် ဒီဇင်ဘာလမှစတင်၍ အအိချိစီရင်စု၊ တိုယိုတာမြို့တွင် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ အဆိုပါကုမ္ပဏီသည် တိုယိုတာမော်တော်ကုမ္ပဏီမှ ဝန်ထမ်းဟောင်းများနှင့် အခြားနည်းပညာဖန်တီးသူများ စုပေါင်းတည်ထောင်ထားခြင်း ဖြစ်သည်။



မီဒီယာများကို ပြသရာတွင် စမ်းသပ်မောင်းနှင်ခဲ့သည့် မောင်းနှင်သူသည် အဆိုပါ ကားပျံယာဉ်၏ ထိန်းချုပ်မှုကိရိယာကို အသုံးပြုကာ မောင်းနှင်ခဲ့ကြောင်း၊ ကား၏အရှည်မှာ လေးမီတာခန့်နှင့် အမြင့်မှာမူ နှစ်မီတာခန့်ရှိကြောင်း၊ အဆိုပါကားပျံတွင် ပန်ကာရှစ်လုံးဖြင့် လည်ပတ်ခဲ့ပြီး မြေပြင်မှနှစ်မီတာ အမြင့်အထိ တစ်နာရီကို လေးကီလိုမီတာနှုန်းဖြင့် မြင့်တက်ကာလှည့်ပတ်ပျံသန်းနိုင်ခဲ့ကြောင်းသိရသည်။

ယခုကဲ့သို့ လူလိုက်ပါမောင်းနှင်နိုင်သော မော်တော်ကားစမ်းသပ်ပျံသန်းမှုကို အောင်အောင်မြင်မြင် တီထွင်နိုင်မှုကို ၎င်းတို့က ဂျပန်နိုင်ငံတွင် ပထမဦးဆုံး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း Sky Drive ကုမ္ပဏီအရာရှိများက ဆိုသည်။

ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချပြီး ဒေသတွင်းခရီးသွားလာမှုများတွင် ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်ခြင်းသည် အရေးပါလာသည့်အတွက် ကားပျံများ တီထွင်ဖန်တီးမှုကို ကမ္ဘာတစ်ဝန်း မျှော်လင့်စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

Sky Drive ကုမ္ပဏီသည် အနာဂတ်ကာလ ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံအတွင်းရှိ စီရင်စုဒေသများတွင် တက္ကစီအငှားယာဉ်အဖြစ် ကားပျံဝန်ဆောင်မှုကို စတင်အကောင်အထည်ဖော်ရန် စီစဉ်ထားကြောင်းနှင့် ၂၀၂၈ ခုနှစ်တွင်လည်း ကိုယ်တိုင်မောင်း ကားပျံဝန်ဆောင်မှုကို စတင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့။**

# ဘားအံမြို့ မြို့မဈေးရှိ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ဈေးကွက်စောင့်ကြည့်စစ်ဆေး

ဩဂုတ် ၂၈ ရက်တွင် ကရင်ပြည်နယ် ပြည်နယ်ဦးစီးမှူးရုံး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ခင်ခန့်ခန့်ခိုင် ဦးဆောင်၍ မိတ်ဖက်ဌာနများဖြစ်သော FDA၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ဘားအံမြို့ မြို့မဈေးရှိ ဆေးဝါးနှင့် အလှကုန်ပစ္စည်းဆိုင် ကိုးဆိုင်သို့ သွားရောက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ယခု COVID ကာလအတွင်း ဆေးဝါးများ၊ Mask နှင့် Hand gel များ ဈေးမြှင့်တင်ရောင်းချခြင်း ရှိ/ မရှိစုံစမ်းရာ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိဘဲ ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ ထို့ပြင် သနပ်ခါးအမည်ခံ အလှကုန်ပစ္စည်းများ၊ Nestle နို့မှုန့်၊ Mistine အလှကုန်ပစ္စည်းများကိုလည်း စစ်ဆေးခဲ့ပြီး မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော အာဂျီနိုမိုတို အမှတ်တံဆိပ် အချိုမှုန့်ထုပ်များကို စစ်ဆေးခဲ့ရာ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာမပါရှိသော Mistine အလှကုန်ပစ္စည်း၊ သနပ်ခါးအမည်ခံ အလှကုန်ပစ္စည်းများနှင့် အချိုမှုန့်တို့ကို တွေ့ရှိခဲ့ရသည်။ ထို့နောက် စားသုံးသူကာကွယ်ရေး ဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား အကြောင်းရှင်းပြကာ ပထမအကြိမ်အဖြစ် သတိပေးခဲ့ပြီး နောက်နောင် ထပ်မံတွေ့ရှိပါက အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြား၍ ဆိုင်ရှင်များနှင့်ပြည်သူများကို စားသုံးသူရေးရာဦးစီးဌာနက ထုတ်ပြန်ထားသော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ခင်ခန့်ခန့်ခိုင်**
**(DOCA- ဘားအံ)**

# အင်းလေးဒေသတွင် ခရမ်းချဉ်သီး အရောင်းသွက်

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသသည် ခရမ်းချဉ်သီး အများဆုံး စိုက်ပျိုးရာနေရာဖြစ်သည်။ နှစ်စဉ် အင်းလေးကန်အတွင်း ခရမ်းချဉ် စိုက်ဧက ၆၀၀၀ ခန့် စိုက်ပျိုးပြီး ဧပြီလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးထွက်ရှိသည်။

ခရမ်းချဉ်သီးစိုက်ပျိုးသော ကျေးရွာပေါင်း ၁၅ ရွာခန့်ရှိပြီး အင်းလေးဒေသမှ ခရမ်းချဉ်သီးကို မြန်မာနိုင်ငံဒေသ အနှံ့အပြားသို့ လမ်းကြောင်းအသီးသီးမှ တင်ပို့လျက်ရှိသည်။

ဧပြီနှင့် မေလအတွင်းက အင်းလေး ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁၀၀၊ ၂၀၀ ခန့်သာရှိသော်လည်း ယခုကာလသည် ဗမာခရမ်းချဉ်သီးများ ကုန်ချိန်ကာလဖြစ်နေ၍ အင်းလေးဒေသထွက် ခရမ်းချဉ်သီးမှာ တစ်ပိဿာ ကျပ် ၅၀၀ မှ ၇၀၀ အထိ ဈေးကောင်းရရှိနေ၍ ဝင်ငွေကောင်းကြောင်း ခရမ်းချဉ်သီးစိုက် တောင်သူနှင့်ပွဲရုံများမှ သိရသည်။

**စောမောင်(စားသုံးသူရေးရာဦးစီးဌာန၊ တောင်ကြီးမြို့)**

# မိုးအစေ့ထုတ်ပြောင်းများ တောင်ကြီးဈေးကွက်အတွင်း ဝင်ရောက်

တောင်ကြီးခရိုင်ဈေးကွက်များအတွင်း မိုးအစေ့ထုတ်ပြောင်း(အသစ်)များ ဝင်ရောက်လျက်ရှိသည်။ ပြောင်း(အဟောင်း)တွေကတော့ တောင်သူနှင့် ကုန်သည်များဆီမှာ ကုန်သလောက်နီးပါးဖြစ်နေပြီး အစာစပ်စက်ရုံနှင့် ကုမ္ပဏီကြီးတွေဆီမှာသာ ကျန်ရှိတော့သည်။

မိုးအစေ့ထုတ်ပြောင်းများကို တောင်ကြီး၊ ဆီဆိုင်၊ ရပ်စောက်၊ ဟိုပုံး၊ နမ့်စန်၊ ဖယ်ခုံနှင့် ပင်းတယမြို့နယ်များ၌ အများဆုံးစိုက်ပျိုးထွက်ရှိသည်။ ပြောင်းတစ်ပိဿာ(အသစ်)ရောင်းဈေးနှုန်းမှာ အစိုဒီဂရီ အနည်းအများပေါ်မှာမူတည်ပြီး ပျမ်းမျှ ကျပ် ၂၈၀ မှ ၃၀၀ ရှိခဲ့ပြီး ဈေးကွက်ဝင်ရောက်မှုနည်းပါးနေသေးသည်။ ယခုတစ်ပတ်တွင် ပြောင်းအစိုတစ်ပိဿာ ကျပ် ၃၀၀ မှ ၃၅၀၊ ပြောင်းအခြောက်တစ်ပိဿာ ကျပ် ၄၈၀ မှ ၅၀၀ ဈေးအထိရှိလာပြီး ပွဲရုံများကဝယ်ယူရရှိပြီး ပြောင်းဖူးစေ့များကို ရန်ကုန်မြို့နှင့် မန္တလေးအစာစပ်စက်ရုံများသို့ အများဆုံးတင်ပို့ကြကြောင်း သိရသည်။

**ဆောင်းစံပယ်ဖြူ**



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်ကာကွယ်ရေး အထောက်အကူပြုပစ္စည်း ရောင်းချသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး

မန္တလေးတိုင်းဒေသကြီးအတွင်း COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဈေးနှုန်းမြှင့်တင်ရောင်းချ/ဖြန့်ဖြူးခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် လက်ရှိဖြစ်ပေါ်နေသော Mask ဈေးကွက် အခြေအနေ၊ ဈေးကွက်အတွင်း ပြတ်တောက်မှုမရှိစေရေး တင်သွင်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ တာဝန်ရှိသူများနှင့် Mask တင်သွင်း ဖြန့်ဖြူးသူ၊ လက်ကား ရောင်းချသူများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စစ်ဆေးရေးမှူးများက ဈေးကွက်အတွင်း Mask ဈေးနှုန်း ကြီးမြင့်မှုနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည့် အချက်အလက်များအပေါ် ညှိနှိုင်းဆွေးနွေးခြင်း၊ ကျန်းမာကောင်းမွန်သော ပတ်ဝန်းကျင်ကောင်း ဖြစ်ပေါ်လာစေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေရန် တိုက်တွန်းဆွေးနွေး၍ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ ဆောင်ရန်/ရှောင်ရန်များကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

တက်ရောက်လာသော Mask တင်သွင်းဖြန့်ဖြူးသူ၊ လက်ကားရောင်းချသူများကလည်း ဖြစ်ပေါ်နေသည့် အခက်အခဲများ၊ အကြံပြုချက်များကို တင်ပြဆွေးနွေးခြင်း၊ ဈေးကွက်အတွင်း Mask & Hand Gel များနှင့်ပတ်သက်၍ ထူးခြားမှုတစ်စုံတစ်ရာ တွေ့ရှိပါက ဌာနသို့ Mail, Viber, Messenger, Phone များမှတစ်ဆင့် သတင်းပေးပို့နိုင်ကြောင်း မှာကြားခဲ့သည်။

**နေခြည်ဦး**


AG GLOBAL COMMERCIAL
TRUCK & SPARE PARTS SALE CENTER
Aung Gyi
B.M.STAFFORD
ဥရောပမှတိုက်ရိုက်တင်သွင်းရောင်းချပေးနေပါပြီခင်ဗျာ
မိတ်ဟောင်းမိတ်သစ်များ Customer များကိုကြိုဆိုလျက်ပါခင်ဗျာ
AG Europe Truck Sale Centre & Spareparts Sale Centre
IVECO
VOLVO
SCANIA
DAF
MAN
No.(277), No,3 Main Road, NayKyar Street, Mingalardon Township, Yangon 11021, Myanmar.
Ph : 09 964513098, 09 777500298, 09 764513098. Website : www.aunggyitrucksale.com.


GD GUARDIAN Co., Ltd
YOUR TRUSTED SUPPLIER
CCTV, Network & ELV solution
alhua TECHNOLOGY
Ruijie | Reyee
Redefine your easy network
Cloud Make Your Business Easy
ASENWARE is the fire alarm system and fire suppression system manufacturer and whole fire safety solution provider since 2005.
GPS tracking
alhua Ruijie SANGFOR ASENWARE Concox
bittel itC EAST Inrico
Yangon Office :
Address : No.(35), Mawtin Lanthit Street, Lanmadaw Township Yangon.
09 792000518, 09 792000578
Mandalay Office :
Address : No.(563), Corner of 38 & 81 Street, Mahar Aung Myae Township, Mandalay.
09 791234888, 09 43100152


MMM
Car Sales Center
အမှတ် - ၁၉/၂၀၊ ဗဟိုလမ်းမကြီး၊ နာနတ်တောခုံးကျော်တံတားနှင့် လှည်းတန်းခုံးကျော်တံတားကြား၊
(၇) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကားဈေးနှုန်းများနှင့် ဝန်ဆောင်မှုများကို ဖုန်း – ၀၉ ၇၉၇၉ ၈၅၈၅၉၊ ၀၉ ၄၄၂ ၈၅၈၅၈၅ သို့
ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

COMMERCE INTERNATIONAL

# ထိုင်းအဲလ်ဝေးက အာရှ၊ ဥရောပခရီးစဉ်များ ပြေးဆွဲမည်

ထိုင်းနိုင်ငံတွင် ပိတ်မိနေသော နိုင်ငံသားများ နေရပ်ပြန်နိုင်ရန်နှင့် ပြည်ပရောက် နိုင်ငံသားများ အိမ်ပြန်နိုင်ရန် ထိုင်းအဲလ်ဝေး အင်တာနေရှင်နယ်က ယခုလတွင် ဥရောပနှင့် အာရှမြို့များသို့ အထူးခရီးစဉ် ၁၈ ဖြင့်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဘန်ကောက်ပို့စ်သတင်းတွင်ဖော်ပြသည်။

အထူးခရီးစဉ်များဖြင့် ပိတ်မိနေသော ကျောင်းသားများ၊ လုပ်ငန်းဖြင့် ခရီးသွားနေသူများနှင့် နိုင်ငံခြားသားခရီးသွားများကို ဥရောပမြို့ငါးမြို့နှင့် အာရှမြို့နှစ်မြို့သို့ ပို့ဆောင်ပေးရန်ဖြစ်ကြောင်း ကုမ္ပဏီအမှုဆောင် ဒုတိယဥက္ကဋ္ဌ ဝီဝတ်ပီယာဝီရော့ကပြောသည်။

ဥရောပခရီးစဉ်များအနက် စက်တင်ဘာ ၁၁ ရက်တွင် ဂျာမနီနိုင်ငံ မြူးနစ်မှ ခရီးစဉ်တစ်ခုနှင့် စက်တင်ဘာ ၁၈ ရက်နှင့် ၃၀ ရက်များတွင် ဖရန့်ဖတ်သို့ ခရီးစဉ်နှစ်ခုတို့ပါဝင်သည်။ထို့ပြင် လန်ဒန်မြို့သို့ စက်တင်ဘာ ၁၃ ရက်၊ ၂၀ ရက်နှင့် ၂၇ ရက်တို့တွင် ခရီးစဉ် သုံးခု၊ စက်တင်ဘာ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် ပဲရစ်သို့ခရီးစဉ်နှစ်ခုနှင့် စက်တင်ဘာ ၁၃ ရက်နှင့် ၂၇ ရက်တို့တွင် ကိုပင်ဟေဂင်သို့ ခရီးစဉ်နှစ်ခုတို့ကို ပြေးဆွဲမည်ဖြစ်သည်။

အာရှခရီးစဉ်များတွင် စက်တင်ဘာ ၄ ရက်၊ ၁၀ရက်၊ ၁၈ ရက်နှင့် ၂၅ ရက်တို့တွင် တရုတ်တိုင်ပေသို့ ခရီးစဉ်လေးခု၊ စက်တင်ဘာ ၉ ရက်၊ ၁၆ ရက်၊ ၂၃ ရက်နှင့် ၃၀ ရက်တို့တွင် ဟောင်ကောင်သို့ ခရီးစဉ်လေးခုတို့ ပါဝင်သည်။ လက်မှတ်များကို တစ်ကြောင်းသွားအဖြစ် အကန့်အသတ်ဖြင့် ရနိုင်မည်ဖြစ်ကြောင်း သိရသည်။




# ဗီယက်နမ် လယ်သမားများက ကုန်ပစ္စည်းများကို အွန်လိုင်းမှတစ်ဆင့် စားသုံးသူထံ တိုက်ရိုက်ရောင်းချ

ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း ဖေ့စ်ဘွတ်ခ်ကဲ့သို့သော အွန်လိုင်းချန်နယ်များကို အသုံးပြုလျက် ဗီယက်နမ် တောင်သူလယ်သမားများက မိမိတို့ထုတ်ကုန်များကို စားသုံးသူများအား တိုက်ရိုက်အောင်မြင်စွာရောင်းချခဲ့ကြောင်း ဗီယက်နမ်နယူးအေဂျင်စီ သတင်းတွင် ဖော်ပြသည်။

သူ၏မိဘများ လယ်ယာတွင် ကူညီဆောင်ရွက်နေစဉ်ကာလအတွင်း ကုန်သည်များက မကြာခဏ ဈေးနှိမ်ဝယ်ယူနေသည်ကို သတိထားမိခဲ့ကြောင်း လမ်ဒေါင်ပြည်နယ်မှ အမျိုးသမီးတစ်ဦးဖြစ်သူ ငေါ့သိုင်က ပြောသည်။ ထို့ကြောင့် သူတို့ထုတ်ကုန်များကိုအွန်လိုင်းမှ ရောင်းချရန်နှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကို စားသုံးသူများအတွက် ဆောင်ရွက်ပေးရန် ဆုံးဖြတ်ခဲ့သည်။

စားသုံးမည့်သူများ၏ ယုံကြည်မှုကို ရယူနိုင်ရန်အတွက် စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်နှင့် ထုပ်ပိုးမှုအဆင့်ဆင့်ကို အွန်လိုင်းဗီဒီယိုများဖြင့် တိုက်ရိုက်ထုတ်လွှင့်ပေးသည်။

သူထံမှ ထုတ်ကုန်များကို ဓာတုပစ္စည်းများ ပါရှိမည်ကို စိုးရိမ်စရာမလိုဘဲ ဝယ်စားနိုင်ကြောင်းနှင့် သူ့မိသားစုအနေဖြင့် အများပြည်သူဈေးများတွင် ဝယ်ယူခြင်းထက် အချိန်ကုန်သက်သာကြောင်း သိုင်၏ဖေ့စ်ဘွတ်ခ်ပေ့ချ်မှ ပစ္စည်းဝယ်လေ့ရှိသူ ငုယင်မန်းတန်ကပြောသည်။

ဗိုင်းရပ်စ်ကပ်ရောဂါ ကာလအတွင်း သူ့ကြက်များကို ဝယ်မည့်သူမရှိသဖြင့် ရောင်းချနိုင်ရေးအတွက် စောစောပိုင်းက အလူးအလဲ ရုန်းကန်ဆောင်ရွက်ခဲ့ရသဖြင့် အရောင်းမြှင့်တင်နိုင်ရေးအတွက် ငုယင်ဒီယူလင်း နောက်ပိုင်းတွင် ဖေ့စ်ဘွတ်ခ်မှ အရောင်းမြှင့်တင်ရန်ဆုံးဖြတ်ခဲ့သည်။

ယခုအချိန်တွင်တစ်ဦးချင်းဝယ်သူများနှင့် စားသောက်ဆိုင်များမှ အမှာစာများကို ပိုမိုလက်ခံရရှိလာကြသည့်အတွက် အနာဂတ်တွင် အွန်လိုင်းမှ ရောင်းချရန် အလေးပေးဆောင်ရွက်လာသည်။

# နိုင်ငံခြား ဘဏ္ဍာရေး လုပ်ငန်းများကို ဆွဲဆောင်ရန် ဂျပန်နိုင်ငံ စဉ်းစားနေ

ကမ္ဘာ့ဘဏ္ဍာရေး အချက်အချာနေရာအဖြစ် ရပ်တည်နိုင်ရန် ကြိုးစားသည့်အနေဖြင့် နိုင်ငံခြားမှ ဘဏ္ဍာရေးလုပ်ငန်းများနှင့် ကျွမ်းကျင်လုပ်သားများကို ဆွဲဆောင်ရန် ဂျပန်နိုင်ငံက အခွန်ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်ရန် စဉ်းစားနေသည်ဟု ဘဏ္ဍာရေးလုပ်ငန်းအေဂျင်စီ၏ နှစ်ပတ်လည်မူဝါဒ လမ်းညွှန်ချက်များတွင် ဖော်ပြထားကြောင်း ဂျပန်တူဒေးသတင်းတွင် ဖော်ပြသည်။

နိုင်ငံခြားပညာရှင်များကို ဆွဲဆောင်ရန် နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့သော်လည်း အခွန်နှုန်းမြင့်တက်မှုနှင့် လုပ်ငန်းခွင်တွင် အင်္ဂလိပ်ဘာသာစကားပြောတတ်သူ ရှားပါးခြင်းအပါအဝင် ပြဿနာများကို ဂျပန်နိုင်ငံက ဖြေရှင်းရန်လိုနေကြောင်း ကျွမ်းကျင်သူတို့က ပြောသည်။

'နိုင်ငံခြားဘဏ္ဍာရေးလုပ်ငန်းတွေကို ဆွဲဆောင်နိုင်အောင် လုပ်ငန်းခွင်အခြေအနေ တိုးတက်ဖို့ဆိုရင် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ အခွန်ပြုပြင်ပြောင်းလဲရေးနဲ့ ဘတ်ဂျက်အစီအမံစတဲ့ကိစ္စတွေကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားရပါလိမ့်မယ်'ဟု မူဝါဒလမ်းညွှန်တွင် ဖော်ပြထားသည်။ သို့သော် ပြောင်းလဲမှုများကို မည်သည့်အချိန်တွင် ပြုလုပ်မည်ဟု အကျယ်တဝင့်ရှင်းပြမထားပေ။

ဂျပန်အာဏာရပါတီက ဗီဇာအထောက်အပံ့ကိုအဆိုပြုထားပြီး ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေးလိုင်စင်များကို ချထားပေးသော်လည်း အခွန်ပြုပြင်ပြောင်းလဲရေး စီမံကိန်းများကို ဖော်ပြထားခြင်းမရှိပေ။

ဘဏ္ဍာရေးကဏ္ဍနှင့် အခြားသော အထူးပြုနယ်ပယ်များတွင် ဆောင်ရွက်နေသော ဟောင်ကောင်သားများကို ဂျပန်နိုင်ငံက ဆွဲဆောင်နိုင်အောင် ကြိုးစားသင့်ကြောင်း ရာထူးကနုတ်ထွက်တော့မည်ဟု ယခင်သီတင်းပတ်က ပြောထားသော ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အကြံပြုထားသည်။

# S Pass အရည်အသွေးမီ လစာသတ်မှတ်ချက် မြင့်တက်မှုကို စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များစိုးရိမ်

S Pass ကိုင်ဆောင်သူများ၏ အရည်အသွေးမီ လစာသတ်မှတ်ချက် ထပ်မံ မြှင့်တင်လိုက်သည့်အတွက် အချို့လုပ်ငန်းများရှိ စီးပွားရေးလုပ်ငန်းများတွင် စိုးရိမ်မှုများရှိနေပြီး အချို့သော ရာထူးများအတွက် စင်ကာပူနိုင်ငံသားများကို ခန့်ထားရန် အခက်အခဲရှိသဖြင့် နိုင်ငံခြားသားများကို ခန့်ထားရန်မှအပ အခြားနည်းလမ်းမရှိဟု သူတို့ကပြောကြောင်း စီအင်န်အေ သတင်းတွင်ဖော်ပြသည်။

နိုင်ငံခြားသားများ၏ ယှဉ်ပြိုင်မှုကြောင့်မဟုတ်ဘဲ အချို့သောလုပ်ငန်းများကို အချို့ဒေသခံတို့က လုပ်ကိုင်လိုစိတ်နည်းကြောင်းနှင့် S Passအနိမ့်ဆုံးလစာတိုးမြှင့်မှုကြောင့် လက်ရှိစီးပွားရေးအခြေအနေတွင် ရုန်းကန်နေရသော စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို မြင့်တက်စေကြောင်း ကုမ္ပဏီများက စီအင်န်အေသတင်းဌာနကို ပြောသည်။

အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်း၊ လက်လီရောင်းချရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ကဲ့သို့သော စီးပွားရေးလုပ်ငန်းများတွင် စင်ကာပူနိုင်ငံသားများကို ဆွဲဆောင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများ လုပ်ရန်လိုကြောင်း အချို့က ပြောသည်။

အလယ်အလတ်အဆင့် ကျွမ်းကျင်ဝန်ထမ်းများဖြစ်သော S Pass များအတွက် အရည်အသွေး သတ်မှတ်ချက်ကို စင်ကာပူဒေါ်လာ ၁၀၀ ထပ်မံမြှင့်တင်ပြီး အောက်တိုဘာလမှစ၍ စင်ကာပူဒေါ်လာ ၂၅၀၀ သတ်မှတ်ပါမည်။ ယခုကဲ့သို့မြှင့်တင်ခြင်းမှာ ဒုတိယအကြိမ်မြောက် မြှင့်တင်ခြင်းဖြစ်သည်။

အောက်တိုဘာလမှစ၍ S Pass အလုပ်အကိုင်များကို တရားမျှတသော စဉ်းစားမှု မူဘောင် Fair Consideration Framework အရ ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်ရှာဖွေသူများ သိရှိနိုင်ရေးအတွက် အောက်တိုဘာလမှစ၍ ကြော်ငြာဖြင့်ခေါ်ယူရန်လိုသည်။

လုပ်ငန်းရှင်များသည် ယခင်က အလုပ်ကြော်ငြာများကို ၁၄ ရက် ကြိုတင်ကြော်ငြာသည်။ ယခုအခါ အနည်းဆုံး ၂၈ ရက် ကြိုတင်ကြော်ငြာပေးရန်လိုအပ်သည်။

နိုင်ငံခြားသား ပညာရှင်များ၊ မန်နေဂျာများနှင့် အမှုဆောင်အရာရှိများဖြစ်သော Employment Pass ကိုင်ဆောင်ထားသူများအတွက် လစာအရည်အချင်း အနိမ့်ဆုံး သတ်မှတ်ချက်ကိုလည်း လူအင်အားဝန်ကြီးဌာနက တိုးမြှင့်ကြေညာခဲ့သည်။

စံမီအောင် စုစည်းသည်

Don't be drastic, Say "no" to plastic
ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။